# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၀)၊ အမှတ် (၀၂၅)


## နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ်( ၁၉၉ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်

( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၄ ရက် )

နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပမည့် မြို့နယ်အားလုံးတွင် ရွေးကောက်ပွဲများ တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသဖြင့် မဲဆန္ဒရှင်အားလုံးသည် သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်အညီ ဆန္ဒမဲပေးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးရန် လိုအပ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခြင်းကို ရက်ပေါင်း ၆၀ **(၈–၉–၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆–၁၁–၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအထိ)** ခွင့်ပြုကြောင်း ကြေညာချက်အမှတ် (၁၇၃/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ မဲဆွယ်စည်းရုံးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်သည့် မဲဆွယ်စည်းရုံးရေးဆိုင်ရာ ညွှန်ကြားချက်များ၊ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်၊ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure –SOP)၊ သက်ဆိုင်ရာက အချိန်ကာလ/ နေရာ ဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာအမိန့်များ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကလည်း ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်း၊ မဲဆွယ်စည်းရုံးခြင်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (SOP) နှင့်အညီ နေရာအနေအထား၊ အကျယ်အဝန်းပေါ် မူတည်၍ တစ်ကြိမ်လျှင် လူ ၅၀ ဦးထက် မပိုစေဘဲ လူတစ်ဦးနှင့်တစ်ဦး ရှေ့၊ နောက်၊ ဝဲ၊ ယာ အနည်းဆုံး ၆ ပေစီကွာလျက် နေရာချထားရန်၊ နေရာအကျယ်အဝန်းကို အခြေခံအားဖြင့် လူတစ်ဦးအတွက် ၃၆ စတုရန်းပေနှုန်းဖြင့်

*စာမျက်နှာ ၄ ကော်လံ ၅* ◆

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် ထပ်မံရောက်ရှိ




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အောက်တိုဘာ ၂၄ ရက်က ထပ်မံရောက်ရှိလာစဉ်။ သတင်းစဉ်

**ရန်ကုန် အောက်တိုဘာ ၂၄**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တို့သို့ အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိကြသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ KY 3147 (KMG – RGN) Cargo လေယာဉ်သည် အောက်တိုဘာ ၂၃ ရက် ည ၁၁ နာရီ ၁၅ မိနစ်တွင် လည်းကောင်း၊ 8M791 (KMG – RGN) Cargo လေယာဉ်သည် ယနေ့ နံနက် ၄ နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ KY3143 (KMG – RGN) Cargo လေယာဉ်သည် နံနက် ၅ နာရီ

*စာမျက်နှာ ၅ ကော်လံ ၁* ❑

ရာပြည့်ရန်ကုန်တက္ကသိုလ်နှင့် အမျိုးသားအောင်ပွဲနေ့

ဆောင်းပါး- စာ - ၆

အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် ပထမဆုံးအကြိမ် သမိုင်းဝင်ကြိုတင်မဲပေးမှုစတင်

နိုင်ငံတကာ - စာ - ၁၃

# ကိုဗစ်အန္တရာယ်နှင့် ရန်ကုန်

ရန်ကုန်မြို့၏ ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုအခြေအနေ အနိမ့်အမြင့် အတက်အကျဇယားကို နိုင်ငံအဝန်းက ရင်ခုန်စိတ်လှုပ်ရှားစွာ စောင့်ကြည့်နေကြပါသည်။ ရန်ကုန်က မြန်မာနိုင်ငံ၏ ဗဟိုချက်ကဲ့သို့ဖြစ်နေပြီး အရေးအကြောင်းကြီးငယ်ပေါ်လျှင် အဓိကကျသော ကျန်းမာရေးအစောင့်အရှောက်ကလည်း အခြားဒေသတို့နှင့် နှိုင်းစာလျှင် ပို၍ စုံစုံလင်လင်ရှိ၏။

ထို့ပြင် အားကိုးရသော ကျန်းမာရေးအထောက်အပံ့များက အတော်အတန် ပြည့်စုံခြင်းကလည်းတစ်ကြောင်း ဖြစ်ပါ၏။ ထို့ပြင် ရန်ကုန်မြို့တွင် နယ်အသီးသီးက လူအထွေထွေနေထိုင်ကြ၏။ ယာယီလာရောက်နေကြသူ အများအပြားရှိသကဲ့သို့ အခြေချနေထိုင်သူတို့ကလည်း အမြောက်အမြားဖြစ်၏။ ထို့ကြောင့် မြန်မာတစ်နိုင်ငံလုံး၏ ဆုံမှတ်သဖွယ်ဖြစ်နေပေရာ အားလုံးက သတိကြီးစွာ စောင့်ကြည့်နေရ၏။ ရောဂါပိုး ကူးစက်ပြန့်ပွားမှုကို ရန်ကုန်မြို့က ထိထိရောက်ရောက် နိုင်နိုင်နင်းနင်း ထိန်းချုပ်နိုင်ရေးသည် တစ်နိုင်ငံလုံးအတွက် အရေးပါသည်ဟု ခံစားနားလည်မိကြခြင်းကလည်းတစ်ကြောင်း ဖြစ်ပါမည်။

လွန်ခဲ့သော ဩဂုတ်လကုန် စက်တင်ဘာလဆန်းတွင် ကိုဗစ်- ၁၉ ဒုတိယလှိုင်း ရန်ကုန်မြို့သို့ အရှိန်ဖြင့် ဝင်လာစဉ်က စတင်ကာ ကိုဗစ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုမှာ ရုတ်တရက်ဆိုသလို တစ်ဟုန်ထိုးမြင့်မားသွားခဲ့သည်။ ရောဂါပိုးရှိသည်ဟု ခွဲခြားအတည်ပြုလူနာအရေအတွက်ဇယားသည် တရိပ်ရိပ်မြင့်တက်လာခဲ့သည်။ ယင်းကို ချက်ချင်းပြန်လည်ခုခံကာကွယ်နိုင်ရေး နည်းလမ်းစုံကို ချမှတ်ပြဋ္ဌာန်းကာ ရောဂါပိုးပျံ့နှံ့မှုကို ကာကွယ်နိုင်ရန်၊ ထိန်းချုပ်နိုင်ရန်နှင့် တစ်ပြိုင်နက်တည်းတွင် ရောဂါဖြစ်ပွားဝေဒနာခံစားနေရသူများ သက်သာပျောက်ကင်းအောင်ကုသရန်တို့ကို ကြိုးစားခဲ့ကြရပါသည်။

အဆိုပါ ရောဂါပိုးပြန့်ပွားမှုကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေးတို့တွင် ကျန်းမာရေးဆိုင်ရာ နားလည်တတ်ကျွမ်းသူ ပညာရှင်များ၊ အရေးပေါ်အခြေအနေကို စီမံခန့်ခွဲနိုင်သူများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတကူညီလုပ်ကိုင်နေကြသည့် စေတနာ့ဝန်ထမ်းများ၊ ငွေကြေးလှူဒါန်းသူ၊ ရေ၊ အစားအသောက်၊ ဆေးဝါးနှင့် ရောဂါပိုးကာကွယ်ရေးဆိုင်ရာ အထွေထွေလိုအပ်ချက်များကို လှူဒါန်းသူပြည်သူအစိတ်အပိုင်းအသီးသီး၏ တစုတစည်း တညီတညွတ်တည်း ဝိုင်းဝန်းကြမှုက များစွာအရေးပါခဲ့ပါသည်။

ယနေ့ ရန်ကုန်မြို့၏ အခြေအနေက ထိန်းချုပ်နိုင်ပြီဟု ကြွေးကြော် လက်မထောင်နိုင်မည့် အနေအထားမဟုတ်သေး။ တရိပ်ရိပ်တက်လာမှု တန့်သွားသည်ဟုမူ ဆိုနိုင်ပါသည်။ အရှိန်ပြင်းပြင်းဖြင့် ကူးစက်မှုနှုန်းတက်နေရာက ယခုအခါ ထိန်းချုပ်နိုင်ခြေရှိသည့် လမ်းကြောင်းဘက်ဆီသို့ ဝင်ရောက်လာသည့် တူရူကို တွေ့ရပါသည်။

တစ်ဟုန်ထိုးတိုးလာသည့် ရောဂါပိုးကူးစက်ခံရသောသူ အရေအတွက်သည် အမြင့်ဆုံးထိုးတက်နေရာမှ တဖြည်းဖြည်းချင်း တန့်ရပ်လာသည်ကို တွေ့ရပါသည်။ လုံးဝ ကျဆင်းလာခြင်းမျိုး မဟုတ်ဘဲ၊ ဆင်းလာလိုက် အနည်းငယ်ပြန်တက်လိုက်၊ ထို့နောက် ပြန်ဆင်းလာလိုက် ဆိုသည့်ပုံစံကို မြင်ရပါသည်။ တန့်ရပ်သည်ဟု ဆိုသော်လည်း ပိုးပြန့်ပွားမှုက အတိုးအဆုတ်နှင့် ရှိနေသေးသည်ဖြစ်ရာ အစွမ်းကုန် သတိထားနေထိုင်ကြရန် လိုအပ်သည်မှာ အမှန်ဖြစ်ပါသည်။

ရောဂါပိုးပြန့်ပွားမှုကို လုံးဝပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်ရေးအတွက် အားလုံးဆက်လက်အားထုတ်ကြရပါဦးမည်။ စီမံခန့်ခွဲနေသူများ၊ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ဦးဆောင်ကြိုးစားနေကြသည်နှင့် အပြိုင် ပြည်သူလူထုကလည်း မိမိတို့၏ စည်းကမ်းလိုက်နာမှု၊ အသိနှင့် သတိကြီးမှုတို့ဖြင့် ဝိုင်းကြ၊ ဝန်းကြရန်လိုပါသည်။

ကိုဗစ်ရောဂါပိုးပြန့်ပွားမှုသည် လူစုလူဝေးက အများဆုံးဖြစ်ကြောင်း တစ်ကမ္ဘာလုံးက ပညာရှင်များက အတည်ပြုပြောကြားခဲ့ပြီးဖြစ်သည်။ မိမိတို့ မြန်မာနိုင်ငံသားတို့သည် လူစုလူဝေးမဖြစ်အောင် နေထိုင်ကြရုံမျှဖြင့် ရောဂါပိုးပြန့်ပွားမှုကို များစွာ ကာကွယ်နိုင်မည်ဆိုခြင်းကို အလေးအနက်ပြုကြရန် လိုပါသည်။ထို့နည်းတူ ပြည်သူတစ်ဦးချင်းအနေဖြင့် စနစ်တကျဖြင့် မကြာခဏလက်ဆေးခြင်း၊ အိမ်တွင်းမှာသာ နေထိုင်ခြင်း၊ အပြင်သို့ မဖြစ်မနေထွက်ရမည်ဆိုလျှင်လည်း နှာခေါင်းစည်း မျက်နှာဖုံးတို့ကို ဝတ်ဆင်ခြင်း၊ လူတစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေခွာကာ စကားပြောဆိုဆက်ဆံခြင်းစသည့် အခြေခံရောဂါပိုးထိန်းချုပ်ကာကွယ်ရေးစည်းမျဉ်းတို့ကို စောင့်ထိန်းလိုက်နာခြင်းဖြင့် မကြာမီကာလတွင် ရောဂါပိုးပြန့်ပွားမှုကို ထိန်းချုပ်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။ အဆိုပါ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်ကြီး၏ သမိုင်းအစဉ်အလာ ကြီးမားခဲ့မှုများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများနှင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်များနှင့်အညီ ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှု များအားလည်းကောင်း၊ နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော တက္ကသိုလ်ကြီးတစ်ခု ပေါ်ပေါက်လာစေရန်နှင့် လူ့အဖွဲ့အစည်းနှင့်ကမ္ဘာကြီးကို အကျိုးပြုနိုင်သော စွမ်းဆောင်ရည်ပြည့်ဝသည့် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကြီးတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရန် ကြိုးပမ်းဆောင်ရွက်နေမှုများအားလည်းကောင်း ဖော်ညွှန်းရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ဆောင်းပါးပြိုင်ပွဲ**

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။ ဆောင်းပါးပြိုင်ပွဲကို **"ရာပြည့်တက္ကသိုလ်မြကျွန်းညို"** ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံနှိပ်ဖော်ပြခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ ယှဉ်ပြိုင်ရပါမည်။

**ကဗျာ၊ ဝတ္ထုတိုပြိုင်ပွဲ**

ကဗျာနှင့် ဝတ္ထုတိုပြိုင်ပွဲသို့ နှစ်သက်ရာ ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ကဗျာပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၁ မျက်နှာမှ ၂ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း၊ ဝတ္ထုတို ပြိုင်ပွဲသို့ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိသေးသည့် စာမူအား A4 စာရွက်ဖြင့် စာမျက်နှာ ၅ မျက်နှာမှ ၇ မျက်နှာအထိ ကွန်ပျူတာစာစီ၍ လည်းကောင်း ပေးပို့ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက် ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆောင်းပါးများကို နိုဝင်ဘာလ (၁၆) ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

**သတင်းစဉ်**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ COVID-19 ရောဂါကုသရန် သွေးရည်ကြည်အလှူရှင်များဖိတ်ခေါ်ခြင်း

❖ COVID-19 ရောဂါပိုးကူးစက်ခံရပြီး ရောဂါပျောက်ကင်းသူများ၏ သွေးရည်ကြည်ထဲတွင် ကိုရိုနာဗိုင်းရပ်(စ်)ပိုး (severe acute respiratory syndrome coronavirus 2– SARS–CoV–2) ကို ခုခံကာကွယ်နိုင်သော ပဋိပစ္စည်း ( Antibody) များ ကျန်ရစ်သည့် ၎င်းတို့၏ သွေးရည်ကြည် (Convalescence Plasma) အား အသုံးပြု၍ COVID–19 ရောဂါပြင်းထန်သောလူနာများကို ကုသရာတွင် ရောဂါသက်သာ ပျောက်ကင်းရန် အထောက်အကူပြုကြောင်း တွေ့ရှိရပါသည်။

❖ ကိုရိုနာဗိုင်းရပ်(စ်)ပိုး (SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်တိတိ ပကတိ ပြန်လည်နေထိုင်ကောင်းလာသူများအနေနှင့် ၎င်းတို့၏ သွေးရည်ကြည်ကို လှူဒါန်းခြင်းဖြင့် ကိုဗစ်ရောဂါ ပြင်းထန်စွာ ခံစားနေသော လူနာများ၏အသက်ကို ကယ်တင်ပေးနိုင်မည်ဖြစ်သည်။

❖ သွေးရည်ကြည်အလှူရှင်ထံမှ သွေးရည်ကြည်ထုတ်ယူရာတွင် ယခုအခါ သွေးရည်ကြည်ထုတ်စက် (Apheresis machine) ကို အသုံးပြု၍ သွေးရည်ကြည် (၄၀၀) စီစီမှ (၆၀၀)စီစီအထိ ထုတ်ယူနိုင်၍ လူနာ(၂)ဦးမှ (၃)ဦးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ သွေးရည်ကြည်လှူဒါန်းရာတွင် အလှူရှင်၏ သွေးနီဥများကို အလှူရှင်၏ ကိုယ်ခန္ဓာတွင်းသို့ စက်မှတစ်ဆင့် ပြန်လည်သွင်းပေးခြင်းဖြင့် သွေးရည်ကြည် အလှူရှင်မှာ သွေးအား လျော့နည်းသွားခြင်းမရှိပါ။

❖ ဤကဲ့သို့ သွေးရည်ကြည်လှူဒါန်းခြင်းကို (၂)ပတ်မှ (၄)ပတ် တစ်ကြိမ် (၃)ကြိမ်ထိ လှူဒါန်းနိုင်၍ သွေးရည်ကြည်လှူဒါန်းသူတစ်ဦးမှ တစ်ဦးထက်မကသော ကိုဗစ် လူနာအသက်များကို ကယ်တင်နိုင်မည်ဖြစ်ပါသည်။

❖ သွေးရည်ကြည်အလှူရှင်သည် ကိုရိုနာဗိုင်းရပ်(စ်)ပိုး ( SARS–CoV–2) ကူးစက်ခံရပြီး (၂၈) ရက်ထက်မနည်း နေကောင်းနေသူ ဖြစ်ရပါမည်။ အသက်(၁၈)နှစ်မှ (၆၀)နှစ် ရှိရမည်။ ကိုယ်အလေးချိန် ပေါင် ၁၂၀ (ကျား) နှင့် ပေါင် ၁၁၀ (မ) အနည်းဆုံးရှိရပါမည်။ ကျန်းမာနေကောင်းရမည်။ သာမန်သွေးလှူရှင်များ၏ ကျန်းမာရေးကို မထိခိုက်စေရန် ဆောင်ရွက်သော စည်းကမ်းများအတိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ သွေးရည်ကြည်မလှူဒါန်းမီ ကျန်းမာရေးစစ်ဆေးပေးမည်ဖြစ်သည်။

❖ အမျိုးသားသွေးဌာနမှ COVID–19 ရောဂါမှ ပြန်လည်ကောင်းမွန်သူများ၏ သွေးရည်ကြည် စုဆောင်းသည့်လုပ်ငန်းကို ဆောင်ရွက်နေပြီး ရန်ကုန်မြို့၊ ဦးဝိစာရလမ်း၊ ဇီဝကလမ်းခွဲရှိ ဆေးသုတေသနဦးစီးဌာနတွင် သွေးရည်ကြည် လှူဒါန်းနိုင်ရန် သီးသန့်အခန်း ဖွင့်လှစ်ထားပါသည်။ COVID–19 ရောဂါ ပြင်းထန်သောလူနာများ၏ အသက်ကို ကယ်တင်နိုင်ရန် စေတနာရှင် သွေးရည်ကြည်အလှူရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

❖ သွေးရည်ကြည်လှူဒါန်းရန် အောက်ပါဖုန်းနံပါတ်နှင့် Website တို့ကို ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

- ၀၉-၅၁၃၀၄၁၈
- ၀၉-၅၄၀၂၀၉၈
- ၀၉-၉၆၅၁၃၀၄၁၈
- www.donatebloodmyanmar.org

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ကိုဗစ်-၁၉ ရောဂါကုသရေးဌာနများနှင့် လူမှုကူညီရေးအသင်းတို့အတွက် နံနက်စာ၊ နေ့လယ်စာနှင့် သောက်ရေသန့်များကို MPRL E & P လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၂၄**

ကိုဗစ်- ၁၉ ကူးစက်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအား အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ MPRL E & P ကုမ္ပဏီသည် အောက်တိုဘာ ၁၅ ရက်နှင့် ၁၈ ရက်တို့တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း)၊ ရွှေပြည်သာမြို့နယ် ကိုဗစ်- ၁၉ တုံ့ပြန်ရေးနှင့် အရေးပေါ် ကာကွယ်တားဆီးရေးကော်မတီနှင့် ရွှေကြာလူမှုကူညီရေးအသင်းတို့သို့ နံနက်စာ၊ နေ့လယ်စာနှင့် သောက်ရေသန့်များကို ပေးအပ်လှူဒါန်းသည်။

ယင်းသို့ လှူဒါန်းရာတွင် ရက် ၃၀ စာ လူ ၁၀၀ အတွက် နံနက်စာနှင့် လူ ၆၀ အတွက် နေ့လယ်စာတို့ကို ရန်ကုန်ဆေးရုံကြီးသို့လည်းကောင်း၊ ရက် ၃၀ စာ လူ ၁၀၀ အတွက် နံနက်စာကို ပြည်သူ့ဆေးရုံကြီး (ရန်ကုန်အနောက်ပိုင်း) သို့ လည်းကောင်း၊ ရက် ၃၀ စာ နေ့လယ်စာကို ရွှေပြည်သာမြို့နယ် ကိုဗစ်- ၁၉ တုံ့ပြန်ရေးနှင့် အရေးပေါ်ကာကွယ်တားဆီးရေးကော်မတီသို့ လည်းကောင်း၊ ရန်ကုန်ဆေးရုံကြီးနှင့် ရွှေကြာလူမှုကူညီရေးအသင်းတို့အတွက် ရေသန့်ကတ် ၁၀၀ စီကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းသည်။

MPRL E & P သည် ယခုနှစ် ဧပြီလနှင့် မေလတို့တွင် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာများအတွက်လည်း နံနက်စာ၊ နေ့လယ်စာနှင့် ညစာတို့ကို လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ လေ့လာနိုင်ကြောင်းအသိပေးကြေညာခြင်း

အောက်တိုဘာလ ၂၄ ရက်

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်အတွင်း ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် **၆-၁၁-၂၀၂၀ ရက်နေ့နှင့် ၇-၁၁-၂၀၂၀ ရက်နေ့**များတွင်ကြိုတင်ဆန္ဒမဲပေးကြမည်ဖြစ်ပါသည်။

၂။ ထို့အတူ ခရီးအလှမ်းဝေးကွာသောဒေသများရှိ မဲဆန္ဒနယ်အတွင်း ဆေးရုံတက်ရောက်နေရသူများ၊ အချုပ်ခံနေရသူများနှင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ နိုင်ငံတော်တာဝန်များဖြင့် ခရီးဝေးသွားလာရန်ရှိသော အောက်ဖော်ပြပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၇-၁၁-၂၀၂၀ ရက်နေ့**အထိ ကြိုတင်ဆန္ဒမဲပေးကြမည် ဖြစ်ပါသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊

(ခ) တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊

(ဂ) တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များ၊

(ဃ) ရွေးကောက်ပွဲတာဝန် ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်တကယ်လိုအပ်သူများ။

၃။ ထို့အပြင် ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေများအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အထူးကိစ္စရပ်များအနေဖြင့် ကြေညာချက်ထုတ်ပြန်၍ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုထားသော အောက်ပါမဲဆန္ဒရှင်များသည် **၂၅-၁၀-၂၀၂၀ ရက်နေ့မှ ၇-၁၁-၂၀၂၀ ရက်နေ့**အတွင်း သက်ဆိုင်ရာ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများက သတ်မှတ်သည့် နေ့ရက်၊ အချိန်နှင့် နေရာများအတိုင်း ကြိုတင်ဆန္ဒမဲများ ပေးကြမည် ဖြစ်ပါသည်-

(က) မိမိနေရပ်သို့ ပြန်လည်၍ ဆန္ဒမဲမပေးနိုင်သူများ၊

(ခ) Stay at Home အဖြစ် သတ်မှတ်ထားသော မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ် (၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ နှင့်အထက်) တွင် နေထိုင်သော အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ၊ (သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများက မဲဆန္ဒရှင်များ၏ နေအိမ်သို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲရယူမည် ဖြစ်ပါသည်)

(ဂ) ကျန်မြို့နယ်များတွင် နေထိုင်သော အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များ၊ (မဲဆန္ဒရှင်များက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရမည် ဖြစ်ပါသည်)

(ဃ) Quarantine Center များတွင် Quarantine ဝင်ရောက်နေသူ မဲဆန္ဒရှင်များ၊ (Facility Quarantine, Hotel Quarantine, Community Based Facility Quarantine, Home Quarantine of secondary contact, locked down, …)။

၄။ သို့ဖြစ်ပါ၍ အထက်ပါ ကြိုတင်ဆန္ဒမဲပေးခြင်းများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် မီဒီယာများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် ဆက်သွယ်၍ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့်အညီ မဲဆန္ဒရှင်၏ လျှို့ဝှက်ဆန္ဒပြုခြင်းကို မထိခိုက်စေဘဲ လိုက်ပါကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏အရွေ့ အွန်လိုင်းဟောပြောပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

**မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်အသင်းဖြစ်မြောက်ရေးကော်မတီက စီစဉ်ကျင်းပသည့် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏အရွေ့ အွန်လိုင်းဟောပြောပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာအသင်း ဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြန်မာစာအုပ်စင်တာ အမှုဆောင်အရာရှိချုပ် ဒေါက်တာသန့်သော်ကောင်းနှင့် စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများ၊ သတင်းမီဒီယာသမားများနှင့် စိတ်ပါဝင်စားသူများက အွန်လိုင်းမှ ပါဝင်တက်ရောက်ကြသည်။** (ယာပုံ)



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏ အရွေ့အွန်လိုင်း ဆွေးနွေးပွဲမှ ဗဟုသုတများစွာရရှိမည်ဟု မျှော်လင့်ပါကြောင်း၊ နောက်ထပ် ပြုလုပ်မည့် အသိပညာပေးဆွေးနွေးပွဲများသည်လည်း မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒစ်ဂျစ်တယ် စာပေတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဟု ထင်မြင်ပါကြောင်း။

မိမိအတွေ့အကြုံအပေါ် အခြေခံ၍ အနည်းငယ်ဆွေးနွေးလိုပါကြောင်း၊ ဒစ်ဂျစ်တယ်မီဒီယာ ပေါ်လာသည့်အတွက် ယခင်ကတည်ရှိခဲ့သည့် ပုံနှိပ်မီဒီယာ၊ အစဉ်အလာမီဒီယာသည် များစွာထိခိုက်သည်ဟု ပြောဆိုမှုများရှိပါကြောင်း၊ အထူးသဖြင့် သတင်းမီဒီယာတွင် များစွာထိခိုက်ပါကြောင်း၊ သို့သော် ဒစ်ဂျစ်တယ်မီဒီယာပေါ်ထွန်းလာသည့်အတွက် စာပေဘက်တွင် ထိုကဲ့သို့ ထိခိုက်မှု၊ သက်ရောက်မှုရှိသည်ဟု မိမိအနေဖြင့် မထင်မြင်ပါကြောင်း။

စာပေသမားအတွက် အီလက်ထရွန်နစ်မီဒီယာ ပေါ်ပေါက်လာသောကြောင့် စာပေကို ပိုမိုစိတ်ဝင်စားစရာ အခွင့်အလမ်း၊ စာဖတ်နိုင်သည့် အခွင့်အလမ်း များပြားလာမည်ဖြစ်ပါကြောင်း၊ စာပေဖတ်ရှုသည့် အလေ့အထသည် ကျဆင်းသွားမည် မဟုတ်သည့်အပြင် စာအုပ်အပေါ်တွင် တန်ဖိုးထားမှုသည် ကျဆင်းသွားမည် မဟုတ်ပါကြောင်း၊ စာအုပ်စာပေသည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ဆက်လက်ထွန်းကားနေမည် ဖြစ်ပါကြောင်း။

စာပေ ဖန်တီးသူများကလည်း ပြောင်းလဲသွားသည့် နည်းပညာနှင့်အညီ အွန်လိုင်းပေါ်မှ မဂ္ဂဇင်းကို မည်သို့ထုတ်လုပ်မည်၊ ဂျာနယ်ကို မည်သို့ထုတ်လုပ်မည် ၊ အွန်လိုင်းပေါ်တွင် စာရေးလျှင် မည်သို့ရေးသားပါက ပိုမိုဆွဲဆောင်မှုရှိမည်စသဖြင့် လေ့လာသင့်ပါကြောင်း။

ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း စာအုပ်လုပ်ငန်းလောကကို ဝင်ရောက်လာမည့်သူများအတွက် အကျိုးရှိစေမည့် အသိပညာဖလှယ်ပေးသည့် အစီအစဉ်၊ အသိပညာဝေမျှပေးသည့်အစီအစဉ်များကို ဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ မြန်မာစာအုပ်လောကသည် နည်းပညာ ပြောင်းလဲလာသည်နှင့် အတူတွဲ၍ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ် မီဒီယာအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းစုငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုကဲ့သို့ Webinar များကို နှစ်ပတ် တစ်ကြိမ်၊ သုံးပတ်တစ်ကြိမ် ကျင်းပရန် ရည်ရွယ်ထားပြီး တတိယမြောက် Webinar ကို ရုပ်ရှင်နှင့်ပတ်သက်၍ ဆွေးနွေးရန် စီစဉ်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်မီဒီယာလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ လုပ်ငန်း ဆောင်ရွက်နေသူများကို တစ်စုတစ်စည်းတည်း ဖြစ်အောင် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်မီဒီယာ အသင်း ဖြစ်မြောက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆရာမကြီး ဒေါ်စမ်းစမ်းနွဲ့(သာယာဝတီ)က သုတ၊ ရသစာပေနှင့်ပတ်သက်၍ ဆွေးနွေးဟောပြောရာတွင် မိမိအနေဖြင့် ပရိသတ်များကို စာဖတ်ကြရအောင်ဟု အဖော်ညှိလိုပါကြောင်း၊ သုတစာအုပ်ပဲဖြစ်ဖြစ်၊ ရသစာအုပ်ပဲဖြစ်ဖြစ် သုတနှင့်ရသရောထားသည့် စာအုပ်ပဲဖြစ်ဖြစ် မည်သည့်စာအုပ်ကိုမဆို ဖတ်ရန် တိုက်တွန်းလိုပါကြောင်း၊ သုတပဲဖြစ်ဖြစ်၊ ရသပဲဖြစ်ဖြစ် အားလုံးသည် ဦးနှောက်ကို မြစ်ဖျားခံပါကြောင်း။

ယနေ့တွင် မိမိအနေဖြင့် သုတနှင့်ရသ ထုံမွမ်းထားသည့် စာအုပ်တစ်အုပ်အကြောင်းကို သတင်းပေးလိုပါကြောင်း၊ စာပေပုံသဏ္ဌာန်သစ်ဖြင့် ရေးထားသည့် စာအုပ်ဖြစ်ပါကြောင်း၊ ကမ္ဘာမြေတစ်ခွင်လုံး ရင်ဆိုင်နေရသည့် ကိုဗစ်-၁၉ ကိစ္စဖြစ်သည့်အတွက် မိမိအနေဖြင့် ပိုမိုစိတ်ဝင်စားကာ ပြန်လည်မျှဝေလိုခြင်းဖြစ်ပါကြောင်း၊ ထိုစာအုပ်မှာ **နွေဦးမှတ်တမ်း ၂၀၂၀** ဖြစ်ပါကြောင်း၊ စာရေးသူမှာ နှင်းမာယာဖြစ်ပါကြောင်း၊ ထိုစာအုပ်လေးသည် သုတရော၊ ရသရောစုံသည့်အတွက် ဖတ်ကြည့်စေလိုပါကြောင်း။

ကျိုးကြောင်းဆင်ခြင်တုံတရားနှင့် စဉ်းစားတတ်သည့် အလေ့အထကို ရသနှင့် သုတ စာပေများက ပေးပါကြောင်း၊ စိတ်ခံစားချက်ကို လွှတ်မပေးဘဲ ကျိုးကြောင်းဆင်ခြင်တုံတရားဖြင့် စဉ်းစားနိုင်အောင်၊ ဆုံးဖြတ်နိုင်အောင်၊ ဝေဖန်အကဲဖြတ်နိုင်အောင် ဦးနှောက်ကို အလေ့အကျင့် လုပ်ပေးသည်မှာ သုတစာပေဖြစ်ပါကြောင်း၊ သုတရော၊ ရသပါနှစ်ခုစလုံးကို သဟဇာတညီအောင် စာဖတ်ကြရအောင်ဟု ပြောကြားသည်။

ယင်းနောက် ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏ အရွေ့စကားဝိုင်းကို ပြုလုပ်ရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံ ဒစ်ဂျစ်တယ်အသင်း ဖြစ်မြောက်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးကိုကို (ကိုကို -စက်မှုတက္ကသိုလ်)က ဆောင်ရွက်ပြီး မြန်မာစာအုပ်စင်တာ အမှုဆောင်အရာရှိချုပ် ဒေါက်တာသန့်သော်ကောင်း၊ စိတ်ကူးချိုချိုစာအုပ်တိုက်မှ ဦးအောင်စည်သာ၊ Chance Myanmar Online Education မှ ဒေါ်ဖြိုးဖြိုးအောင်တို့က ပါဝင်ဆွေးနွေးကြသည်။

စကားဝိုင်းတွင် ဒေါက်တာသန့်သော်ကောင်းက နိုင်ငံတကာ စာအုပ်များ တင်သွင်းရောင်းချပေးနေမှု လက်ရှိအခြေအနေများ၊ ကြုံတွေ့နေရသည့် အားသာချက်များနှင့် စိန်ခေါ်မှုများ၊ လက်ရှိအခြေအနေမှ တိုးတက်အောင် စီမံဆောင်ရွက်သင့်သည့်အချက်များ၊ ဈေးကွက်အလားအလာများ၊ ပညာရေးနှင့် နိုင်ငံတကာ စာအုပ်ဆက်နွှယ်မှုများ၊ မူပိုင်ခွင့်ကိစ္စများနှင့်ပတ်သက်၍ လည်းကောင်း၊ ဦးအောင်စည်သာက နိုင်ငံတကာစာအုပ်များကို မြန်မာစာချစ်သူများဖတ်ရှုနိုင်ရန် သမားရိုးကျပုံစံမှ ဒစ်ဂျစ်တယ်ပလက်ဖောင်း အသုံးပြုဆောင်ရွက်နေပုံများ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများသို့ အရွေ့က အနာဂတ်တွင် မြန်ဆန်လာနိုင်သည့်ကိစ္စများ၊ စာအုပ်ထုတ်ဝေသူများနှင့် ရောင်းချသူများဘက်မှ ပြင်ဆင်ထားသင့်သည်များကို လည်းကောင်း၊ ဒေါ်ဖြိုးဖြိုးအောင်က စာဖတ်သူတစ်ဦးအနေဖြင့် နိုင်ငံတကာမှ စာအုပ်များကို ရွေးချယ်ဝယ်ယူဖတ်ရှုနေမှု၊ ပုံနှိပ်စာအုပ်နှင့် အီလက်ထရွန်နစ်စာအုပ်များ၏ ခြားနားချက်များ၊ အားသာချက်၊ အားနည်းချက်များ၊ မြန်မာလူငယ်များ နိုင်ငံတကာစာအုပ်ဖတ်ရှုခြင်းဖြင့်ရရှိနိုင်သည့် အကျိုးကျေးဇူးများ၊ ဒစ်ဂျစ်တယ်အရွေ့တွင် မြန်မာစာအုပ်လုပ်ငန်းကို မြင်ချင်သည့်ပုံစံများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အွန်လိုင်းမှ တက်ရောက် နားထောင်ကြသူများက မေးခွန်းများကို မေးမြန်းကြရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်၊ ဒေါ်ဆွေဇင်ထိုက်၊ ဒေါက်တာ သန့်သော်ကောင်းနှင့် ဦးအောင်စည်သာတို့က ပြန်လည်ဆွေးနွေးဖြေကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဒစ်ဂျစ်တယ်ပလက်ဖောင်းများနှင့် စာအုပ်လုပ်ငန်းများ၏ အရွေ့ အွန်လိုင်းဟောပြောပွဲကို နိုင်ငံတကာမှ ထုတ်ဝေနေသည့် စာအုပ်များကို ပြည်တွင်း စာဖတ်ပရိသတ်များက မှာယူနိုင်မည့်နည်းလမ်းများ၊ မှာယူရာတွင် သိထားသင့်သည့်အချက်အလက်များ၊ ဒစ်ဂျစ်တယ်စာပေဆိုင်ရာ အကျိုးခံစားခွင့်များနှင့် အခြားအခွင့်အလမ်းများစသည်တို့ကို စာပေချစ်မြတ်နိုးသူများ ပိုမိုသိရှိနားလည်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနည်းဥပဒေနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများရေးဆွဲရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၄

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာနည်းဥပဒေနှင့် ကလေးသူငယ်ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ ရေးဆွဲခြင်းလုပ်ငန်းများအတွက် နည်းဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့ဝင်များနှင့် မူဝါဒရေးဆွဲရေးနည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ အမြင်ချင်းဖလှယ် ညှိနှိုင်းသည့်အစည်းအဝေးကို ယမန်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာနည်းဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့ဝင်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေးနည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ National Consultant များနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

### ဥပဒေသစ်ပြဋ္ဌာန်း

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း (The United Nations Convention on the Rights of the Child – UNCRC) ကို ၁၉၉၁ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီးဖြစ်ကြောင်း၊ CRC နောက်ဆက်တွဲစာချုပ်ဖြစ်သည့် (Convention on the Rights of the Child on the sale of children, child prostitution and child pornography) နှင့် ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂစာချုပ်၏ နောက်ဆက်တွဲစာချုပ်တစ်ခုဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (CRC–OPAC) တွင်လည်း ပါဝင်လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ ကလေးသူငယ်ဥပဒေကို CRC ပါ ပြဋ္ဌာန်းချက်များနှင့် ပိုမိုကိုက်ညီမှုရှိစေရန်၊ ခေတ်ကာလအခြေအနေနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့ပါကြောင်း။

### မူဝါဒတစ်ရပ်ရေးဆွဲ

ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဖြစ်သောကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာနည်းဥပဒေ ပေါ်ထွက်လာနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးများနှင့်အညီ စနစ်ကျသော မူဝါဒတစ်ရပ်ရေးဆွဲနိုင်ရန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒရေးဆွဲရေး လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေးအတွက် Unicef Myanmar၊ Child Frontier အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မူဝါဒကို နိုင်ငံတကာစံနှုန်းများနှင့်အညီ လက်တွေ့ကျပြီး တိုင်းပြည်၏ လက်ရှိအခြေအနေနှင့် ကိုက်ညီသော အမျိုးသားအဆင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒတစ်ရပ်ဖြစ်စေရေး ရည်ရွယ်ထားပါကြောင်း၊ မူဝါဒချမှတ်ပေးသည့် နေရာတွင် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ခြုံငုံမိအောင်ဆောင်ရွက်နိုင်ရန်၊ အရပ်ဘက် အဖွဲ့အစည်းများပူးပေါင်း၍ ပါဝင်ရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များကို မြေပြင်၌ အမှန်တကယ် ထိခိုက်စေသော အကြောင်းတရားများဖြစ်သည့် အကြမ်းဖက်ခြင်း၊ လွဲမှားစွာပြုမူခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့ကို ကာကွယ်ပေးရန် လိုအပ်ပါကြောင်း၊ ကလေးတိုင်း ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့် အပါအဝင် ကျန်အခွင့်အရေးများကို တန်းတူညီတူရရှိနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကို ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်တို့အတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ နည်းဥပဒေနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။




### ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်

ကလေးသူငယ်များ၏ အခွင့်အရေးများကို အားလုံးသိရှိရန်နှင့် ကလေးတိုင်း လက်လှမ်းမီတန်းတူညီတူရရှိနိုင်ရန်အတွက် အစွမ်းကုန် ဆောင်ရွက်လျက်ရှိသလို ကလေးသူငယ်များအား ပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန်အတွက် အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒများ ရေးဆွဲခြင်း လုပ်ငန်းရပ်များတွင် အားသာချက်/ အားနည်းချက်များကို ဝိုင်းဝန်းပူးပေါင်း၍ ဆွေးနွေးလုပ်ဆောင်ပေးကြပါရန်နှင့် သက်ဆိုင်ရာ ကဏ္ဍအလိုက် တက်တက်ကြွကြွ ပါဝင်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေးလုပ်ငန်းအဖွဲ့နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေး နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က နည်းဥပဒေရေးဆွဲခြင်း လုပ်ငန်းစဉ်များ၊ မူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် ကော်မတီဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ ညွှန်ကြားရေးမှူးများက ကလေးသူငယ်အခွင့်အရေးများနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေ (မူကြမ်း)နှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြသည်။

### အကြံပြုဆွေးနွေး

ဆက်လက်၍ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နည်းဥပဒေရေးဆွဲရေး လုပ်ငန်းအဖွဲ့ဝင်များ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒရေးဆွဲရေး နည်းပညာဆိုင်ရာ လုပ်ငန်းကော်မတီဝင်များ၊ National Consultant များက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာသံရုံး စင်ကာပူနှင့် မြန်မာသံရုံး တိုကျိုမြို့တို့မှ ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၄

**စင်ကာပူရှိ မြန်မာသံရုံးနှင့် တိုကျိုမြို့ရှိ မြန်မာသံရုံးတို့မှ ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သည့် ချိပ်ပိတ်ထားသော သံတမန်ချောအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။**

အဆိုပါ မြန်မာသံရုံးနှစ်ရုံးမှ ပြန်လည်ပေးပို့လာသည့် ချိပ်ပိတ်ထားသောဆန္ဒပြုပြီး မဲလက်မှတ်များပါဝင်သည့် အထုပ်များကို ယနေ့နံနက် ၆ နာရီတွင် လုံခြုံရေးအစောင့်အရှောက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန (ရန်ကုန်)မှ ဌာနပိုင်ယာဉ်ဖြင့် စတင်ပို့ဆောင်ခဲ့ရာ ရန်ကုန်–နေပြည်တော် အမြန်လမ်းမှတစ်ဆင့် နေပြည်တော်အဝင် Toll Gate သို့ နံနက် ၁၁ နာရီတွင် ရောက်ရှိသည်။ ၎င်းဆန္ဒမဲလက်မှတ်ပါ အထုပ်များအား နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများထံသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၌ စနစ်တကျ ချက်ချင်းလွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သည်။

နိုင်ငံပြင်ပသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲအတွက် ပြည်ပရောက် ကြိုတင်ဆန္ဒမဲပေးနိုင်ရန် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများတွင် မဲရုံနှင့် မဲရုံခွဲများ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြန်လည်ပေးပို့လာရာ အောက်တိုဘာ ၁၄ ရက်တွင် ရုံးလေးရုံးတို့မှ ဆန္ဒမဲလက်မှတ်များကို လည်းကောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် ရုံးနှစ်ရုံးတို့မှ ဆန္ဒမဲလက်မှတ်များကို လည်းကောင်း၊ အောက်တိုဘာ ၁၉ ရက်တွင် ရုံး ၂၈ ရုံးတို့မှ ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း၊ အောက်တိုဘာ ၂၂ ရက်တွင် ရုံး ရှစ်ရုံးတို့မှ ဆန္ဒမဲလက်မှတ်များကို လည်းကောင်း၊ ယနေ့တွင် ရုံးနှစ်ရုံးမှ ဆန္ဒမဲလက်မှတ်များကိုလည်းကောင်း လက်ခံရရှိခဲ့ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အဆိုပါနေ့ရက်များ၌ပင် လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ယခုအချိန်အထိ ရုံး ၄၄ ရုံးတို့မှ ကြိုတင်ဆန္ဒမဲလက်မှတ်များကို စနစ်တကျလွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်း သိရသည်။



စင်ကာပူရှိ မြန်မာသံရုံးနှင့် တိုကျိုမြို့ရှိ မြန်မာသံရုံးတို့မှ ပေးပို့လာသော ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များ ပါဝင်သည့် ချိပ်ပိတ်ထားသော သံတမန်ချောအိတ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်စဉ်။

ကျန်ရှိသည့် ကျူးဘားနိုင်ငံ ဟာဗားနားမြို့ရှိ မြန်မာသံရုံး အနေဖြင့် ဆန္ဒပြုပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များကို ပြန်လည်ပေးပို့ထားပြီး ယင်းမဲလက်မှတ်များသည်လည်း မြန်မာနိုင်ငံသို့ မကြာမီ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

လေဝင်လေထွက်ကောင်းသောနေရာများတွင်သာ ပြုလုပ်ရန်နှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များအတိုင်း လိုက်နာရန် အမိန့်အမှတ် (၁၀၁/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာထားပြီး ဖြစ်ပါသည်။

၄။ သို့ရာတွင် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးရေး ဆောင်ရွက်ရာတွင် သတ်မှတ်လူဦးရေထက် ကျော်လွန်ဆောင်ရွက်ခြင်း၊ Social Distancing Rule ကို လိုက်နာရန်လိုအပ်ခြင်း၊ ဝန်းရံသူပြည်သူများအနေဖြင့်လည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်မှု အားနည်းခြင်းများကို တွေ့ရှိရပါသည်။

၅။ ယခုကာလသည် အထွေထွေရွေးကောက်ပွဲကျင်းပရန် ၁၅ ရက် ခန့်သာ ကျန်ရှိပြီး မဲဆွယ်စည်းရုံးခွင့်ကာလပြီးဆုံးရန် ၁၃ ရက်ခန့်သာ ကျန်ရှိပါသည်။ ထို့ကြောင့် ကျန်ရှိနေသည့် မဲဆွယ်စည်းရုံးရေးကာလအတွင်း နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မိမိတို့၏ ပါတီဝင်များ၊ ဝန်းရံသူမဲဆန္ဒရှင် ပြည်သူများကိုလည်း အဆိုပါ ညွှန်ကြားချက်များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်စေရေး ကြီးကြပ်သွားရန် မေတ္တာရပ်ခံအပ်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်သူသာလျှင် အဓိက

## တပ်ကုန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၄

**နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်းရှိဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက တပ်ကုန်းမြို့ရှိ မဟာဇနကကျောင်းတိုက် မဟာဇနကဗိမာန်တော်ကြီး၌ ကျင်းပသည်။**

အခမ်းအနားတွင် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်၊ ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်ကြီး အမှူးပြုသော ဆရာတော်ကြီးငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုခဲ့ကြသည်။

ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတွင် နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တအာစိဏ္ဏ မဟာထေရ်မြတ်ကြီးထံမှ ပြည်ထောင်စုဝန်ကြီး အမှူးပြုသော ဌာနဆိုင်ရာ အကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်ကုန်းမြို့ မြို့ဦး ပရိယတ္တိစာသင်တိုက် ပဓာနနာယက မဟာဂန္ထ ဝါစက ပဏ္ဍိတဘဒ္ဒန္တပဏ္ဍဝ ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းလောင်း အမျှ ပေးဝေကြသည်။

ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲတွင် ကိုဗစ်– ၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ် ကာလအတွင်း တပ်ကုန်းမြို့နယ်ရှိ ဘုန်းတော်ကြီး ကျောင်း ၁၉ ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းတို့တွင် သီတင်းသုံးနေထိုင် တော်မူကြသော ရဟန်း၊ သာမဏေ ၇၀၉ ပါး၊ သီလရှင် ၁၆၉ ပါး၊ စုစုပေါင်း ၈၇၈ ပါးတို့အတွက် ဆွမ်းဆန်တော် ၁၄၄ အိတ် ဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းစဉ်။ သတင်းစဉ်

## ရန်ကုန်မြို့တော်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသစ်၊ ပထမအဆင့်တွင်ရင်းနှီးမြှုပ်နှံရန် နိုင်ငံပေါင်းကိုးနိုင်ငံမှ စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာများ လက်ခံရရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွင် ပါဝင်သည့် လုပ်ငန်းစီမံကိန်းများအနက် ပထမအဆင့်အဖြစ် စီးပွားဖြစ် ရပ်တည်နိုင်စွမ်းရှိမှု သေချာသည့် စက်မှုဇုန်နှင့်လိုအပ်သော အထောက်အကူပြု အခြေခံအဆောက်အဦများကို ဆွစ်ယှဉ်ပြိုင်တင်ဒါ (Swiss Challenge) ခေါ်ယူဆောင်ရွက်နိုင်ရန် Swiss Challenge တင်ဒါကော်မတီကို ဇူလိုင် ၁၆ ရက်တွင် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည်။

အဆိုပါ Swiss Challenge တင်ဒါကော်မတီသည် စီမံကိန်းရင်းနှီးတည်ဆောက်သူကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ပွင့်လင်းမြင်သာမှု၊ တရားမျှတမှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှုတို့ဖြင့် အလေးထားရွေးချယ်နိုင်ရန် နိုင်ငံတကာ အကြံပေးကုမ္ပဏီများအနက် အကြံပေးဝန်ဆောင်သူ (Transaction Advisor) အဖြစ် ဂျာမနီ နိုင်ငံအခြေစိုက် Roland Berger နိုင်ငံတကာ အကြံပေးအဖွဲ့ကို ရွေးချယ်လုပ်ငန်းအပ်နှံခဲ့ပြီး ဖြစ်သည်။

အကြံပေးဝန်ဆောင်သူ Roland Berger အနေဖြင့် Swiss Challenge တင်ဒါလုပ်ငန်းစဉ်၏ ပထမအဆင့်အဖြစ် စီမံကိန်းရင်းနှီးတည်ဆောက်ရန် စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ (Expression of Interest – EOI)များကို နောက်ဆုံးထားတင်သွင်းရန် သတ်မှတ်ထားသည့် အောက်တိုဘာ ၂၂ ရက် မွန်းလွဲ ၃ နာရီတွင် စင်ကာပူ၊ ဂျပန်၊ အီတလီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ကိုးနိုင်ငံရှိ ကုမ္ပဏီ/ အကျိုးတူ ပူးပေါင်းအဖွဲ့ (Consortium) ၁၆ ဖွဲ့ထံမှ စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ (EOI) များ လက်ခံရရှိခဲ့ရာ မြန်မာနိုင်ငံရှိ ကုမ္ပဏီနှစ်ခုနှင့် အကျိုးတူ ပူးပေါင်းအဖွဲ့ (Consortium) နှစ်ဖွဲ့တို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

❏ *ရှေ့ဖုံးမှ*

မိနစ် ၄၀ တွင်လည်းကောင်း၊ CZ3055 (CAN – RGN) လေယာဉ်သည် နံနက် ၉ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ KY 3145 ( KMG – RGN) လေယာဉ်သည် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ KY 3147 ( KMG – RGN) လေယာဉ်သည် ည ၉ နာရီတွင်လည်းကောင်း၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ 8M794 Cargo လေယာဉ်သည် နံနက် ၄ နာရီ ၁၂ မိနစ်တွင်လည်းကောင်း အသီးသီး ရောက်ရှိကြသည်။

ယနေ့အထိ ရောက်ရှိပြီး ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများမှာ KN95 Masks ၉၉၅၄၈၀၀ ၊ Protective Face Masks ၅၀၀၀၀၀၊ PPE Medical Protective Clothings ၉၂၀၀၀ ၊ Boots ၁၅၉၀၀ ၊ Face Shields ၆၀၀၀၀၀၊ Surgical Gloves ၂၀၀၀၀၀ တို့ ဖြစ်ကြောင်းသိရသည်။

အထောက်အကူပစ္စည်းများမှာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့မှတစ်ဆင့် အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိလာမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အထောက်အကူပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးချမ်းအေး အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## ချင်းတွင်းမြစ်ရေ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲတိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခုနစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မော်လိုက်မြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ရာပြည့် ရန်ကုန်တက္ကသိုလ်နှင့် အမျိုးသားအောင်ပွဲနေ့

● ကောင်းစည်သူ

**ခရစ်နှစ်** ၁၉၂၀ ပြည့်နှစ်သည် မြန်မာ့သမိုင်းတွင် အလွန်ထူးခြားသောနှစ်ဖြစ်ကာ ထိုနှစ် အောက်တိုဘာလ ၁၃ ရက်တွင် မြန်မာ့ရုပ်ရှင်ပေါ်ထွန်း၍ ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ကို တည်ထောင်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ဒီဇင်ဘာလ ၅ ရက်) တွင် အမျိုးသားအောင်ပွဲနေ့ စတင်ခဲ့သည်။ ထို့ကြောင့် ယခု ၂၀၂၀ ပြည့်နှစ်သည် မြန်မာ့ရုပ်ရှင်၊ ရန်ကုန်တက္ကသိုလ်နှင့် အမျိုးသားအောင်ပွဲနေ့တို့၏ နှစ် ၁၀၀ ပြည့်မြောက်သည့် အချိန်ကာလဖြစ်ပေသည်။

**ကိုလိုနီခေတ် ပညာရေး**

မြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီး ဆာအာသာဖယ်ယာသည် မြန်မာနိုင်ငံပညာရေးစီမံကိန်းကို ရေးဆွဲ၍ ၁၈၈၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ကာ ပညာရေးဌာနကို ဖွဲ့စည်းခဲ့သည်။ ပညာမင်းကြီးအဖြစ် မော်လမြိုင်မြို့မှ ကျောင်းအုပ်ကြီး ဂျော့ဟောင်းကို ခန့်အပ်၍ မြန်မာစာကို သင်ကြားရေးမဏ္ဍိုင်အဖြစ်ထားကာ မူလတန်းပညာကို ဘုန်းကြီးကျောင်းများတွင် သင်ကြားပေးရန် ရည်ရွယ်ခဲ့သည်။

၁၈၇၄ ခုနှစ်တွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ ဖယ်ယာနေထိုင်ခဲ့သည့် အဆောက်အအုံ(ယခုအထက ၁၊ လသာကျောင်းဝင်း) ၌ ပထမဆုံးသော အစိုးရတန်းမြင့်ကျောင်းကို ဖွင့်လှစ်ကာ ဂျေအိပ်ချ်ဂီးလ်ဘတ် (J.H.Gilbert) က ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူပြီး အခြေခံပညာ မူလတန်းမှ အထက်တန်းအထိ သင်ကြားပေးခဲ့သည်။ ၁၈၈၁ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် ပညာရေးနှင့်ပတ်သက်၍ အစိုးရကို အကြံဉာဏ်နှင့် အကူအညီပေးနိုင်ရန် ပညာရေးဆင်ဒီကိတ်ကို ဖွဲ့စည်းခဲ့သည်။

၁၈၇၈ ခုနှစ်တွင် ယင်းတန်းမြင့်ကျောင်း၌ ကာလကတ္တားတက္ကသိုလ်၊ ဥပစာတန်း စာမေးပွဲအတွက် သင်တန်းများ ဖွင့်လှစ်ပို့ချသည့် ကောလိပ်ဌာနပေါ်ပေါက်ခဲ့သည်။ မြန်မာနိုင်ငံ ဗြိတိသျှအစိုးရသည် ယင်းကောလိပ်ဌာနကို ကာလကတ္တားတက္ကသိုလ်နှင့် ဆက်သွယ်သည့် ဥပစာကောလိပ်အဖြစ် ၁၈၇၉ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် အသိအမှတ်ပြု၍ ၁၈၈၃ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ (BA) သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အစိုးရတန်းမြင့်ကျောင်းဝင်းအတွင်း၌ အဆောက်အအုံသီးသန့်ဆောက်လုပ်ပြီး ရန်ကုန်ကောလိပ်ကို ၁၈၈၄- ၈၅ ခုနှစ်တွင် ဖွင့်လှစ်၍ တန်းမြင့်ကျောင်းကျောင်းအုပ်ကြီး ဂျေအိပ်ချ်ဂီးလ်ဘတ်ကို ရန်ကုန်ကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။

**ရန်ကုန်မြို့မှ ကောလိပ်နှစ်ခု**

ပညာရေးဆင်ဒီကိတ်သည် ၁၈၈၆ ခုနှစ် ဧပြီလ ၁ ရက်တွင် အစိုးရတန်းမြင့်ကျောင်းနှင့် ရန်ကုန်ကောလိပ်ကို အစိုးရထံမှ လွှဲပြောင်းယူခဲ့ပြီးနောက် ရန်ကုန်ကောလိပ်သည် ကာလကတ္တားတက္ကသိုလ်နှင့် အဆက်အသွယ်ပြုထားသည့် ဒီဂရီကောလိပ်ဖြစ်လာခဲ့သည်။ ၁၉၀၄ ခုနှစ်တွင် အစိုးရက ရန်ကုန်ကောလိပ်ကို ပညာရေးဆင်ဒီကိတ်ထံမှ ပြန်လည်လွှဲပြောင်းယူခဲ့ရာ ရန်ကုန်ကောလိပ်သည် အစိုးရကောလိပ် ဖြစ်လာခဲ့သည်။

ရန်ကုန်မြို့ရှိ အမေရိကန်နှစ်ခြင်းသာသနာပြုအဖွဲ့သည် ကာလကတ္တားတက္ကသိုလ်က ကျင်းပသည့် ဥပစာတန်းကို ဖြေဆိုမည့်သူများကို ၁၈၇၄ ခုနှစ်တွင် ကူရှင်ကျောင်း(ယူနိုက်တက် ခရစ်ယာန်အထက်တန်းကျောင်း)၌ သင်တန်းများ ဖွင့်လှစ်သင်ကြားခဲ့ရာမှ အမေရိကန်နှစ်ခြင်းကောလိပ်ဟု အမည်တွင်ခဲ့သည်။ ၁၉၀၉ ခုနှစ်တွင် ယင်းကောလိပ်ကို မြန်မာပြည်နှစ်ခြင်း သာသနာပြု အဖွဲ့ချုပ်တည်ရှိသည့် အမှတ် (၁၄၃) စိန့်ဂျွန်းလမ်းသို့ ပြောင်းရွှေ့ခဲ့ကာ ဝိဇ္ဇာဘွဲ့ (BA) သင်တန်းကို စတင်သင်ကြားခဲ့သည်။ ၁၉၁၈ ခုနှစ်တွင် အမေရိကန်သာသနာပြုပုဂ္ဂိုလ် ဒေါက်တာဂျပ်ဆင်ကို ဂုဏ်ပြုသောအားဖြင့် ဂျပ်ဆင်ကောလိပ် (ယုဒသန်ကျောင်းတိုက်)ဟု အမည်ပေးခဲ့သည်။

ယင်းကောလိပ် နှစ်ခုလုံးသည် ကာလကတ္တား တက္ကသိုလ်၏ လက်အောက်ခံများဖြစ်သဖြင့် မြန်မာနိုင်ငံမှ ကျောင်းသူ ကျောင်းသားများသည် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၊ ဥပစာတန်းစာမေးပွဲ၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲများကို ဖြေဆိုရာတွင် ကာလကတ္တားတက္ကသိုလ်က ချမှတ်ထားသည့် စည်းမျဉ်းဥပဒေများကို လိုက်နာခဲ့ကြရသည်။ ယင်းစည်းမျဉ်းများတွင် မြန်မာနိုင်ငံကျောင်းသူကျောင်းသားများနှင့် မဆီလျော်သည့် သတ်မှတ်ချက်များပါဝင်နေသဖြင့် ကာလကတ္တားတက္ကသိုလ်၏ ကြီးကြပ်မှုမှ ကင်းလွတ်သည့် သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ရန် ပြည်သူများက လိုလားခဲ့ကြသည်။

**ရန်ကုန်တက္ကသိုလ် ခရီးအစ**

၁၈၉၂ ခုနှစ်တွင် မြန်မာခေါင်းဆောင်အချို့နှင့် ပညာရေး ဆင်ဒီကိတ်မှ ပုဂ္ဂိုလ်များသည် ရန်ကုန်မြို့၌ သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ရန် စတင်လှုံ့ဆော်ခဲ့ကြသည်။ သို့သော် ဗြိတိသျှအစိုးရသည် ၁၉၀၇ ခုနှစ်အထိ စီမံဆောင်ရွက်ပေးခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ပညာရေးဆင်ဒီကိတ်သည် ရန်ကုန်တက္ကသိုလ်ဥပဒေကြမ်းရေးဆွဲရန် ဆောင်ရွက်ခဲ့သည်။

၁၉၁၀ ပြည့်နှစ်တွင် ဗြိတိသျှအောက်လွှတ်တော်၌ သိပ္ပံယူနီဗာစီတီကို ထူထောင်ရန် တက္ကသိုလ်ဥပဒေကို ရေးဆွဲခဲ့သည်။

ရန်ကုန်တက္ကသိုလ်ဖွဲ့စည်းပုံ အစီရင်ခံစာကို ၁၉၁၉ ခုနှစ် မတ်လ ၂၇ ရက်တွင် ပညာမင်းကြီး မက်သယူးဟန်တားထံ ပေးပို့ခဲ့ပြီး ရန်ကုန်တက္ကသိုလ် အက်ဥပဒေကြမ်းကို အိန္ဒိယအစိုးရနှင့် ဗြိတိသျှအစိုးရထံ တင်ပြခဲ့ကာ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ဥပဒေကြမ်းကို ထုတ်ပြန်ခဲ့သည်။ ယင်းဥပဒေကြမ်းကို မြန်မာပြည်တစ်ဝန်းမှ ပြည်သူများက ကန့်ကွက်ဆန့်ကျင်ခဲ့ကြသော်လည်း မြန်မာပြည်ဥပဒေပြုကောင်စီ၏ သဘောတူညီချက်အရ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်က အောက်တိုဘာလ ၂၄ ရက်တွင် ဥပဒေကို အတည်ပြုခဲ့သည်။

ထို့ကြောင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် ပေါ်ထွန်းလာခဲ့ကာ ရန်ကုန်တက္ကသိုလ်ကို ရန်ကုန်တက္ကသိုလ်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကောလိပ်တွင် သင်တန်းသား ၆၉၂ ဦးနှင့် ဂျပ်ဆင်ကောလိပ်တွင် သင်တန်းသား ၁၃၇ ဦး တက်ရောက်ခဲ့ကြသည်။

မြန်မာပြည်ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး အဓိပတိအဖြစ် တာဝန်ယူ၍ ရန်ကုန်တက္ကသိုလ်ပထမဆုံးဘွဲ့နှင်းသဘင်ကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပခဲ့သည်။ သို့သော် အိန္ဒိယနိုင်ငံဆိုင်ရာအတွင်းဝန်က မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ပေးရန် မူဝါဒတစ်ရပ်ချမှတ်ထားကြောင်း ကြေညာခဲ့သည်။ ၁၉၁၃ ခုနှစ်တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာဟာဗေးအဒမ်ဆင်သည် ပညာရေးဆင်ဒီကိတ်က ရေးဆွဲထားသည့် ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းကို အိန္ဒိယအစိုးရထံ တင်ပြခဲ့သည်။

အိန္ဒိယအစိုးရသည် ပထမကမ္ဘာစစ်ကြောင့် ငွေကြေးကျပ်တည်းနေသဖြင့် တစ်စုံတစ်ရာဆောင်ရွက်ပေးနိုင်ခြင်း မရှိခဲ့သဖြင့် ၁၉၁၆ ခုနှစ်တွင် သီးခြားတက္ကသိုလ်တည်ထောင်ရေးမူကြမ်းကို အိန္ဒိယအစိုးရထံ ထပ်မံတင်ပြခဲ့သည်။

မြန်မာနိုင်ငံ ဗြိတိသျှအစိုးရသည် ပညာမင်းကြီး မစ္စတာမက်သယူးဟန်တား(Mr.Mathew Hunter) ဦးစီးသောအဖွဲ့ဝင် ၃၀ ပါဝင်သည့် ယူနီဗာစီတီ အက်ဥပဒေရေးဆွဲရေးကော်မတီကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီတွင် မြန်မာလူမျိုးအဖွဲ့ဝင်များအဖြစ် ဝိုင်အမ်ဘီအေမှ ဝတ်လုံတော်ရ ဦးမေအောင်၊ ဦးမောင်ကြီး (အမ်အေ)၊ ဦးဘဖေ (ဘီအေ)၊ ဦးကွမ်း (ဘီအေ) ပုသိမ်၊ ဦးဘလှိုင်(ဘီအေ) နှင့် ဦးအမ်အုံးခိုင်တို့ ခြောက်ဦးသာ ပါရှိခဲ့သည်။

ဝိုင်အမ်ဘီအေကိုယ်စားလှယ်များက ဝိဇ္ဇာသိပ္ပံပညာရပ်များ သင်ကြားသည့် ကောလိပ်များကို ဆက်သွယ်နိုင်မည့် တက္ကသိုလ်တစ်ခု ထူထောင်ရန်ကို ထောက်ခံခဲ့ကြသော်လည်း မစ္စတာမက်သယူးဟန်တား ဦးဆောင်သောကော်မတီဝင်အများစုက ကောလိပ်တစ်ခုသာပါဝင်သည့် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံကို ၁၉၂၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် အဓိပတိ ဆာရယ်ဂျီနယ်ကရက်ဒေါက်က အုတ်မြစ်ချကာ စတင်တည်ဆောက်ခဲ့သည်။

**ရန်ကုန်တက္ကသိုလ်နှင့် အမျိုးသားအောင်ပွဲ**

မြန်မာပြည်သူများသည် ရန်ကုန်မြို့၌ တက္ကသိုလ်တစ်ခု ထူထောင်ပေးခြင်းကို ကျေနပ်ကြသော်လည်း တက္ကသိုလ် အက်ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကိုမူ ကျေနပ်မှု မရှိခဲ့ကြချေ။ ကျွန်သက်ရှည်ရေးစီမံချက်၊ ကျွန်ပညာရေးစနစ်ဖြစ်သည့် ယင်းအက်ဥပဒေကို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့ကြသည်။

အက်ဥပဒေတွင် မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုတည်းသာရှိရမည်၊ တက္ကသိုလ် လက်အောက်တွင် ကောလိပ်ကျောင်း တစ်ကျောင်းတည်းသာ ရှိရမည်၊ ထိုကောလိပ်သည် ရန်ကုန်တွင်ရှိရမည်၊ ကောလိပ်ကျောင်းသားများသည် ကျောင်းအိပ်ကျောင်းစားများအဖြစ် နေရမည်၊

*စာမျက်နှာ ၇ သို့*

**“၁၉၁၂ ခုနှစ်တွင် မြန်မာခေါင်းဆောင်အချို့နှင့် ပညာရေးဆင်ဒီကိတ်မှ ပုဂ္ဂိုလ်များသည် ရန်ကုန်မြို့၌ သီးခြားတက္ကသိုလ်တစ်ခု တည်ထောင်ရန် စတင်လှုံ့ဆော်ခဲ့ကြသည်။ သို့သော် ဗြိတိသျှအစိုးရသည် ၁၉၀၇ ခုနှစ်အထိ စီမံဆောင်ရွက်ပေးခြင်း မရှိခဲ့ချေ။ ထို့ကြောင့် ပညာရေးဆင်ဒီကိတ်သည် ရန်ကုန်တက္ကသိုလ် ဥပဒေကြမ်းရေးဆွဲရန် ဆောင်ရွက်ခဲ့”**



ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ်ဆောင်းပါး





ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

*စာမျက်နှာ ၆ မှ*

တက္ကသိုလ်ဝင်စာမေးပွဲကို မထားဘဲ အစိုးရက ပြုလုပ်သော ဆယ်တန်းစာမေးပွဲကို အောင်မြင်ရမည်၊ ဆယ်တန်းစာမေးပွဲတွင် အင်္ဂလိပ်ဘာသာနှင့် အခြားဘာသာတစ်ခုတွင် ထူးချွန်စွာအောင်မြင်မှသာ တက္ကသိုလ်ဝင်ခွင့်ရမည်၊ ဆယ်တန်းအောင်၍ တက္ကသိုလ်ဝင်ခွင့်ရသော်လည်း တက္ကသိုလ်ပညာရပ်များကို မသင်ရသေးဘဲ ပညာရပ်များကို ကောင်းစွာလိုက်နိုင်ရန် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေရမည်၊ ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေပြီးသော်လည်း တက္ကသိုလ်ပညာကို လိုက်နိုင်ရန် အရည်အချင်းမမီသေးလျှင် တက္ကသိုလ်ပညာကို ဆက်လက်သင်ခွင့်ရမည်မဟုတ်၊ ရေးဖြေစာမေးပွဲအပြင် နှုတ်ဖြေစာမေးပွဲများလည်း ပြုလုပ်မည်၊ ဝိဇ္ဇာဘွဲ့နှင့် သိပ္ပံဘွဲ့စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများသာ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံစာမေးပွဲ ဝင်ရောက် ဖြေဆိုခွင့်ရှိသည်၊ ဂုဏ်ထူးတန်းစာမေးပွဲကို ဥပစာတန်း အောင်မြင်ပြီး သုံးနှစ်ကြာမှ ဝင်ရမည်၊ ဂုဏ်ထူးတန်းကို တစ်ကြိမ်ဝင်ရောက်ဖြေဆို၍ မအောင်မြင်လျှင် နောက်ထပ်ဖြေဆိုခွင့်မရှိ စသည့်ကန့်သတ်ချက်များကို ထည့်သွင်းရေးဆွဲခဲ့သည်။

ထို့ကြောင့် အက်ဥပဒေပါ အချက်များသည် မြန်မာတိုင်းရင်းသားအများစုအား တက္ကသိုလ်ပညာကို သင်ယူခွင့် မရရန် ချုပ်ချယ်ထားမှုများဖြစ်သည်ဟု ယူဆခဲ့ကြကာ သတင်းစာများက ပြင်းထန်စွာ ဝေဖန်ခဲ့ကြပြီး ဥပဒေကို ကန့်ကွက်ဆန့်ကျင်သော ဆောင်းပါးများကို ဖော်ပြခဲ့ကြသည်။ ပြည်သူများက ကျေနပ်မှုမရှိသော်လည်း အစိုးရက ယင်းဥပဒေကို အတည်ပြုခဲ့သဖြင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ် စသည့် မြို့ကြီးများတွင် ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဆာရယ်ဂျီနယ်ကရက်ဒေါက်က ရန်ကုန်ယူနီဗာစီတီကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ဖွင့်လှစ်မည်ဟု ကြေညာခဲ့ရာ ကောလိပ်ကျောင်းသားများက ကန့်ကွက်စည်းဝေးပွဲပြုလုပ်၍ သံတွဲ ကိုဘဦးကို ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သည်။ ဥပဒေကို မပြင်ဘဲ ဆက်လက်လုပ်ဆောင်ပါက ကျောင်းသားနှင့် ပြည်သူများပူးပေါင်း၍ လှုပ်ရှားမှု ပြုလုပ်မည်ဖြစ်ကြောင်း တောင်းဆိုခဲ့သဖြင့် တက္ကသိုလ်ဖွင့်မည့်ရက်ကို ဒီဇင်ဘာလ ၇ ရက်သို့ ရွှေ့ပြောင်းခဲ့သည်။

ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးသည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၃ ရက်တွင် ရွှေတိဂုံစေတီတော် အနောက်တောင်ဘက်ရှိ စနေထောင့်တွင် စည်းဝေးကြကာ အစိုးရကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းရက်သည် သီပေါမင်းပါတော်မူသည့် (၃၅) နှစ်မြောက် ပါတော်မူနေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်)ဖြစ်သည်။ သပိတ်မှောက် ကျောင်းသားခေါင်းဆောင်များသည် ကိုဘဦး၊ ကိုဘရှင်၊ ကိုညီပိတ်၊ ကိုဖိုးကွန်း၊ ကိုအေး၊ ကိုလှတင်၊ ကိုဖေသိန်း၊ ကိုထွန်းဝင်း၊ ကိုဘရှင်၊ ကိုဘခင်နှင့် ကိုအောင်ဒင်တို့ဖြစ်ကြသည်။

ရန်ကုန်တက္ကသိုလ်နှင့်ယုဒသန်ကောလိပ်မှ ကျောင်းသား ၄၀၀ ကျော်သည် ဒီဇင်ဘာလ ၄ ရက်နေ့ ညနေ ၅ နာရီတွင် ဗဟန်းရေတာရှည်လမ်းရှိ ဦးအရိယကျောင်းတိုက်၌ စုဝေးကာ တက္ကသိုလ်အက်ဥပဒေဖျက်သိမ်းရေး သပိတ်မှောက်ကြရန် ဆုံးဖြတ်ခဲ့ကြသည်။ ဒီဇင်ဘာလ ၅ ရက်တွင် ကျောင်းသား ကျောင်းသူများသည် ထပ်မံစုရုံး၍ ယူနီဗာစီတီအက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း သပိတ်မှောက်ခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ပထမကျောင်းသားသပိတ်သည် အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးပညာရေးလှုပ်ရှားမှုကြီးအဖြစ် သမိုင်းတင်ခဲ့သည်။

ရန်ကုန်မြို့ရှိ အထက်တန်းကျောင်းသူ ကျောင်းသားများကလည်း သပိတ်တိုက်ပွဲကို ထောက်ခံကာ ဗဟန်းသပိတ်စခန်းသို့ လာရောက်ခဲ့ကြရာ မြို့လူထုက ကူညီထောက်ခံခဲ့သည်။ ဒီဇင်ဘာလ ၁၅ ရက်တွင် ယူနီဗာစီတီသပိတ်မှောက်ကောင်စီကို အဖွဲ့ဝင် ၁၅ ဦး ထပ်တိုးကာ ၂၆ ဦးဖြင့် ဖွဲ့စည်းခဲ့ရာ အဖွဲ့ဝင်များတွင် နောင်အခါ၌ အာဇာနည်ခေါင်းဆောင်တစ်ဦးဖြစ်လာမည့် ကိုမြ (သခင်မြ) ပါဝင်ခဲ့သည်။

ကောလိပ်အာဏာပိုင်များသည် သပိတ်တွင်ပါဝင်သည့် ကျောင်းသားများအား ဒီဇင်ဘာ ၂၃ ရက်အတွင်း ကျောင်းပြန်မတက်က ကျောင်းမှထုတ်ပယ်မည်ဟု ကြေညာခဲ့ရာ သပိတ်မှောက်ကျောင်းသားများက မိမိတို့၏ အမည်စာရင်းများကို ကျောင်းသားစာရင်းမှ အပြီးတိုင် ပယ်ထုတ်ရန် တုံ့ပြန်ခဲ့ကြသည်။ ဒီဇင်ဘာလ ၂၉ ရက်တွင် ဂျီစီဘီအေ အသင်းချုပ်ကြီးက သပိတ်မှောက်ကျောင်းသားများကို အစိုးရကျောင်းများနှင့် အစိုးရအထောက်အပံ့ခံကျောင်းများသို့ပြန်လည်မတက်ကြရန် တိုက်တွန်းနှိုးဆော်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

တက္ကသိုလ်အာဏာပိုင်များက တောင်းဆိုချက်များကို လိုက်လျောမှုမရှိသဖြင့် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက် (၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) တွင် ကျောင်းသား ၅၀၀ ကျော်က သပိတ်မှောက်ကြပြီး တောင်းဆိုချက် ၁၆ ရပ်ကို ကျောင်းသားများကိုယ်စား ကျောင်းသားခေါင်းဆောင် မောင်ဘဦးက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည်။

ကျွန်ပညာရေးစနစ်ကို ထူထောင်ရန် ကြိုးပမ်းခဲ့သည့် ယင်းဥပဒေသည် တက္ကသိုလ်ပညာကို လူနည်းစုသာ သင်ယူခွင့်ရရှိမည့် ဥပဒေဖြစ်သဖြင့် ကန့်ကွက်ဆန့်ကျင်ကြောင်း ကြွေးကြော်ဆန္ဒပြကြရာမှ တက္ကသိုလ်ကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ခဲ့ကာ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ကျောင်းသားများက ထောက်ခံခဲ့ကြသည်။ မျိုးချစ်ဝံသာနုပုဂ္ဂိုလ်များ၏ ကူညီပံ့ပိုးမှုများကြောင့် အမြို့မြို့အနယ်နယ်တွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာခဲ့သည်။

အမျိုးသားကျောင်းများ ပေါ်ပေါက်လာခြင်းကြောင့် မြန်မာစာပေ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ယဉ်ကျေးမှုတို့ကို လက်ဆင့်ကမ်းနိုင်ခဲ့ကာ အမျိုးသားရေးစိတ်ဓာတ်ခွန်အားများ နိုးကြားရှင်သန်လာခဲ့ကြသည်။ ပြည်သူများအကြား၌ အမျိုးသားရေးစိတ်ဓာတ်ခွန်အားများ ဖြစ်ထွန်းလာမှုသည် အမျိုးသားအောင်ပွဲ၏ အခြေအမြစ်ဖြစ်ခဲ့ကာ ယူနီဗာစီတီကောလိပ်ကျောင်းသပိတ်ကြီးဟု ထင်ရှားခဲ့သည့် အမျိုးသားရေးလှုပ်ရှားမှုသည် မြန်မာတိုင်းရင်းသားများအား အမျိုးသားရေးစိတ်ဓာတ်များ နိုးထစေခဲ့ပြီး ဆုံးရှုံးခဲ့သည့် မြန်မာနိုင်ငံ လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ရန် တွန်းအားတစ်ရပ်ဖြစ်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ခေါင်းဆောင် ၁၁ ဦး၏ အမည်များ ရေးထိုးထားသည့် ကမ္ပည်းကျောက်စာကို နှစ် ၅၀ ပြည့် ရွှေရတုအမျိုးသားအောင်ပွဲနေ့ဖြစ်သည့် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၂၃ ရက် (မြန်မာသက္ကရာဇ် ၁၃၃၂ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၀ ရက်) တနင်္လာနေ့တွင် ရွှေတိဂုံစေတီတော်၏ရင်ပြင်၌ စိုက်ထူခဲ့သည်။ ကျောက်စာတွင် ကျောင်းသားခေါင်းဆောင် ၁၁ ဦး၏ အမည်များနှင့်အတူ ‘ဤနေရာကား မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့က ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့ တွေ့ဆုံ၍ ရန်ကုန်ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုသောနေရာပေတည်း’ ဟု သမိုင်းမော်ကွန်းရေးထိုးခဲ့ပေသည်။

**အမျိုးသားအောင်ပွဲနေ့**

မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသားအောင်ပွဲနေ့ကို မြန်မာသက္ကရာဇ် ၁၂၈၄ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် (ခရစ်နှစ် ၁၉၂၂ ခုနှစ် နိုဝင်ဘာ ၁၃ ရက်) တနင်္လာနေ့တွင် ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံနှင့်ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အနီး မြေကွက်လပ်၌ ကျင်းပခဲ့သည်။

အမျိုးသားနေ့ကျင်းပရေးကော်မတီဝင် ဦးမောင်မောင်ကြီး (နောင်တွင် ဆာမောင်ကြီး) က အမျိုးသားပညာရေးအကြောင်းကို ဟောပြောခဲ့သည်။ လူငယ်တစ်ဦးက British Soldier Minus Gun equal to Zero ဟူသော ခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ဟောကြားခဲ့သောကြောင့် ဗြိတိသျှအာဏာပိုင်များက ဖမ်းဆီးခဲ့သည်။

အမျိုးသားပညာဝန် ဦးဖိုးကျား ၊ ဦးစိုးဝင်း၊ ဦးထွန်းညို စသည့်ပုဂ္ဂိုလ်ကြီးများက ကျောင်းပိတ်ရက်မဟုတ်သော်လည်း မြန်မာနိုင်ငံတစ်ဝန်းရှိ အမျိုးသားကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအား အမျိုးသားနေ့အခမ်းအနားတွင် တက်ကြွနိုးကြားစွာ ပါဝင်ဆင်နွှဲရန် လှုံ့ဆော်စည်းရုံးခဲ့သောကြောင့် အခက်အခဲအမျိုးမျိုးကြားမှ မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအောင်ပွဲနေ့ အခမ်းအနားများကို မြို့နယ်အသီးသီး၌ ကျင်းပပြုလုပ်နိုင်ခဲ့သည်။

ယင်းရက်မှစ၍ အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် အမျိုးသားပညာရေးကျောင်းများက ဦးဆောင်ကျင်းပခဲ့ကြပြီး နယ်ချဲ့အစိုးရက ဖွင့်လှစ်ထားသည့် အစိုးရကျောင်းများတွင်မူ ကျင်းပခြင်း မပြုခဲ့ချေ။

၁၉၃၄ ခုနှစ်တွင် ဗြိတိသျှအစိုးရ၏ ဒိုင်အာခီအုပ်ချုပ်ရေးအစိုးရအဖွဲ့၌ ဒေါက်တာဘမော်သည် ပညာရေးဝန်ကြီးဖြစ်လာခဲ့ပြီး အမျိုးသားအောင်ပွဲနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်တွင် ကျောင်းများအားလုံးကို ပိတ်ပေးရန် အမိန့်ထုတ်ပြန်ခဲ့သည်။ မန္တလေးမြို့၌ ကျင်းပခဲ့သော နဝမအကြိမ်မြောက် ဂျီစီဘီအေ ညီလာခံကလည်း ပထမကျောင်းသားသပိတ် စတင်သည့်နေ့ကို အမျိုးသားအောင်ပွဲနေ့ဟု သတ်မှတ်ရန် ဆုံးဖြတ်ခဲ့ကြသည်။

ဒေါက်တာဘမော်သည် နန်းရင်းဝန် (ဝန်ကြီးချုပ်) ဖြစ်လာပြီးနောက် ၁၉၃၇ ခုနှစ်တွင် အမျိုးသားအောင်ပွဲနေ့ကို တရားဝင်ရုံးပိတ်ရက်အဖြစ် သတ်မှတ်ပေးခဲ့သည်။ ရန်ကုန်တက္ကသိုလ်ကို အခြေပြုကာ ပေါ်ထွန်းခဲ့သည့် အမျိုးသားနေ့သည်လည်း တက္ကသိုလ်နှင့်အတူ နှစ် ၁၀၀ ပြည့်မြောက်ပြီဖြစ်ပေသည်။

**အရေးပေါ်ရန်ကုန်တက္ကသိုလ်**

၁၉၂၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်တက္ကသိုလ်ကို ဒုတိယကမ္ဘာစစ်ပြီးဆုံးချိန်တွင် မဟာမိတ်တပ်များက သိမ်းပိုက်ထားသဖြင့် တက္ကသိုလ်သင်တန်းများကို ရန်ကုန်မြို့လယ် မဂိုလမ်း (ယခုရွှေဘုံသာလမ်း) ရှိ ရန်ဒေးရီးယားကျောင်း (ယခု အထက ၂ ပန်းဘဲတန်း) တွင် အရေးပေါ်တက္ကသိုလ်ကောလိပ်သင်တန်း(Emergency University College) အဖြစ် ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၄ ရက်တွင် ဖွင့်လှစ်ကာ ဆရာကြီးဦးဘက ကျောင်းအုပ် ကြီး တာဝန်ယူခဲ့သည်။ ထိုကျောင်းတွင် ကျောင်းသား ကျောင်းသူ ၄၁၂ ဦး တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ်နယ်မြေကို သိမ်းပိုက်ထားသော မဟာမိတ်တပ်များ ရုပ်သိမ်းပေးရန် တောင်းဆိုမှုများ များပြားလာပြီးနောက် မဟာမိတ်တပ်များသည် ၁၉၄၇ ခုနှစ်တွင် တက္ကသိုလ်နယ်မြေတစ်ခုလုံးမှ ထွက်ခွာသွားကြပြီး ရန်ကုန်တက္ကသိုလ်တွင် သင်တန်းများလည်း ပြန်လည်ပို့ချနိုင်ခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် တက္ကသိုလ်အက်ဥပဒေကို ထပ်မံပြင်ဆင်ခဲ့ပြီး ဒေါက်တာထင်အောင်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးပါမောက္ခချုပ်ဖြစ်လာခဲ့သည်။

ရန်ကုန်တက္ကသိုလ်၏ ပထမဆုံး ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို ၁၉၅၅ ခုနှစ်တွင် ယူဂိုဆလပ်နိုင်ငံသမ္မတ မာရှယ်တီးတိုးအား ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင် ခန်းမ၌ ချီးမြှင့်ခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် မြောက်ဗီယက်နမ်နိုင်ငံ သမ္မတ ဟိုချီမင်းအားလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် အစ္စရေးနိုင်ငံဝန်ကြီးချုပ် ဘင်ဂူရီယန်အားလည်းကောင်း ဂုဏ်ထူးဆောင် ဒေါက်တာဘွဲ့များ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံရေးတွင် ထင်ရှားခဲ့သည့် ရန်ကုန်တက္ကသိုလ်သည် ပညာရှင်များ၊ သုတေသီများ၊ ပညာရပ်ဆိုင်ရာနယ်ပယ်အသီးသီးတွင် ထူးချွန်ထက်မြက်ကြသူများကို မွေးထုတ်ပေးခဲ့ရာ ယခုအခါတွင် နှစ် ၁၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ လက်ရှိအချိန်တွင်လည်း ရန်ကုန်တက္ကသိုလ်၌ ပုံမှန်ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအပြင် လူ့စွမ်းအားအရင်းအမြစ်ဌာန(Human Resources Department) ထူထောင်၍ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ကာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

နှစ် ၁၀၀ ပြည့် ရန်ကုန်တက္ကသိုလ်သည် နောင်နှစ်ပေါင်းရှည်ကြာသည်အထိ နိုင်ငံ့သားကောင်းမျိုးဆက်သစ်များကို ဆက်လက်မွေးထုတ်ပေးနေဦးမည်သာဖြစ်ကာ အဓိပတိလမ်း၊ ဘွဲ့နှင်းသဘင်ခန်းမ၊ သစ်ပုပ်ပင်၊ အပန်းဖြေရိပ်သာ၊ တက္ကသိုလ်စာကြည့်တိုက်အစရှိသည့် အဆောက်အအုံများသည် ရန်ကုန်တက္ကသိုလ်၏ အမှတ်လက္ခဏာများအဖြစ် ထင်ရှားစွာ တည်ရှိနေကြပေသည်။ ။


**ကိုးကား**

မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၄)

ရန်ကုန်တက္ကသိုလ်သမိုင်း(၁၉၂၀–၁၉၉၅)

ရန်ကုန်တက္ကသိုလ် ၇၅ နှစ်ခရီး အစီရင်ခံစာ





## ဆောင်းပါးရှင် ကောင်းစည်သူ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးဝင်းဇော်ဖြစ်သည်။
- ရန်ကုန်တက္ကသိုလ်မှ ၁၉၇၆ ခုနှစ်တွင် သချာင်္ဘာသာသိပ္ပံဘွဲ့ကို ရရှိခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ်တွင် ထပ်မံပညာသင်ယူကာ ရှေးဟောင်းသုတေသနပညာ မဟာဝိဇ္ဇာဘွဲ့ MA (Archaeology)၊ ရှေးဟောင်းသုတေသနပညာ မဟာသုတေသနဘွဲ့ MRes (Archaeology) ဘွဲ့နှင့် ဒီပလိုမာဘွဲ့ ငါးခု ရရှိခဲ့သည်။
- ၂၀၁၄ ခုနှစ်မှစ၍ မောင်သာ (ရှေးဟောင်းသုတေသန) ကလောင်အမည်ဖြင့် သမိုင်း၊ ရှေးဟောင်းသုတေသန၊ ယဉ်ကျေးမှုရေးရာနှင့် ခရီးသွားဆောင်းပါးများကို ရေးသားခဲ့သည်။ ယခုအခါတွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာတို့တွင် ဆောင်းပါးများကို အပတ်စဉ်ရေးသားလျက်ရှိကာ သုတအလင်း၊ သုတစွယ်စုံနှင့် အာရောဂျံမဂ္ဂဇင်းတို့တွင် ကောင်းစည်သူ ကလောင်အမည်ဖြင့် ဘာသာပြန်ဆောင်းပါးများကို လစဉ် ရေးသားလျက်ရှိပါသည်။

# မြန်မာနိုင်ငံအတွင်း ပြည်ထောင်စုလမ်းမကြီးများ လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန် အဆင့်မြှင့်တင်နိုင်ခဲ့ပြီ

ကိုတင့်(မြို့ပြအင်ဂျင်နီယာ)

*(ယမန်နေ့မှ အဆက်)*

**ရန်ကုန်-ပုသိမ်လမ်း အဆင့်မြှင့်တင်ခြင်း**

ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ ဆက်သွယ်ထားသော ရန်ကုန်-ပုသိမ်လမ်းမကြီးသည် လမ်းအရှည် ၁၁၃ မိုင် ၂ ဖာလုံရှိပါသည်။ ရန်ကုန်မြို့မှ ပုသိမ်မြို့နှင့် ချောင်းသာ၊ ငွေဆောင်ဒေသများသို့ ယာဉ်သွားလာမှုများပြားလာသောကြောင့် ရန်ကုန်-ပုသိမ်လမ်းကို လမ်း/တံတားများ တိုးချဲ့ပြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ၂၀၁၉ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အပိုင်းတွင် မိုင်တိုင်(၅/၄ - ၇/၄)အထိ ၄၈ ပေအကျယ် ကွန်ကရစ်လမ်းနှင့် မိုင်တိုင် (၇/၄-၁၇/၄) အထိ ၃၆ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်၍ Oriental Highway Co., ltd မှ BOT စနစ်ဖြင့် ဆောင်ရွက်ကြောင်း သိရှိရသည်။ ရန်ကုန်-ပုသိမ်လမ်း ဧရာဝတီတိုင်းဒေသကြီးနယ်စပ် မိုင် ၁၇/၄ မှ ဗိုလ်မြတ်ထွန်းတံတား မိုင်တိုင် ၄၁/၃ အထိ လမ်းအရှည် ၂၃/၇ မိုင်ကို မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ပေ ၃၀ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန ခရိုင်၊ မြို့နယ်နှင့် လမ်းအထူးအဖွဲ့များမှ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကွန်ကရစ်လမ်းအသစ်နှင့် လမ်းပခုံး၊ မြေကြီးတာပေါင်များ ကြံ့ခိုင်မှုရှိစေရန်အတွက် သံမဏိပြား ပိုင်တိုင် (Steel Sheet Piles)များရိုက်ခြင်းကိုလည်း ဆောင်ရွက်ကြောင်း သိရှိရသည်။ အဆိုပါ လမ်းပိုင်းရှိ တံတားငယ်များကိုလည်း မူလ ၂၄ ပေအကျယ်မှ လေးလမ်းသွားကားလမ်းအကျယ်ရရန် ၅၂ ပေ အကျယ် တံတားချဲ့ခြင်းလုပ်ငန်းများကို တံတားဦးစီးဌာနမှ ဆောင်ရွက်ကြောင်း သိရှိရပါသည်။ ပုသိမ်မြို့အထိ ကျန်ရှိနေသည့် မိုင်တိုင် ၄၁/၃ မှ ၁၁၃/၂ အထိ ကတ္တရာလမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေရယူ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ရန်ကုန်- ပုသိမ်လမ်းသည် အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ပုသိမ်မှ တစ်ဆင့် ချောင်းသာ၊ ငွေဆောင်၊ ငရုတ်ကောင်းပင်လယ်ကမ်းခြေများသို့ သွားရောက်နိုင်မည်ဖြစ်သည်။ ရန်ကုန်- ပုသိမ်လမ်းမကြီး အဆင့်မီဖြစ်ပေါ်လာခြင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

**ရန်ကုန်- မြဝတီ အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းမကြီး**

ရန်ကုန်-သီလဝါအထူးစီးပွားရေးဇုန်မှ ကရင်ပြည်နယ် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းသို့ ဆက်သွယ်ထားသော ရန်ကုန်- ပဲခူး- ကျိုက်ထို- သထုံ- ဘားအံ- မြဝတီလမ်မကြီးသည် အာရှလမ်းမကြီး အမှတ်(၁) (AH-1)နှင့် အရှေ့အနောက် စီးပွားရေး စင်္ကြံလမ်းမကြီးဖြစ်သည်။ သီလဝါနှင့် မြဝတီဆက်သွယ်ရာတွင် ခရီးတိုပြီး ပိုမိုမြန်ဆန်ရန်အတွက် ၆၂ ကီလိုမီတာအရှည်ရှိသည့် ပဲခူး-ကျိုက်ထို အမြန်



ရန်ကုန်- ပုသိမ်လမ်း ပေ၃၀ အကျယ် ကွန်ကရစ်ခင်းထားပြီးသည်ကို တွေ့ရစဉ်။

လမ်းမကြီးကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)မှ ချေးငွေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (ကျိုက်ထို)လေးလမ်းသွားတံတားသစ်တည်ဆောက်ရန် ဂျပန်နိုင်ငံ JICA ODA Loan မှ ချေးငွေရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ပဲခူး- ကျိုက်ထို- သထုံ- ဘားအံ လမ်းပိုင်းကို ရွှေသံလွင်ကုမ္ပဏီမှ BOT စနစ်ဖြင့် လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်း အဆင့်အထိ တိုးမြှင့်တည်ဆောက်ပြီးဖြစ်သည်။ ဘားအံ- မြဝတီလမ်း ဘားအံမြို့မှ အိန္ဒူလမ်းဆုံအထိလမ်းပိုင်းကို အေးကိုမိသားစုဆောက်လုပ်ရေးအဖွဲ့မှ ၂၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဖြစ် BOT စနစ်ဖြင့် ဆောင်ရွက်ထားသည်။ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်း(၆၆ ကီလိုမီတာ)ကို အာရှဖွံ့ဖြိုးရေးဘဏ် ADBမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၂၀ ရယူ၍ ၁၀ မီတာအကျယ် နှစ်လမ်းသွား ကတ္တရာလမ်းကြီးအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်ပြီး နိုင်ငံတကာတင်ဒါစနစ်ဖြင့် ရွေးချယ်ထားသည့် (China Road and Bridge Corporation -CRBC) တရုတ်နိုင်ငံကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိသည်။

၂၀၂၁ ခုနှစ်အတွင်း အိန္ဒူ-ကော့ကရိတ်လမ်း နိုင်လွန်ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းပြီးစီးမည်ဖြစ်ပါသည်။ ရန်ကုန်-မြဝတီလမ်းမိုင် ၂၈၀ အတွင်း လမ်း/တံတားများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် သော်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများမှချေးငွေရယူ၍သော်လည်းကောင်း၊ နိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များက BOT စနစ်ဖြင့် သော်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်နေပါသည်။ ယခုအခါ ရန်ကုန်မှ မြဝတီအရောက် ၈ နာရီဖြင့် ခရီးပေါက်ခဲ့ပြီဖြစ်သည်။

ရန်ကုန်- ပဲခူး-ကျိုက်ထို- သထုံ-ဘားအံ - မြဝတီလမ်း အရှေ့အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးကို အသုံးပြုပြီး မဟာမဲခေါင်



ADB ချေးငွေဖြင့် ဆောင်ရွက်ထားသော အိန္ဒူ- ကော့ကရိတ်လမ်းပိုင်း ပြီးစီးမှုကို တွေ့ရစဉ်။



ထားဝယ်-ပင်လောင်းလမ်းပိုင်း AC ကတ္တရာခင်းကျင်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ဒေသတွင်းနိုင်ငံများဖြစ်သော ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ထိုင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ သီလဝါအထူးစီးပွားရေးဇုန်နှင့် မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းတို့ချိတ်ဆက်၍ ကုန်စည်များ ပို့ဆောင်နိုင်တော့မည်ဖြစ်သည်။ ရန်ကုန်- သထုံ- ဘားအံ- မြဝတီ လမ်းမကြီးတစ်လျှောက်ရှိ ဒေသခံပြည်သူများအတွက် စားဝတ်နေရေးအဆင်ပြေလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

**ရန်ကုန်-ပဲခူး-သထုံ-မော်လမြိုင်လမ်းနှင့် မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်းလမ်း**

ရန်ကုန်- ပဲခူး- သထုံ- မော်လမြိုင်လမ်းနှင့် မော်လမြိုင်- ရေး- ထားဝယ်- မြိတ်- ကော့သောင်းလမ်းတို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံဒေသအသီးသီးတို့ကို ဆက်သွယ်ပေးထားသော အဓိကလမ်းမကြီးများ ဖြစ်ပါသည်။ ရန်ကုန်-ပဲခူး-သထုံ-မော်လမြိုင်လမ်း ပဲခူး(ဘုရားကြီး)လမ်းဆုံမှ မော်လမြိုင်အထိ လမ်းအရှည် ၁၂၈ မိုင်ကို BOT စနစ်ဖြင့်

*စာမျက်နှာ ၉ သို့*



ထားဝယ်- မလွှဲတောင်လမ်းပိုင်း တစ်နေရာ၌ ပြီးခဲ့သည့်နှစ်မိုးဒဏ်ကြောင့် ပျက်စီးသွားမှုကို ပြန်လည်ပြင်နေစဉ်။



ထိုင်းနိုင်ငံနယ်စပ်နှင့် ဆက်သွယ်ရာတွင် အတိုဆုံးလမ်းဖြစ်သော လေညာ- ရတနာပုံ နယ်စပ်ကုန်သွယ်ရေးလမ်း ကွန်ကရစ်ခင်း ပြီးစီးမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၈ မှ*

ရွှေသံလွင်ကုမ္ပဏီမှ လေးလမ်းသွားနိုင်လွန်ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ်အတွင်း မော်လမြိုင်မြို့မှ ရေး(မလွှဲတောင်) အထိ ၁၁၅ မိုင် ၄ ဖာလုံလမ်းအရှည်ရှိသည်။

မော်လမြိုင်မှ သံဖြူဇရပ်အထိ ၃၇ မိုင်ကို အေးကို မိသားစုကုမ္ပဏီမှ BOTစနစ်ဖြင့် ၂၄ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ် လမ်းဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ မူလကတ္တရာလမ်းအဆင့်မှ ၂၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ သံဖြူဇရပ်မှ ရေး (မလွှဲတောင်)အထိ လမ်းအရှည် ၅၇ မိုင် ၄ ဖာလုံ နိုင်လွန်ကတ္တရာခင်းပြီးကြောင်း သိရသည်။ မော်လမြိုင်မှ ရေး(မလွှဲတောင်)အထိ လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်လာသည်ဖြစ်၍ မွန်ပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်လာပြီဖြစ်သည်။ ယင်းလမ်း သံဖြူဇရပ်အနီး မိုင်တိုင် ၄၇/၀ မှ ထိုင်းနိုင်ငံနယ်စပ် ဘုရားသုံးဆူမြို့သို့ ဆက်သွယ်ထားသော လမ်းအရှည် ၆၃/၄ မိုင်ရှိ သံဖြူဇရပ်- ဘုရားသုံးဆူလမ်းရှိသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့တို့က ခွင့်ပြုရန်ပုံငွေများဖြင့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**မော်လမြိုင်-ရေး(မလွှဲတောင်)-ထားဝယ်-မြိတ်-ကော့သောင်းလမ်း**

တနင်္သာရီတိုင်း ဒေသကြီးအတွင်း ဖြတ်သန်းသွားသော မော်လမြိုင်- ရေး (မလွှဲတောင်)- ထားဝယ်- မြိတ်- ကော့သောင်းလမ်းသည် ရေး(မလွှဲတောင်)မှ ကော့သောင်းအထိ လမ်းမိုင်အရှည် ၅၀၃ မိုင် ၃ ဖာလုံရှိသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစ၍ ဆောက်လုပ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး လမ်းဦးစီးဌာန ခရိုင်/မြို့နယ် လမ်းအဖွဲ့များ၊ လမ်း/တံတား အထူးအဖွဲ့များမှ လမ်း/တံတား တိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ်အထိ တိုးတက်မှုများအနေဖြင့် ၂၄ ပေအကျယ် နိုင်လွန်ကတ္တရာလမ်း ၁၂၉ မိုင်၊ ကွန်ကရစ်လမ်း ၄၃ မိုင်နှင့် ကတ္တရာလမ်း ၃၃၁/၃ မိုင် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်သည်။

ကလိန်အောင်တံတား၊ သမုတ်လွတ်လွတ်တံတား၊ တနင်္သာရီတံတားနှင့် ပုလုံးတုံတုံးတံတားများကိုလည်း အခိုင်အမာတံတားကြီးများအဖြစ် တည်ဆောက်ပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ်မတိုင်မီက ထားဝယ်မှ ကော့သောင်းသို့ ကားဖြင့်သွားပါက နှစ်ညအိပ်ခရီးခန့် သွားလာခဲ့ရပါသည်။ ယခုအခါ ထားဝယ်မှကော့သောင်းသို့ ယာဉ်မောင်းချိန် ၁၂ နာရီခန့်ဖြင့် ခရီးသွားပြည်သူများ သွားလာနိုင်ကြပြီဖြစ်သည်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးလမ်းများဖောက်လုပ်ခြင်း**

တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်ရေနက်ဆိပ်ကမ်း အထူးစီးပွားရေးဇုန်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းအတွက် ထားဝယ် (SEZ)- မေတ္တာ-ထီးခီး-ဖူနာရွှမ် (ထိုင်းနယ်စပ်)လမ်းအရှည် ၁၃၈ ကီလိုမီတာကို နှစ်လမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ရန် ထိုင်းနိုင်ငံ NEDA အဖွဲ့မှ ထိုင်းဘတ်ငွေ ၄ ဒသမ ၅ ဘီလီယံ ချေးငွေရယူပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းတင်ဒါခေါ်ယူ၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ မြိတ်- တနင်္သာရီ- မောတောင်လမ်းသည် မြိတ်မြို့နယ်နှင့် မောတောင်နယ်စပ်ဆက်သွယ်ထားသော မြန်မာ-ထိုင်းနယ်စပ် ကုန်သွယ်ရေးလမ်းဖြစ်သည်။

လမ်းအရှည်သည် ၁၁၃ မိုင်ရှိပြီး တနင်္သာရီ- သဲဖြူ- မောတောင်လမ်းပိုင်း ၆၉ မိုင်ကို မြိတ်အများပိုင်ကော်ပိုရေးရှင်းမှ BOT စနစ်ဖြင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မြိတ်- မောတောင်နယ်စပ်ကုန်သွယ်ရေးလမ်းမှ ထိုင်းနိုင်ငံသို့ တနင်္သာရီတိုင်းဒေသကြီးမှထွက်သော ရေထွက်ပစ္စည်းများကို လွယ်ကူစွာ ပို့ဆောင်ရောင်းဝယ်နိုင်ခြင်းကြောင့် ဒေသခံပြည်သူများအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပါသည်။ မြန်မာနိုင်ငံ တနင်္သာရီတိုင်းဒေသကြီး တောင်ဘက်အစွန်ဆုံးရှိ ကော့သောင်းခရိုင် ပြည်ကြီးမဏ္ဍိုင်မြို့နယ် မြိတ်- တနင်္သာရီ-ကော့သောင်းလမ်းမှ ထိုင်းနိုင်ငံနယ်စပ်သို့ လေညာ-ရတနာပုံလမ်း နယ်စပ်ကုန်သွယ်ရေးလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်မှစတင်၍ လမ်းဖောက်လျက်ရှိသည်။

လမ်းအရှည်မှာ ၃၆ မိုင် ၆ ဖာလုံရှိပြီး ထိုင်းနိုင်ငံနယ်စပ်နှင့်ဆက်သွယ်ရာတွင် အတိုဆုံးလမ်းဖြစ်သည်။ လေညာ- ရတနာပုံ နယ်စပ်ကုန်သွယ်ရေး လမ်းပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပြီး လူမှုစီးပွားရေးဘဝများ ပိုမိုတိုးတက်လာမည် ဖြစ်သည်။

**နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ပြည်ထောင်စုလမ်းများဖောက်လုပ်ပေး**

နိုင်ငံတော်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်း လမ်း/တံတားများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်မြို့၊ နေပြည်တော်နှင့် မန္တလေးမြို့တို့မှ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့တော်များသို့ ဆက်သွယ်ထားသော ပြည်ထောင်စုလမ်းမကြီးများကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့် ဆက်သွယ်ထားသော စီးပွားရေးစင်္ကြံလမ်းမကြီးများ၊ အာရှလမ်းမကြီးများ၊ နယ်စပ်ကုန်သွယ်ရေးလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အဓိကလမ်းမကြီးများပေါ်ရှိ မြစ်ကူး၊ ချောင်းကူးတံတားကြီးများကိုလည်း နိုင်ငံတော် အစိုးရအနေဖြင့် အသစ်တည်ဆောက်ပေးလျက်ရှိသည်။

**၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၁၉-၂၀၂၀ ပြည့်နှစ်အတွင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့မှုများ**

ဝန်ကြီးဌာန၏ အဆောက်အအုံ၊ မြို့ပြ၊ အိမ်ရာ၊ လမ်း/တံတားနှင့် ကျေးလက်လမ်း/တံတားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲမှုများ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ စုစုပေါင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၃၂၉၇၈၉၉ ဒသမ ၅၁၁၀ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ စုစုပေါင်းအသုံးစရိတ် ကျပ်သန်းပေါင်း ၄၅၀၃၄၉၄ ဒသမ ၃၂၂ ရှိပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ယနေ့အထိ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦဦးစီးဌာနသို့အပ်နှံလာသော လုပ်ငန်းပေါင်း ၅၃၂၃ ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဖြစ်သည်။

ဝန်ကြီးဌာနပိုင်လမ်းများ တိုးတက်မှုအနေဖြင့် မြန်မာနိုင်ငံအတွင်း ၂၀၁၇ ခုနှစ်မတ်လတွင် လမ်းမိုင်ပေါင်း ၂၆၀၀၀ ရှိရာမှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအထိ လမ်းမိုင်ပေါင်း ၂၆၆၂၃ မိုင်အထိ တိုးတက်ခဲ့ပါသည်။ လက်ရှိအချိန်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းများအခြေအနေမှာ နိုင်လွန်ကတ္တရာလမ်း ၂၁၁၅/၃ မိုင်၊ ကွန်ကရစ်လမ်း ၁၈၉၂/၀ မိုင်၊ ကတ္တရာလမ်း ၁၅၆၉၁/၅ မိုင်၊ ကျောက်ချောလမ်း ၁၆၅၆/၇ မိုင်၊ အမာခံလမ်း ၂၇၁၈/၂ မိုင်နှင့် မြေသားလမ်း ၂၅၀၉/၄ မိုင်တို့ ဖြစ်ကြပါသည်။

တံတားဦးစီးဌာနအနေဖြင့် ၂၀၁၆-၂၀၁၇ မှ ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း ပေ ၁၈၀ အထက်တံတား ၁၇၈ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၃၃၉ စင်း တည်ဆောက်ပြီးစီးခဲ့သည်။ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ၂၀၁၆-၁၇မှ ၂၀၁၉-၂၀ အထိ ကွန်ကရစ်လမ်းမိုင် ၉၃၁ မိုင်၊ ကတ္တရာလမ်း ၁၈၂ မိုင်နှင့် အမာခံလမ်း ၃၆၂၂ မိုင်၊ တံတား များပေအရှည်အနေဖြင့် ကွန်ကရစ်တံတား ၆၅၄၂၅ ပေ၊ ဘေလီ/ကြိုးတံတား ၂၃၁၆၄ ပေနှင့် ရေကျော် ၁၄၇၁၃ ပေ ဆောင်ရွက် ပြီးစီးခဲ့သည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေဖြင့် ယနေ့အထိ အိမ်ရာဆောက်လုပ်မှုမှာ ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အရောင်းအိမ်ရာ ၂၈၉၀၁ ခန်းနှင့် အငှားအိမ်ရာအတွက် ၂၆၆၉၉ ခန်းစုစုပေါင်းအခန်း ၅၅၆၀၀ ဆောက်လုပ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။




ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုခွင့်ပြုပေးသော အဆောက်အအုံများနှင့် မြို့ပြအိမ်ရာ စီမံကိန်းများ၊ လမ်း/တံတားစီမံကိန်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်အတူ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်း နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့တို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များ ဆက်သွယ်ထားသည့် ပြည်ထောင်စု လမ်းမကြီးများကို ပြည်ထောင်စုအစိုးရအဖွဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် လမ်း/တံတားများ တိုးတက်အောင် ဆောင်ရွက်ခဲ့မှုများကို မှတ်တမ်းတင်ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။

# ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာလှ၏ သား ဦးကျော်စွာလှနှင့် ရန်ကုန်တက္ကသိုလ်နှင့်စပ်လျဉ်းသည့် အမှတ်တရများမေးမြန်းခြင်း

**ရန်ကုန်တက္ကသိုလ်သည် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် သက်တမ်းနှစ် ၁၀၀ ပြည့်မည်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် တာဝန်အဆက်ဆက်ထမ်းဆောင်ခဲ့ကြသည့် ပါမောက္ခချုပ်ကြီးများအနက် သက်ရှိထင်ရှား ပါမောက္ခချုပ်ကြီးများရှိသကဲ့သို့ ကွယ်လွန်သွားခဲ့ကြသည့် ပါမောက္ခချုပ်ကြီးများ ရှိကြပါသည်။**

တွေ့ဆုံမေးမြန်း – စိန်မောင်တင်
ဓာတ်ပုံ– မွန်းဦးနဒီ

ကွယ်လွန်သွားသည့် ပါမောက္ခချုပ်ကြီးများ၏ မိသားစုဝင်များနှင့် တွေ့ဆုံပြီး ရန်ကုန်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ပါမောက္ခချုပ်ကြီးများ၏ အမှတ်တရရှိခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအား ပြန်လည်ဖော်ပြလိုသည့်အတွက် ဘူမိဗေဒဘာသာရပ်ကို မြန်မာနိုင်ငံ၌ စတင်တည်ထောင်ခဲ့သူဖြစ်ကာ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ ဆရာကြီးဒေါက်တာသာလှ (၁၉၁၃–၂၀၀၅)၏ ကိုယ်စားသားဖြစ်သူ ဦးကျော်စွာလှအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။ ပထမဦးစွာ ဆရာကြီးဒေါက်တာသာလှနဲ့ပတ်သက်ပြီး အမှတ်တရ ဖြစ်စဉ်များကို မေးမြန်းလိုပါတယ်။ ဆရာကြီးရဲ့မွေးဖွားရာဒေသ၊ အခြေခံပညာ သင်ကြားအောင်မြင်ခဲ့တဲ့နေရာနဲ့ တက္ကသိုလ်ကို ဘယ်နှခုနှစ်မှာ တက်ရောက်ခဲ့တယ်ဆိုတာတွေကို ပြောပြပေးစေလိုပါတယ်။**

ဖြေ ။ ။ အဖေက ၁၉၁၃ ခုနှစ် ဧပြီလ ၁၈ ရက်နေ့မှာ ကျိုက်လတ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ တစ်နှစ်သားလောက်အရွယ်မှာ “သောင်တူ” ဆိုတဲ့ရွာကို ပြောင်းခဲ့ပါတယ်။ အဲဒီမှာ အသက် ၆ နှစ်သားလောက်အထိ နေထိုင်ခဲ့ပြီး အသက် ၇ နှစ်သားရောက်ရှိချိန်မှာ မိဘတွေက ပညာရေးအတွက် ကျိုက်လတ်မြို့ကို ပြန်လည်ပြောင်းလာပြီး ကျောင်းစထားခဲ့တယ်။ ၁၉၂၈ ခုနှစ်မှာ ၁၀ တန်းအောင်ခဲ့ပါတယ်။ ၈ တန်းကနေ ၁၀ တန်းကို တစ်ခါတည်း ဖြေဆိုခွင့်ရရှိခဲ့တယ်။ ပြီးတော့ ၁၉၃၁ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်စတင်တက်ရောက်ခဲ့တယ်။ တက္ကသိုလ်မှာ သင်္ချာ၊ ဓာတုဗေဒနဲ့ ရူပဗေဒဘာသာရပ်တွေကို ယူခဲ့တယ်။ ၁၉၃၈ ခုနှစ်မှာ ဓာတုဗေဒ ဂုဏ်ထူးတန်းအောင်မြင်ခဲ့တယ်။ ၁၉၃၉ ခုနှစ်မှာ အင်္ဂလန်နိုင်ငံကို သွားရောက်ပြီး ပညာသင်ယူခဲ့ပါတယ်။

**မေး ။ ။ ဒီနေရာမှာ ဆရာကြီးဒေါက်တာဦးသာလှနဲ့ ပတ်သက်ပြီး ထူးခြားမှုတစ်ခုကတော့ ၁၉၃၅–၃၆ ခုနှစ် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ရွေးကောက်ပွဲမှာ ဆရာကြီးက အလုပ်အမှုဆောင်အဖွဲ့ဝင်အနေနဲ့ အရွေးခံခဲ့ရတယ်။ ထူးထူးခြားခြား ၁၉၃၆ ခုနှစ်မှာပဲ ဒုတိယအကြိမ် တက္ကသိုလ်ကျောင်းသားများ သပိတ်ဖြစ်ပွားချိန်မှာ ဆရာကြီးက ဝင်ပြီးတော့ ဦးဆောင်ပါဝင်ခဲ့တယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးနုတို့လို နိုင်ငံရေးခေါင်းဆောင်ကြီးတွေ၊ ဒီဘက်အထိပါခဲ့တဲ့ ဦးကျော်ငြိမ်း၊ မစ္စတာရာရှစ်တို့လို သမဂ္ဂခေါင်းဆောင်တွေနဲ့ လက်တွဲပြီးတော့ ကျောင်းသားသပိတ်ကို အောင်အောင်မြင်မြင်လုပ်နိုင်ခဲ့တယ်လို့ သိခဲ့ရပါတယ်။ ဒါကဆရာကြီးရဲ့ ထူးခြားထင်ရှားတဲ့ဆောင်ရွက်မှုတစ်ခုပဲဖြစ်ပါတယ်။ ဆက်ပြောပါဦး ဆရာ။**

ဖြေ ။ ။ ဒီလိုနဲ့ ကျောင်းသားသပိတ်ပြီးတော့ ၁၉၃၈ ခုနှစ်မှာ ဓာတုဗေဒဘာသာဂုဏ်ထူးတန်းနဲ့ အောင်မြင်ခဲ့တယ်။ ၁၉၃၉ ခုနှစ် ရောက်တော့ အင်္ဂလန်နိုင်ငံကို သင်္ဘောနဲ့ သွားရောက်ခဲ့ပါတယ်။ လမ်းခုလတ်မှာ

**အဲဒီတုန်းက မြန်မာပြည်မှာ ဘူမိဗေဒဘာသာရပ် မရှိသေးဘူး။ သူကစပြီးတော့ စတင်တည်ထောင်ခဲ့တာပါ။ ပါမောက္ခအနေနဲ့ ၁၉၄၆ ခုနှစ်ကနေ ၁၉၆၁ ခုနှစ်အထိ ဘူမိဗေဒဘာသာရပ် တိုးတက်ရေးအတွက် တောက်လျှောက်ဆောင်ရွက်ခဲ့တယ်။ ဒီကြားထဲမှာလည်း ရန်ကုန်တက္ကသိုလ်ကြီးမှာက စစ်ပြီးသွားတဲ့အချိန်ဖြစ်ပြီး ပိုက်ဆံလည်းမရှိဘူး၊ ဘာမှလည်း မတိုးတက်ဘူးဆိုတော့ ၁၉၅၁ ခုနှစ်မှာ အစိုးရကနေ တက္ကသိုလ်လိုတောင်းကော်မတီ (University Needs Committee ) ဆိုပြီး ဖွဲ့စည်းလိုက်တယ်။ အဲဒီမှာ အဖေက အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့တယ်။**



ဆရာကြီးဒေါက်တာသာလှ (၁၉၁၃–၂၀၀၅)၏ကိုယ်စား သားဖြစ်သူ ဦးကျော်စွာလှအား တွေ့ဆုံမေးမြန်းစဉ်။

ဒုတိယကမ္ဘာစစ်ဖြစ်တော့ အာဖရိကတိုက်လောက်ရောက်နေချိန်ဖြစ်တယ်။ ဒီတော့ အတူတူသွားတဲ့သူတွေနဲ့ တိုင်ပင်ကြတယ်။ ဆက်ပဲသွားမလား ပြန်မလားပေါ့။ ဟိုမှာလည်း စစ်ဖြစ်နေပြီဆိုတော့လေ။ အဲဒီခရီးမှာ အိုးဝေဦးညိုမြတို့လည်း ပါလာကြတယ်။ နောက်ဆုံးတော့ အားလုံးကဆုံးဖြတ်ပြီးတော့ ရှေ့ကိုပဲ သွားကြမယ်ကွာ ဆိုပြီးသွားကြတယ်။ ဟိုရောက်တော့ စစ်အတွင်းမှာပဲ ပညာသင်ကြားရတယ်။ ဘူမိဗေဒဘာသာရပ်ကို အထူးပြုတက်ရောက်ခဲ့တယ်၊ B.Sc Special, Geology ဘွဲ့ကို ရရှိခဲ့တယ်။ စစ်မပြီးသေးတော့ ၁၉၄၄ ခုနှစ်အထိ University College London ဘူမိဗေဒဌာနမှာ လက်ထောက်ကထိက ပြန်လုပ်ခဲ့တယ်။ အဲဒီကနေ လန်ဒန်တက္ကသိုလ်မှာ ပါဝင်တဲ့ တော်ဝင်သိပ္ပံ Imperial College of Science & Technology မှာ သုတေသနလုပ်ပြီး ပါရဂူ(Ph.D) ဘွဲ့ကို ၁၉၄၆ ခုနှစ်မှာ တော်ဝင်သိပ္ပံကနေ ရရှိခဲ့တယ်။ ၁၉၄၆ ခုနှစ် အောက်တိုဘာလမှာ မြန်မာပြည်ကို ပြန်လာခဲ့တယ်။

**မေး ။ ။ ဆရာကြီးက မြန်မာနိုင်ငံမှာနေတုန်းက ဓာတုဗေဒဘာသာရပ်နဲ့ သရုပ်ပြဆရာအဖြစ် အမှုထမ်းခဲ့တယ်။ အင်္ဂလန်ကနေ ပြန်ရောက်လာတဲ့အချိန်မှာ ဘူမိဗေဒဘာသာရပ်ပါမောက္ခအဖြစ် ပြန်ရောက်လာတာပေါ့နော်။**

ဖြေ ။ ။ အဲဒီတုန်းက မြန်မာပြည်မှာ ဘူမိဗေဒဘာသာရပ် မရှိသေးဘူး။ သူကစပြီးတော့ စတင်တည်ထောင်ခဲ့တာပါ။ ပါမောက္ခအနေနဲ့ ၁၉၄၆ ခုနှစ်ကနေ ၁၉၆၁ ခုနှစ်အထိ ဘူမိဗေဒဘာသာရပ် တိုးတက်ရေးအတွက် တောက်လျှောက်ဆောင်ရွက်ခဲ့တယ်။ ဒီကြားထဲမှာလည်း ရန်ကုန်တက္ကသိုလ်ကြီးမှာက စစ်ပြီးသွားတဲ့အချိန်ဖြစ်ပြီး ပိုက်ဆံလည်း မရှိဘူး၊ ဘာမှလည်း မတိုးတက်ဘူးဆိုတော့ ၁၉၅၁ ခုနှစ်မှာ အစိုးရကနေ တက္ကသိုလ်လိုတောင်းကော်မတီ (University Needs Committee ) ဆိုပြီး ဖွဲ့စည်းလိုက်တယ်။ အဲဒီမှာ အဖေက အတွင်းရေးမှူးအဖြစ် ပါဝင်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်မှာ အဆောင်တွေဆောက်လုပ်ပြီး မန္တလေး၊ အမရပူရ၊ ရာမည စတဲ့ အမျိုးသားဆောင်တွေ၊ မာလာ၊ ရတနာ၊ ပုဂံ စတဲ့ အမျိုးသမီးဆောင်တွေ ဆောက်လုပ်ခဲ့တယ်။ ပြီးတော့ အဲဒီတုန်းက ဆေးတက္ကသိုလ်က ရန်ကုန်တက္ကသိုလ်ရဲ့ လက်အောက်မှာရှိနေတာကြောင့် သူတို့အတွက်လည်း ယောကျာ်းလေးဆောင်တစ်ဆောင် ဆောက်ပေးခဲ့တယ်။ ဆောက်လုပ်တာက ၁၉၅၁ ခုနှစ်ကနေ ၁၉၅၅ ခုနှစ်အထိ ဖြစ်တယ်။

**မေး ။ ။ ဆရာကြီးဆောင်ရွက်ခဲ့တဲ့ အထဲမှာ ဆရာအင်အားလိုအပ်ချက်တွေကိုလည်း အများကြီးဖြည့်တင်းပေးနိုင်တယ်လို့ သိရပါတယ်။**

ဖြေ ။ ။ သူတို့ရဲ့ လိုအပ်ချက်တွေကိုလည်း အစိုးရက အတိအကျဖြည့်ဆည်းပေးခဲ့တယ်။

**မေး ။ ။ ဆရာကြီးက ရန်ကုန်တက္ကသိုလ်ကြီးကိုစပြီး တာဝန်ထမ်းဆောင်ကတည်းက သံယောဇဉ်ကြီးကြီးမားမားနဲ့ ဖြည့်ဆည်းပေးခဲ့တယ်နော်။**

ဖြေ ။ ။ စစ်ပြီးချိန် ချုံးချုံးကျနေတဲ့အချိန်မှာ အကုန်လုံးပြည့်စုံအောင်ဖြည့်ဖို့ ကြိုးစားခဲ့တယ်။ နောက်ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေရိပ်သာတစ်ခုလုံး(RC2)နေရာကလည်း အဖေပဲ ပညာရေးအတွက်တည်ထောင်ဖို့ရွေးချယ်ပေးခဲ့တယ်။

**မေး ။ ။ အဲဒါကို ကျွန်တော်တို့တောင်မသိဘူး။ ဦးကျော်စွာလှ ပြောပြမှ သိရတယ်ခင်ဗျ။ သိခွင့်ရတာသမိုင်းမှတ်တမ်းတစ်ခုလိုပါပဲ။**

ဖြေ ။ ။ အဲဒီတုန်းကလည်း တပ်မတော်ရဟတ်ယာဉ်နဲ့ ပျံသန်းပြီး အပေါ်ကနေကြည့်ပြီး ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။

**မေး ။ ။ ဒါကလည်း သမိုင်းအချက်အလက် တစ်ခုပါပဲ။ ဒီနေ့မှာဆိုရင် အဲဒီနေရာတွေက တက္ကသိုလ်ပတ်ဝန်းကျင်ပုံစံဖြစ်သွားပြီး ရန်ကုန်တက္ကသိုလ်ရဲ့ ဒုတိယ Campus တစ်ခုပါပဲ။ ဆရာကြီးက ပါမောက္ခဘဝမှာ တာဝန်ထမ်းဆောင်ရင်း တက္ကသိုလ်ဌာနမှူး Dean of Science အဖြစ်တာဝန်ယူခဲ့တယ်လို့သိရပါတယ်ဆရာ။ ဆရာကြီးရေးထားတဲ့ ဆောင်းပါးတစ်ပုဒ်ထဲမှာ ဖတ်ရတာတော့ ဓာတုဗေဒဘာသာရပ်နဲ့ ဘွဲ့ရပြီး ပညာတော်သင်မသွားခင်မှာ အဆောင်မှာ နည်းပြ Hall Tutor အဖြစ်တာဝန်ယူခဲ့ချိန်မှာ အဆောင် စည်းကမ်းတွေက ဒီဘက်ခေတ်ကောလိပ်ဂျင်ရုပ်ရှင်ကားထဲကလိုပေါ့။ အဲဒီအချိန်အခါအထိ စစ်မဖြစ်ခင်ကရော စစ်ပြီးကာလရော ၁၉၄၆ ခုနှစ်လောက်မှာ အဆောင်နည်းပြက အခန်းတိုင်းမှာ ကျောင်းသား ရှိ မရှိ စစ်ရတယ်။ တကယ်လို့ ညစနာရီနောက်ပိုင်းမှ ဝင်လာတဲ့ ကျောင်းသားဆိုလည်း ဂိတ်တစ်ဂိတ်ပဲ ဖွင့်ပေးထားတယ်။ သထုံဆောင်ဂိတ်ဝနေရာမှာ။ အဲဒီနေရာကဝင်လာရင် နာမည်နဲ့ ခုံနံပါတ်၊ အဆောင်နဲ့ အခန်းနံပါတ်တို့ကို ဖြည့်ပြီးရင် စောင့်တဲ့သူက အချိန်ကိုဖြည့်ရတယ်။ အဆောင်အချိန်ကို လွဲဖြည့်လို့မရဘူး၊ အဲဒီနည်းနဲ့ အဆောင်နေ ကျောင်းသားတွေက အင်မတန်စည်းကမ်းရှိတာကို တွေ့ရတယ်။ ဒီလို အဆောင်စည်းကမ်းနဲ့ ကြီးပြင်းလာတဲ့ တက္ကသိုလ်ကျောင်းသားတွေ ဖြစ်တဲ့အတွက် အဲဒီခေတ်က ကျောင်းသားတွေက အင်မတန်ထူးချွန်ထက်မြက်ကြတယ်။ ၁၉၆၂ ခုနှစ်မတိုင်ခင် အထိပေါ့။ အခုဒီဘက်ခေတ်မှာ နမူနာယူစရာကောင်းပြီး ပြန်လည်ကျင့်သုံးသင့်တယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ ဆက်လက်ပြီး ဆရာကြီးရဲ့ နောက်ပိုင်းကာလတွေကို အမိန့်ရှိပါဦး။**

ဖြေ ။ ။ အဲဒါနဲ့ ၁၉၆၁ ခုနှစ်ဇန်နဝါရီလမှာ အဖေက ပါမောက္ခချုပ်ဖြစ်ပြီး ၁၉၆၂ ခုနှစ်မှာတော့ တော်လှန်ရေးအစိုးရတက်ပြီး သူနဲ့ အဆင်မပြေတာရယ်၊ အခြား ကိုယ်ရေး ကိုယ်တာအကြောင်းကြောင်းတွေကြောင့် ၁၉၆၂ ခုနှစ် မေလမှာ နုတ်ထွက်ခဲ့တယ်။ နုတ်ထွက်ပြီးတော့ ဓာတ်သတ္တုရှာဖွေရေးမှာ အကြံပေးရာထူးအဖြစ် ခန့်အပ်ခံခဲ့တယ်။ အဲဒါက တစ်နှစ်လောက်ပဲလုပ်ခဲ့တယ်။ ၁၉၆၃ ခုနှစ် ဧပြီလအထိလုပ်ခဲ့ပြီး ၁၉၆၃ ခုနှစ် မေလမှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာရှိတဲ့ ယူနက်စကိုအဖွဲ့ဌာနချုပ်မှာ လက်ထောက်ညွှန်ကြားရေးမှူးရာထူးနဲ့ သဘာဝသိပ္ပံအပိုင်းမှာ တာဝန်ယူကူးပြောင်းထမ်းဆောင်ခဲ့တယ်။ ၁၉၆၃ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ အဲဒီမှာ တာဝန်ထမ်းဆောင်ခဲ့တယ်။ ဒီကြားထဲမှာ ထိုင်းနဲ့ သီရိလင်္ကာနိုင်ငံတွေမှာ ယူနက်စကိုအကြီးတန်း အကြံပေးအရာရှိ တာဝန်ထမ်းဆောင်ခဲ့တယ်။ ၁၉၇၉ ခုနှစ်မှာ မြန်မာနိုင်ငံကို ပြန်လာခဲ့တယ်။ ပြန်လာပြီးတော့ မန္တလေးဆောင်မှာ ဘူမိဗေဒဘာသာရပ်အတွက် အချိန်ပိုင်းစာပြခဲ့တယ်။ အခန်းတစ်ခန်း ပေးထားတယ်။

*စာမျက်နှာ ၁၁ သို့*

# ရန်ကုန်တက္ကသိုလ် နှစ်တစ်ရာပြည့်အထိမ်းအမှတ် တွေ့ဆုံမေးမြန်း



*စာမျက်နှာ ၁၀ မှ*

**မေး ။ ။ ဆရာကြီးစာသင်ပြတာနဲ့ပတ်သက်လို့ ဆရာကြီး ဒေါက်တာညီညီ ရေးထားတဲ့စာထဲမှာ တွေ့ရတယ်။ စာသင်ကြားပုံက အင်မတန်ကောင်းတယ်။ တစ်ခါတည်း ဝေဖန်သုံးသပ်ပြီးတော့ အနောက်နိုင်ငံကသင်တဲ့ နည်းစနစ်ပုံစံအတိုင်း သင်ကြားတဲ့အတွက် သူတို့ကိုယ်တိုင် အတုယူလိုက်နာခဲ့ရတယ်လို့ ကျွန်တော် ပထမ ဆရာဆောင်းပါးမှာ ရေးသားထားတာ ဖတ်ခဲ့ရပါတယ်။**

ဖြေ ။ ။ အဖေက စာသင်ကြားတာနဲ့ပတ်သက်ရင်တော့ အင်မတန်တော်တော် ကြမ်းကြမ်းလေးသင်တဲ့ သဘောရှိတယ်။ အဲဒါကြောင့်လည်း သူ့တပည့်တော်တော်များများက တော်တော်ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြပါတယ်။

**မေး ။ ။ ဆရာကြီးက စည်းကမ်းသေသေချာချာကိုင်ပြီး တပည့်တွေကို မတတ်တတ်အောင်၊ ထူးချွန်အောင် မြေတောင်မြှောက်ပေးခဲ့တယ်။ ဥပမာအားဖြင့် ငွေကြေးပိုင်းတွေ အခက်အခဲရှိရင်လည်း Student Demonstrator လို အဆင့်ခန့်ပြီး ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားပေးတယ်၊ ဆရာကြီး ဒေါက်တာညီညီ၊ ဆရာကြီး ဦးသိန်းနဲ့ ဆရာကြီး ဦးစီသက်ပေါ တို့ဆိုရင်လည်း သူ့ဘဝလမ်းကြောင်းကို ပြောင်းလဲပေးတယ်ဆိုပြီး ရေးသားထားတာဖတ်ရှုရပါတယ်။ ဆရာကြီးတာဝန်ထမ်းဆောင်တဲ့အခါမှာ ရန်ကုန်တက္ကသိုလ်ကြီးကို အင်မတန်မှ ချစ်တယ်လို့ သိရပါတယ်။ မနက်ဆို ကံ့ကော်ပင်တွေကို သေသေချာချာလိုက်ပြီး ကြည့်တယ်လို့သိရတယ်။**

ဖြေ ။ ။ အဲဒီတုန်းက တက်ပြီးခူးတဲ့သူတွေကို တုတ်နဲ့ လိုက်ရိုက်တယ်တဲ့၊ သူက တက်ခူးတာမကြိုက်ဘူး၊ ကျောင်းဝန်းမှာ အလှထားတာမို့လို့ ပေးချင်ရင် ဈေးမှာသွားဝယ်လို့ ပြောခဲ့တယ်လို့ သိရပါတယ်။

**မေး ။ ။ ဒါ့ကြောင့် ကံ့ကော်တောလို့ ကျွန်တော်တို့ တက္ကသိုလ်ကြီးက အမည်တွင်လာတယ်လို့ နားလည်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို ဆရာကြီး ပြန်လာတဲ့အချိန်မှာ အခြားစာပေတွေ ရေးသားခဲ့တာရှိတယ်လို့ သိရပါတယ်။**

ဖြေ ။ ။ ဟုတ်ပါတယ်။ သမိုင်းစာပေတွေ ဖတ်ရှုလေ့လာပြီး သုဝဏ္ဏဘူမိ မြို့ဟောင်းကိစ္စကို နည်းနည်းပြန်ပြီး ဆွေးနွေးတင်ပြထားတာ ရှိပါတယ်။ သထုံအကြောင်းပေါ့။ ထိုင်းဘက်က သုဝဏ္ဏဘူမိနဲ့ မြန်မာပြည်ဘက်က နားလည်တဲ့ သုဝဏ္ဏဘူမိအကြောင်းမှာ သူက လက်တွေ့လေ့လာလို့ ရတဲ့ အပိုင်းနဲ့ နည်းနည်းကွဲပြားနေတဲ့ကိစ္စပါ။ သထုံမြို့က ဘယ်မှာလဲဆိုရင် သူ့လေ့လာတွေ့ရှိချက်အရ လက်ရှိနေရာ ဟုတ်မဟုတ်ကို သုံးသပ်ထားတာပေါ့။ အဖေတွေ့တာကတော့ ထိုင်းနိုင်ငံ နယ်စပ်မြို့နားက နေရာမှာ



ဒေါက်တာ သာလှ ၁၉၆၁ ခုနှစ် အသက် (၄၈)နှစ် အရွယ် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဘဝက ရိုက်ကူးထားသောပုံ။

သမိုင်းအထောက်အထားတွေ ရှိခဲ့တယ်လို့ သုတေသနနဲ့ ရေးသားထားပါတယ်။ အဲဒီတုန်းကတော့ ဆရာကြီးနိုင်ပန်းလှတို့လည်း လေ့လာချက်မှာ ပါဝင်တယ်။ နောက်ထပ် အဖေက သောင်းပြောင်းထွေလာမဂ္ဂဇင်းမှာ အင်္ဂလိပ်အသံထွက်နဲ့ ပတ်သက်ပြီး အပတ်စဉ်ရေးသားခဲ့တယ်။ နောက်ဆုံးအနှစ်ချုပ်ပြီးတော့ စာအုပ်တစ်အုပ် ထုတ်ခဲ့တယ်။

**မေး ။ ။ အဲဒီ အင်္ဂလိပ်စာအုပ်ကို နောက်ပိုင်းလူတွေ လေ့လာကြတယ်။ ဆရာကြီးက အငြိမ်းစားယူခဲ့ပြီးနောက် မြန်မာပြည်ရောက်ပြီး နားတဲ့အချိန်မှာတောင် ကိုယ့်နိုင်ငံအတွက် အကျိုးရှိရာရှိကြောင်း သုတေသနတစ်ခုကို ဆက်လက်လုပ်ခဲ့တယ်၊ ဘာသာရပ်အနေနဲ့ကတော့ ကိုယ့်ဘူမိဗေဒဌာနရဲ့ တိုးတက်မှုတွေကို အများကြီး ပိုင်းကူပေးခဲ့တာပေါ့။ ပြီးတော့ ဆရာကြီးက ၁၉၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ကို မီတယ်နော်။ အဲဒီ အာစရိယပူဇော်ပွဲမှာ ဆရာကြီးတက်ရောက်ချီးမြှင့်တယ်လို့သိရတယ်။**

ဖြေ ။ ။ ဟုတ်ကဲ့ မီလိုက်ပါတယ်။ တက်ရောက်ပါတယ်။ အဲဒီစိန်ရတု အထိမ်းအမှတ် စာအုပ်လည်းထုတ်ဝေခဲ့ပါတယ်။

**မေး ။ ။ ဆရာကြီးရေးသားခဲ့တဲ့ ရန်ကုန်တက္ကသိုလ်နဲ့ပတ်သက်တဲ့ သူသိသမျှ မှတ်မိသမျှ ရေးသားထားတဲ့ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့သမိုင်းကို တော်တော်အထောက်အကူပြုတယ်။ ကိုယ်တွေ့တွေကို အခြေခံပြီးတော့ ရေးခဲ့တာပါ။ အင်္ဂလိပ်ခေတ်နဲ့ လွတ်လပ်ရေးရပြီးခေတ်မှာ ဘယ်လိုဆိုပြီး ရေးသားထားတာတွေ့ရပါတယ်။ ဆရာသိန်းဖေမြင့်ရေးတဲ့ အရှေ့က နေဝန်းထွက်သည့်ပမာ စာအုပ်ထဲမှာ ပါတယ်လို့ သိရပါတယ်။**

ဖြေ ။ ။ အဲဒီအကြောင်းက ကျွန်တော်တော့ သေသေချာချာတော့မသိဘူး၊ ဒါပေမယ့် အဲဒီတုန်းကဖြစ်ခဲ့တဲ့ အရေးအခင်းမှာ တက္ကသိုလ်ကျောင်းသားတွေ ထိခိုက်မှုမရှိအောင် ဝိုင်းထိန်းပေးခဲ့တာလို့တော့ အကြမ်းဖျင်းသိတယ်။ တစ်ခုခုဖြစ်တော့မယ်ဆိုရင် အဖေက ကျောင်းသားတွေဘက်က အဓိကကာကွယ်ပေးတဲ့ကိစ္စတွေရှိခဲ့ပါတယ်။

**မေး။ ။ နောက်ဆရာကြီး ထူးထူးခြားခြားအနေနဲ့ လုပ်ဆောင်ခဲ့တာက ၁၉၆၁ ခုနှစ် ပါမောက္ခချုပ်ဘဝမှာ အမေရိကန်သံရုံးရှေ့မှာ အာဖရိကတိုက်ကလာတဲ့ အာဂျာလ ဆိုတဲ့သူ ဦးဆောင်ပြီး ဆန္ဒပြတာကို တက္ကသိုလ်ကျောင်းသားတွေက သွားတာကို ပြန်ထိန်းနိုင်ခဲ့တယ်။ တစ်ယောက်မှအန္တရာယ်ရှိတာ၊ ထိခိုက်အနာတရဖြစ်တာမျိုးတွေ မဖြစ်ခဲ့ဘူးဆိုတာ ဆရာကြီးရဲ့ သမိုင်းဝင်လုပ်ဆောင်ချက်တစ်ခုပါ။**

ဖြေ။ ။ ဟုတ်ပါတယ်။

**မေး ။ ။ ဒီတော့ ဆရာကြီး ဒေါက်တာဦးသာလှနဲ့ ပတ်သက်ပြီးတော့ ရန်ကုန်တက္ကသိုလ် ရာပြည့်အခမ်းအနားအတွက် ဆရာ့အနေနဲ့ ဘာများစိတ်ဆန္ဒပြုလိုပါသလဲ ပြောပြပေးပါဦး။**

ဖြေ ။ ။ အဖေ့ရဲ့ စိတ်နေစိတ်ထားရယ်၊ နောက်ပြီး ကျောင်းသားတွေကို သင်ကြားပြသပုံ၊ တပည့်တွေအပေါ် ထားတဲ့စေတနာတွေ အကုန်လုံးကို ကျန်တဲ့သူတွေအနေနဲ့ လိုက်ပြီးလုပ်နိုင်ပါစေလို့ ဆုတောင်းပါတယ်။ အဓိကကတော့ သူ့ရဲ့စိတ်ဓာတ်ပါပဲ။

**မေး ။ ။ ဟုတ်ပါတယ်။ ဒီနေ့ လာရောက်ဆွေးနွေးခွင့်ရတာ၊ အခုလို ဆန္ဒပြုတာလည်း ကြားရတဲ့အတွက် ကျွန်တော်တို့ရဲ့ ရန်ကုန်တက္ကသိုလ်ကြီး ရာပြည့်ပွဲသဘင်ကြီးမှာ ဆရာကြီးရဲ့ကိုယ်စား ဒီဆန္ဒကို လက်ဆင့်ကမ်းခြင်းအားဖြင့် သင့်လျော်မယ်လို့ မြင်ပါတယ်။**

အခုလိုမျိုး ဖြေကြားပေးတာအတွက် ကျေးဇူးတင်ပါတယ်ဆရာ။ ။

ကလောင်အမည် – စိန်မောင်တင်
ပါမောက္ခ ဦးခင်မောင်ချို
ဟသ်ာတတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်(ငြိမ်း)

# သီပေါမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်

**သီပေါ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူး၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂) မူလတန်းလွန်ကျောင်း ခန်းမဆောင်၌ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ပို့ချပေးသည်။



ရှေးဦးစွာ သီပေါမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးထိန်လင်းက သင်တန်းဖွင့်လှစ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဖွဲ့ခွဲအတွင်းရေးမှူး ဦးစိုင်းမင်းလွင်က သင်တန်းစည်းကမ်းနှင့် ပို့ချဆွေးနွေးမည့် ဘာသာရပ်အကြောင်းများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းကို လာမည့် ရွေးကောက်ပွဲကာလအတွင်း သီပေါမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် တာဝန်ထမ်းဆောင်ကြမည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား သင်တန်းနည်းပြများအဖြစ် မြို့နယ် အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရွေးကောက်ပွဲနည်းဥပဒေဆိုင်ရာများ၊ မဲရုံ ကြိုတင်ပြင်ဆင်ခြင်း၊ ရပ်/ကျေးကော်မရှင် အဖွဲ့ခွဲများမှ စာရွက်စာတမ်း၊ ဆက်စပ်ပစ္စည်းများ လွှဲပြောင်းလက်ခံခြင်း၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲစာရင်းစစ်ဆေးသူများ၏ လုပ်ငန်းတာဝန်များ၊ မဲလက်မှတ်ထုတ်ပေးသူ၊ လုံခြုံရေးနှင့် မင်တို့သူတို့၏ ဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ပုံစံ(၁၆) လက်တွေ့လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် မဲရုံမဖွင့်မီ၊ မဲရုံဖွင့်ချိန်မှ ပိတ်သိမ်းချိန်ထိ မဲရေတွက် ထုပ်ပိုးခြင်းနှင့် စနစ်တကျ အပ်နှံခြင်းဆိုင်ရာ မဲရုံလုပ်ငန်းစဉ်များအား လက်တွေ့သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် ရန်ကုန်တက္ကသိုလ် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကို ကျင်းပပြုလုပ်မည် ဖြစ်သည်။ အဆိုပါပန်းချီပြိုင်ပွဲကို **“ရာပြည့်တက္ကသိုလ် မြကျွန်းညို”** ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်တက္ကသိုလ်ကြီး၏ သာယာလှပမှုများ၊ အေးချမ်းပျော်ရွှင်မှုများ၊ ကြည်နူး ဝမ်းမြောက်ဖွယ်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် တည်ရှိခဲ့မှုများ၊ သမိုင်းအစဉ်အလာကြီးမားခဲ့မှုများနှင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ပေးနိုင်ရေး ကြိုးစားဆောင်ရွက်နေပုံများ စသည် တို့ကို ဖော်ညွှန်းရေးဆွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## ပေးပို့ ယှဉ်ပြိုင်ရမည်

ပန်းချီပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဆီဆေး (သို့မဟုတ်) အခရိုင်းလစ် မီဒီယမ်အဖြစ် ရေးဆွဲယှဉ်ပြိုင်မည်ဆိုပါက ၁ ဒသမ ၅ ပေ x ၂ ပေ(ကင်းဗတ်)ဖြင့်လည်းကောင်း၊ ရေဆေးဖြင့် ရေးဆွဲယှဉ်ပြိုင်မည်ဆိုပါက ၁၅ လက်မ x ၂၀ လက်မ (Water Colour Paper) ဖြင့် လည်းကောင်း ပေးပို့ ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်လက်ရာများနှင့် ပတ်သက်၍ အငြင်းပွားမှု တစ်စုံတစ်ရာဖြစ်ပေါ်ခဲ့ပါက အကဲဖြတ်အဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်းသာ ဖြစ်ရမည်။

## ဆက်သွယ်ပေးပို့ရမည်

ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်ပန်းချီကားကို ကိုယ်တိုင်ရေးပန်းချီကားဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံ နှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်း အကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ပန်းချီကားများကို နိုဝင်ဘာလ ၁၆ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအောင်ကျော်ထက်၊ ဒုတိယညွှန်ကြားရေးမှူး (ထုတ်လုပ်)၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည် ဖြစ်သည်။

**သတင်းစဉ်**

❑ *ကျောဖုံးမှ*

မှတ်ပုံတင်ပေးအပ်ပွဲတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများက ဆန္ဒမဲများပေးနိုင်ရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့က အသက် ၁၈ နှစ်ပြည့်ပြီး မှတ်ပုံတင် မရရှိသေးသောသူများ၊ သန်းခေါင်စာရင်း မရှိသေးသောသူများ ဆန္ဒမဲပေးနိုင်ပါကြောင်း၊ အဓိကက ရပ်/ကျေးကော်မရှင်နှင့်သာ သက်ဆိုင်ပါကြောင်း၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးက နေထိုင်ကြောင်း ထောက်ခံပေးရင် မဲပေးလို့ရပါကြောင်း၊ ၁၈ နှစ် ပြည့်ပြီးသူတိုင်း မှတ်ပုံတင် ရှိ၊ မရှိဆန္ဒမဲပေးနိုင်ကြောင်း ပြောသည်။

အသက် ၁၈ နှစ်ပြည့်ပြီး မဲပေးရန် လက်မှတ်ရထားသူများ ၊ မဲပေးခွင့်ရရှိသူများနှင့် မှတ်ပုံတင်မပြုလုပ်ရသေးသူများကို မြို့နယ်အတွင်း သစ္စာစီမံချက်ဖြင့် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မိုးကောင်း၊ ကတိုက်ကြီး၊ နောင်ဘို ၊ ပိန္နဲတောစသော ကျေးရွာအုပ်စု ခြောက်အုပ်စုအတွင်းရှိ ပြည်သူများအား ပေးအပ်မည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်လမှစတင်၍ ယခုလအထိ ခရိုင်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ငါးထောင်ကျော်အား ထုတ်ပေးနေခြင်းဖြစ်ကြောင်း သထုံခရိုင် လ.ဝ.က မှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးလှိုင် က ပြောသည် ။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲ အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့နှင့် ခရိုင် လ.ဝ.က မှူး ဦးအေးလှိုင်၊ မြို့နယ် လ.ဝ.ကမှူး ဦးဌေးဝင်း၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ တက်ရောက်ခဲ့ပြီး သထုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)ရှိ ရက်ကွက်/ကျေးရွာအုပ်စုများတွင် မဲရုံပေါင်း ၂၀ ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



အစ္စရေးနှင့် ဆူဒန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားစဉ်။

# အစ္စရေး-ဆူဒန် ငြိမ်းချမ်းရေးသဘောတူညီမှုရရှိပြီဟု အမေရိကန်သမ္မတ ထရမ့်ကြေညာ

**ဝါရှင်တန် အောက်တိုဘာ ၂၄**

ဆူဒန်နှင့် အစ္စရေးတို့ ပုံမှန်ဆက်ဆံရေး ထူထောင်ရန် သဘောတူညီမှုရရှိပြီဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

ဆူဒန်နိုင်ငံသည် အမေရိကန်၏ စေ့စပ်ပေးမှုဖြင့် အစ္စရေးနိုင်ငံနှင့် ပုံမှန်ဆက်ဆံရေးထူထောင်သော တတိယ မြောက်အာရပ်နိုင်ငံဖြစ်သည်။ အစ္စရေးနှင့် ဆူဒန်တို့၏ ငြိမ်းချမ်းရေးသဘောတူညီမှုကို အောက်တိုဘာ၂၄ ရက်တွင် အိမ်ဖြူတော်က ကြေညာခဲ့သည်။

ပူးတွဲကြေညာချက်ကို သုံးနိုင်ငံပေါင်း ထုတ်ပြန်ခဲ့ပြီး လာမည့် သီတင်းပတ်များအတွင်း စိုက်ပျိုးရေး၊ စီးပွားရေး နှင့် လေကြောင်းဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်း ဆောင်ရွက်သွားမည်ဟု အိမ်ဖြူတော်က ကြေညာခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းကလည်း ဆူဒန်နိုင်ငံကို အကြမ်းဖက်သမားများအား ထောက်ပံ့မှုပေးနေသည့် နိုင်ငံစာရင်းမှ ပယ်ဖျက်ရန် အမေရိကန်သမ္မတ၏ ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ အသိပေးအကြောင်းကြားခဲ့သည်။

ထရမ့်အစိုးရအဖွဲ့သည် ယခင်ကလည်း ယူအေအီး နိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့ကို အစ္စရေးနှင့် ပုံမှန်ဆက်ဆံရေး ပြုလုပ်နိုင်ရေးအတွက် ကြားဝင်ဆောင်ရွက်ပေးခဲ့သည်။ ယခုလိုသဘောတူညီမှုသည် သမိုင်းဝင်မည့်အခိုက်အတန့် ပင်ဖြစ်သည်ဟု အမေရိကန်သမ္မတ ထရမ့်က သတင်း ထောက်များကို ပြောသည်။ အခြားသောအာရပ်နိုင်ငံများ လည်း နောက်ကလိုက်လာမည်ဟုယူဆကြောင်း ထရမ့်က ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အက်ဒဝပ်စနိုဒင်အတွက် အမြဲတမ်း နေထိုင်ခွင့်ကို ရုရှားခွင့်ပြုပေး

**မော်စကို အောက်တိုဘာ ၂၄**

အမေရိကန် အမျိုးသားလုံခြုံရေး အေဂျင်စီမှ ကန်ထရိုက်တာဟောင်း ဖြစ်သူ အက်ဒဝပ်စနိုဒင်ကို ရုရှား အစိုးရက အမြဲတမ်းနေထိုင်ခွင့်ပြုပေး ခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၂၂ ရက် အစော ပိုင်းက စနိုဒင်သည် အမြဲတမ်း နေထိုင်ခွင့်ကို ရရှိခဲ့သည်ဟု ၎င်း၏ ရှေ့နေဖြစ်သူက ပြောကြားခဲ့ပြီး အဆိုပါ ပြောကြားချက်ကို ရုရှားနိုင်ငံ ပိုင်သတင်းအေဂျင် စီကကိုးကားကာ ဖော်ပြခဲ့သည်။ စနိုဒင်သည် ရုရှားနိုင်ငံ ရှိ အမေရိကန် အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ထားသူဖြစ်ပြီး ၎င်းသည် ၂၀၁၃ ခုနှစ်မှ စတင်ကာ အမေရိကန် ပြည်ထောင်စု၏ တရားစွဲဆိုမှုကို ရှောင်ရှားနိုင်ရန်အတွက် ရုရှားနိုင်ငံ တွင် လာရောက် နေထိုင်နေသူလည်း ဖြစ်သည်။ ၎င်းသည် အစိုးရ၏ စောင့်ကြည့်ထောက်လှမ်းမှု အသေးစိတ် အချက်အလက်များကိုဖွင့်ချဖော်ထုတ် ခဲ့သည့်အတွက် အမေရိကန် အစိုးရ က အလိုရှိနေသည့် လူလည်းဖြစ် သည်။ အမျိုးသားလုံခြုံရေးအေဂျင်စီ သည် ပြည်သူများ၏ ပုဂ္ဂိုလ်ရေးရာ အရ ဖုန်းခေါ်ဆိုမှုများနှင့် အီးမေးလ် များကို စုဆောင်းထားရှိသည်ဟု စနိုဒင်က ဖွင့်ချခဲ့သည်။

စနိုဒင်သည် ၎င်း၏ဇာတိနိုင်ငံကို လွမ်းသော်လည်း ပြန်သွားရန် စိတ်ကူးမရှိဟု ၎င်း၏ရှေ့နေဖြစ်သူ က ပြောသည်။ စနိုဒင်ပြန်လာလျှင် လည်း တရားခွင်တွင် တရားရင်ဆိုင် ရမည်ဖြစ်သည်။ စနိုဒင်ကို ပြန်လည် လွှဲပြောင်းပေးရေးအတွက် အမေရိ ကန်၏ တောင်းဆိုချက်ကို ရုရှား အစိုးရက ပယ်ချခဲ့သည်။

ယင်းဆုံးဖြတ်ချက်က အမေ ရိကန်နှင့် ရုရှားတို့အကြား တင်းမာမှုကို ပိုမိုဆိုးရွားစေသည့် အချက်တစ်ချက်ဖြစ်မည်ဟု ယူဆကြ သည်။

**အင်န်အိတ်ချ်ကေ**





လစ်ဗျားအရှေ့ပိုင်းအခြေစိုက် လက်နက်ကိုင်တပ်ဖွဲ့မှ ကိုယ်စားလှယ်နှင့် လစ်ဗျားအစိုးရ ကိုယ်စားလှယ်တို့ အောက်တိုဘာ ၂၃ ရက်က ဂျီနီဗာမြို့တွင် တွေ့ဆုံနှုတ်ဆက်ကြစဉ်။



အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီမှ ကန်ထရိုက်တာဟောင်းဖြစ်သူ အက်ဒဝပ်စနိုဒင်။

# လစ်ဗျားနိုင်ငံတွင် တိုက်ပွဲဖြစ်နေသည့်အဖွဲ့များ အပစ်အခတ်ရပ်စဲရေးသဘောတူ

**ထရီပိုလီ အောက်တိုဘာ ၂၄**

လစ်ဗျားနိုင်ငံရှိ တိုက်ပွဲများဖြစ်ပွားနေသည့် နှစ်ဖွဲ့စလုံးသည် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးစာချုပ်တွင် လက်မှတ် ရေးထိုးခဲ့ကြောင်း ကုလသမဂ္ဂက ပြောသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ခုနှစ် မူမာ အယ် ကဒါဖီ ကို ဖြုတ်ချပြီးသည့်အချိန်မှစတင်ကာ နှစ်ပိုင်းကွဲခဲ့ရသည်။ ကြားဖြတ်အစိုးရသည် နိုင်ငံအနောက်ပိုင်း မြို့တော် ထရီပိုလီတွင် အခြေစိုက်ပြီး နိုင်ငံအရှေ့ပိုင်းကို လက်နက် ကိုင် အဖွဲ့အစည်းက ထိန်းချုပ်ထားသည်။

အဖွဲ့နှစ်ဖွဲ့အကြား အပစ်အခတ်ရပ်စဲရေးအတွက် ကုလသမဂ္ဂက ဆောင်ရွက်ပေးခဲ့ပြီးအောက်တိုဘာ ၂၃ ရက် တွင် ဆွစ်ဇာလန်နိုင်ငံ၌ အပစ်အခတ်ရပ်စဲရေးသဘော တူညီမှုရရှိခဲ့ပြီး နိုင်ငံခြားမှ ကြေးစားစစ်သည်များကို သုံးလအတွင်းနိုင်ငံအတွင်းမှ ဖယ်ရှားသွားမည်ဟု သဘော တူခဲ့ကြသည်။ ပြီးခဲ့သည့်ကာလက ပြုလုပ်ခဲ့သည့် အပစ် အခတ်ရပ်စဲရေးများမှာ မကြာခဏဆိုသလို ပျက်ပြယ် သွားလေ့ရှိသည်။ ကုလသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ စတက်ဖန်နီ ဝီလီယံက ယခုတစ်ကြိမ်အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုကို ကြိုဆိုခဲ့ပြီး လစ်ဗျားနိုင်ငံရှိပြည်သူများ အတွက် ပိုမိုလုံခြုံစိတ်ချရပြီး ငြိမ်းချမ်းသည့်အနာဂတ်ကို ပေးစွမ်းနိုင်မည်ဟု အောက်တိုဘာ ၂၃ ရက်တွင် သတင်း ထောက်များကို ပြောသည်။

လာမည့်လအစောပိုင်းတွင် နှစ်ဖက်စလုံးသည် အိမ်နီး ချင်းနိုင်ငံဖြစ်သည့် တူနီးရှားနိုင်ငံ၌ ဆွေးနွေးမှု ပြုလုပ် သွားရန် ခန့်မှန်းထားသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ် – ၁၉ ဒုတိယလှိုင်းကို ရှောင်ရှားနိုင်ရေးအတွက် သတိထားကြရန် အီတလီဝန်ကြီးချုပ် တိုက်တွန်း

**ရောမ အောက်တိုဘာ ၂၄**

ကိုဗစ် –၁၉ ဒုတိယလှိုင်းကို ရှောင်ရှားနိုင်ရေးအတွက် လုပ်နိုင်သမျှ အရာအားလုံး လုပ်ဆောင်ထားသင့်သည်ဟု အီတလီဝန်ကြီးချုပ် ဂူဆက်ပီကွန်တီက အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အီတလီနိုင်ငံသည် ကပ်ရောဂါကြားထဲတွင်ဆက်လက်ရှိနေဆဲ ဖြစ်ပြီး ပြီးခဲ့သည့်နွေဦးကာလက အဖြစ်အပျက်များကို အတွေ့အကြုံ ယူသင့်ကြောင်း ၎င်းက ရှင်းပြခဲ့သည်။

ရည်မှန်းချက်မှာ ကူးစက်မှုကို ထိန်းချုပ်နိုင်ပြီး ထုတ်လုပ်မှုများနှင့် အလုပ်အကိုင်များ ရပ်နားရခြင်းမှ ရှောင်ရှားနိုင်ရေးပင် ဖြစ်သည်ဟု အီတလီဝန်ကြီးချုပ်က ပြောသည်။

ထို့ပြင် ကျောင်းများ၊ ရုံးများ ပိတ်ရခြင်းမှလည်း ရှောင်ရှားနိုင်ရေး အရေးကြီးသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဒုတိယလှိုင်းကို သတိကြီးကြီးထားခြင်းဖြင့် နိုင်ငံအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုကို ရှောင်ရှားနိုင်မည်ဟု ၎င်းကပြော သည်။

တိုင်းပြည်အတွင်း နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၉၁၄၃ ဦးရှိလာပြီး ကူးစက်မှုများပြားကြောင်း စံချိန်တင်လာပြီးနောက် အီတလီဝန်ကြီး ချုပ်က ယခုလို သတိပေးစကားပြောကြားခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့်သီတင်းနှစ်ပတ်အတွင်း ကူးစက်မှုတစ်ဖန် တိုးလာပြီး အချို့သော ဒေသတွင်း အစိုးရများသည် စားသောက်ဆိုင်များ၊ ဘားများကို ည ၁၁ နာရီ ပိတ်ခြင်း၊ လွန်ဘာ့ဒီဒေသတွင် ညမထွက် ရအမိန့်ထုတ်ပြန်ခြင်းတို့ကဲ့သို့သော တင်းကျပ်သည့်စည်းကမ်းများ ထုတ်ပြန်လာခဲ့သည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်- ၁၉ လူနာပေါင်း ၇၀၀၀ ကျော်လာ

**ကိုလံဘို အောက်တိုဘာ ၂၄**

သီရိလင်္ကာနိုင်ငံ၌ အောက်တိုဘာ ၂၄ ရက်တွင် ကိုဗစ်– ၁၉ ကူးစက်ခံရသူပေါင်း ၇၁၅၃ ဦး ရှိလာပြီး အောက်တိုဘာ ၂၃ ရက်က လူနာသစ် ၈၆၅ ဦး ထပ်မံတွေ့ရှိခဲ့သည်ဟု အစိုးရ၏ စာရင်းအချက် အလက်များအရ သိရသည်။

အောက်တိုဘာ ၂၃ ရက်က တွေ့ရှိခဲ့သည့် ကူးစက်ခံရသူအများစုမှာ ပီလီယာဂိုဒါ ငါးဈေးတွင် အစုလိုက် ကူးစက်မှုမှဖြစ်ပြီး ယခုသီတင်းပတ်အစောပိုင်းတွင် အဆိုပါငါးဈေးမှ အလုပ်သမားအချို့တွင် ကိုဗစ် – ၁၉ စတင်တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ကူးစက်မှုသည် ကိုလံဘိုမြို့ဆင်ခြေဖုံး မင်နျူဝမ်ဂိုဒါရှိ အသက် ၃၉ နှစ် အရွယ် စက်ရုံ အလုပ်သမားနှင့် အသက် ၁၆ နှစ်အရွယ်သမီးဖြစ်သူတို့ ကိုဗစ် –၁၉ ကူးစက်ရာမှ အစပြုလာခြင်း ဖြစ်သည်။ အလုပ်သမားများ မည်သို့မည်ပုံ ကူးစက်ခံရသလဲဆိုသည်ကို ကျန်းမာရေးဝန်ကြီးဌာနက စုံစမ်းမှုများ ပြုလုပ်လျက်ရှိသည်။ ကနဦးစုံစမ်းစစ်ဆေးမှုများအရ နိုင်ငံခြားမှ ပြန်လာသူနှင့် ထိတွေ့ မိသည်ဟူသောအချက်များ တွေ့လာရသည်။

ယင်းကူးစက်မှုမှတစ်ဆင့် မြို့တော်တွင် ကူးစက်မှုများကို တွေ့လာရပြီး လူနာများ ပိုမိုဖော်ထုတ် နိုင်ရေးအတွက် ဆေးစစ်မှုများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်ခံရပြီးနောက် ပြန်လည်ကျန်းမာလာသူ ၃၆၄၄ ဦး ရှိပြီး ၎င်းတို့အားလုံး ဆေးရုံမှ ဆင်းသွားကြပြီဟုလည်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု နယူးယောက်ပြည်နယ်တွင် ပထမဆုံးအကြိမ် သမိုင်းဝင်ကြိုတင်မဲပေးမှုစတင်


အမေရိကန်ပြည်ထောင်စု ချီကာဂို၌ မဲရုံအပြင်ဘက်တွင် မဲပေးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

နယူးယောက် အောက်တိုဘာ ၂၄

**အမေရိကန်အထွေထွေရွေးကောက်ပွဲကို လာမည့် နိုဝင်ဘာ ၃ ရက်တွင် ပြုလုပ်မည်ဖြစ်ရာ နယူးယောက်ပြည်နယ်၌ အောက်တိုဘာ ၂၄ ရက်မှစတင်ကာ ရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးခြင်း စတင်နေပြီဖြစ်ကြောင်း သိရသည်။**

ကြိုတင်မဲပေးသည့် ကာလကို နိုဝင်ဘာ ၁ ရက်အထိ ကိုးရက်ကြာ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် နိုဝင်ဘာ ၂ ရက်ရောက်လျှင် ကြိုတင်မဲပေး၍မရတော့ကြောင်း သိရသည်။

နယူးယောက်ပြည်နယ်တွင် နေထိုင်ကြသူများအနေဖြင့် သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ် သမ္မတရွေးကောက်ပွဲအတွက် ကြိုတင်မဲပေးခြင်းဖြစ်ကြောင်း နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး အန်ဒရူးကူအိုမိုက အောက်တိုဘာ ၂၃ ရက်က တွစ်တာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုနှစ် အမေရိကန် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများသည် အဝေးရောက်ဆန္ဒမဲပေးသည့်စနစ်၊ လူကိုယ်တိုင်ကြိုတင်သွားရောက် မဲပေးသည့်စနစ်နှင့် ရွေးကောက်ပွဲနေ့တွင် လူကိုယ်တိုင် မဲထည့်သည့်စနစ် စသည့် နည်းလမ်းသုံးမျိုးဖြင့် မဲပေးနိုင်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုနှစ်တွင် အမေရိကန်ပြည်ထောင်စု တစ်ဝန်း၌ ကြိုတင်မဲပေးမှုများ စံချိန်တင်လျက်ရှိပြီး မြောက်ကာရိုလိုင်းနား၊ ဂျော်ဂျီယာ၊ မီချီဂန်နှင့် အခြားအကြိတ်အနယ်ယှဉ်ပြိုင်မည့် ပြည်နယ်များတွင် ၂၀၁၆ ခုနှစ်က မဲပေးခဲ့သည့်နှုန်းကို ကျော်လွန်သွားပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘီလာရုစ်အတိုက်အခံအဖွဲ့ အီးယူ၏ လူ့အခွင့်အရေးဆုရရှိ

**မင့်စ် အောက်တိုဘာ ၂၄**

ဘီလာရုစ် အတိုက်အခံအဖွဲ့သည် အီးယူ၏ လူ့အခွင့်အရေးဆုကို ရရှိသွားကြောင်း သိရသည်။ ယခုနှစ်အတွက် အတွေးအခေါ်လွတ်လပ်ရေး ဆာခါရော့ဆုကို ဘီလာရုစ်အစိုးရ အတိုက်အခံ လှုပ်ရှားမှုအတွက် ဥရောပ ပါလီမန်က ဆုချီးမြှင့်ပေးခဲ့သည်။ ဆုရရှိ သွားကြောင်းကို ဥရောပ ပါလီမန်ဥက္ကဋ္ဌ ဒေးဗစ်ဆက်ဆိုလီက အောက်တိုဘာ ၂၂ ရက်တွင် ကြေညာခဲ့သည်။

ဘီလာရုစ် အတိုက်အခံများ၏ ကိုယ်စားလှယ်များကို ၎င်းတို့၏ သတ္တိရှိမှုအတွက် ဥရောပပါလီမန်ဥက္ကဋ္ဌက ဂုဏ်ပြုစကားဆိုခဲ့သည်။

ဩဂုတ်လ ရွေးကောက်ပွဲအပြီး ဘီလာရုစ်သမ္မတ အလက်ဇန်းဒါး လူကာရှန်ကိုက အနိုင်ရရှိကြောင်း ကြေညာခဲ့ပြီးနောက်တွင် ဆန္ဒပြပွဲများ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့သည်။

၎င်းတို့၏ ကြိုးပမ်းမှုကို ဥရောပ ပါလီမန်က အသိအမှတ်ပြုသည့်အတွက် ကျေးဇူးတင်ကြောင်း အတိုက်အခံခေါင်းဆောင် ဆယ်ဗယ်လန်းနာ တိခ်ဟန်နိုဗ်စကာရာက လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် ပြောကြားခဲ့သည်။ ငြိမ်းချမ်းစွာ လှုပ်ရှားရုန်းကန်နေကြသည့် ဘီလာရုစ်နိုင်ငံသားတိုင်း ယခုဆုကို ပိုင်ဆိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုလအစောပိုင်းမှ စတင်ကာ ဘီလာရုစ်နိုင်ငံ အစိုးရအဆင့်မြင့် အရာရှိကြီးများကို အီးယူမှ ပိတ်ဆို့မှုပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။ ရွေးကောက်ပွဲတွင် မသမာမှုပြုလုပ်ခြင်းနှင့် အစိုးရကို ဆန့်ကျင်ကြသည့် အရပ်သားများအား အကြမ်းဖက်သည်ဟူသော စွပ်စွဲချက်များဖြင့် ပိတ်ဆို့မှု ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အတိုက်အခံအုပ်စုနှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ရန် ဘီလာရုစ်အစိုးရကို အီးယူက တိုက်တွန်းထားသည်။ ဆာခါရော့ဆုသည် လူ့အခွင့်အရေးကို ကာကွယ်ရန် ကူညီသည့်အဖွဲ့အစည်းနှင့် လူတစ်ဦးချင်းစီကို နှစ်စဉ်ချီးမြှင့်သည့်ဆုလည်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဘီလာရုစ်ဆန္ဒပြပြည်သူများကို တွေ့ရစဉ်။

# ပိုလန်သမ္မတ အန်ဒရာဂျက်ဇ် ဒူဒါ ကိုဗစ်- ၁၉ ကူးစက်ခံရကြောင်း ၎င်း၏ကိုယ်ရံတော် ပြောကြား

**ဝါဆော အောက်တိုဘာ ၂၄**

ပိုလန်သမ္မတ အန်ဒရာဂျက်ဇ် ဒူဒါ ကိုဗစ်– ၁၉ ဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း ၎င်း၏ ကိုယ်ရံတော်တစ်ဦးက အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားခဲ့သည်။

**စံချိန်တင်မြင့်မား**

ပိုလန်နိုင်ငံတွင် ကိုဗစ်– ၁၉ ကူးစက်မှု စံချိန်တင်မြင့်မားလျက်ရှိပြီး ရောဂါထိန်းချုပ်နိုင်ရန် အစိုးရက လူစုလူဝေးပြုလုပ်မှုများကို တားမြစ်ထားသော်လည်း လူစုလူဝေးဖြင့် ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၊ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဘရာဇီးသမ္မတ ဂျားလ်ဘော်ဆိုနာရိုတို့ကဲ့သို့ပင် ပိုလန်သမ္မတဒူဒါသည်လည်း ကိုဗစ်– ၁၉ ကူးစက်ခံရသည့် နိုင်ငံ့ခေါင်းဆောင်များထဲတွင် ပါဝင်လာခဲ့သည်။

**ကျန်းမာရေးအခြေအနေကောင်းမွန်**

ရောဂါကူးစက်ခံခဲ့ရသည့် ခေါင်းဆောင်များအားလုံး ရောဂါပျောက်ကင်းပြီး ပြန်လည်ကျန်းမာလာပြီဖြစ်သည်။ အသက် ၄၈ နှစ်ရှိပြီဖြစ်သည့် သမ္မတ ဒူဒါသည်လည်း ကျန်းမာရေးအခြေအနေ ကောင်းမွန်သူဖြစ်ကြောင်း သိရသည်။

**မည်သို့ ကူးစက်ခံခဲ့ရကြောင်း မသိရ**

သမ္မတဒူဒါ မည်သို့မည်ပုံ ကိုဗစ်– ၁၉ ကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်းကိုမူ ရှင်းရှင်းလင်းလင်း မသိရသေးပေ။ ၎င်းသည် ပြီးခဲ့သည့် ရက်သတ္တပတ်အစောပိုင်းက ဘာလင်ရှိ ရင်းနှီးမြှုပ်နှံမှုဖိုရမ်တစ်ခုသို့ တက်ရောက်ခဲ့ပြီး အက်စတိုးနီးယားသမ္မတ ကာစတီ ကယ်ဂျူလိတ်နှင့် ဘူလ်ဂေးရီးယားသမ္မတ ရူမန်ရာဒက်ဗ်တို့နှင့် တွေ့ဆုံခဲ့သည်။

**အေအက်ဖ်ပီ**


ပိုလန်သမ္မတ အန်ဒရာဂျက်ဇ် ဒူဒါ။

# အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၄၀၇၀ ရှိ

**ဂျကာတာ အောက်တိုဘာ ၂၄**

အင်ဒိုနီးရှားနိုင်ငံတွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသူ ၄၀၇၀ စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် တစ်နိုင်ငံလုံး ရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် စုစုပေါင်း ၃၈၅၉၈၀ ရှိလာကြောင်း သိရသည်။ ရောဂါကြောင့် သေဆုံးသူ ၁၂၈ ဦး ထပ်တိုးလာခဲ့ရာ စုစုပေါင်း သေဆုံးသူအရေအတွက် ၁၃၂၀၅ ဦး ဖြစ်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ ရောဂါပျောက်ကင်း၍ ဆေးရုံမှ ပြန်ဆင်းလာသူ ၄၁၁၉ ဦးရှိရာ ရောဂါပျောက်ကင်းသွားသူအရေအတွက် စုစုပေါင်း ၃၀၉၂၁၉ ဦးဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် တစ်ရက်အတွင်း ဂျကာတာ၌ ရောဂါကူးစက်ခံရသူ ၁၀၆၂ ဦး၊ အနောက်ဂျာဗား၌ ၄၂၁ ဦး၊ ရိုင်ယူ၌ ၃၈၀၊ အနောက်စူမားတြား၌ ၃၀၀ နှင့် အရှေ့ဂျာဗား၌ ၂၈၉ ဦးရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်၌ ကိုဗစ်- ၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၀၅၇ ဦးထပ်တိုး

**မနီလာ အောက်တိုဘာ ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ အောက်တိုဘာ ၂၄ ရက်တွင် ကိုဗစ်–၁၉ ထပ်မံကူးစက်ခံရသည့် အတည်ပြုလူနာ ၂၀၅၇ ဦး ထပ်တိုးလာခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက် စုစုပေါင်း ၃၆၇၈၁၉ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ရောဂါပျောက်ကင်းသွားသူ ၄၄၂ ဦး ဆေးရုံမှ ဆင်းလာပြီးနောက် တစ်နိုင်ငံလုံးရှိ ရောဂါပျောက်ကင်းသွားသူအရေအတွက် စုစုပေါင်း ၃၁၃၁၁၂ ဦး ဖြစ်ကြောင်းသိရသည်။

ရောဂါကြောင့် သေဆုံးသူ ၁၉ ဦး ထပ်မံပေါ်ထွက်လာခဲ့ပြီးနောက် သေဆုံးသူအရေအတွက် စုစုပေါင်း ၆၉၃၄ ဦးဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# နေအိမ်မှ အလုပ်လုပ်ခြင်းနဲ့ လေထုညစ်ညမ်းမှုအန္တရာယ်

• • • • ကလျာမိုးမြင့် • • • •



လန်ဒန်မြို့၌ မြူများဖုံးလွှမ်းနေမှုကို တွေ့ရစဉ်။

"ဘွိုင်လာတွေကနေ ဓာတ်ငွေ့လောင်ကျွမ်းမှုဖြစ်တဲ့အခါ NOX လို့ခေါ်တဲ့ နိုက်ထရစ်အောက်ဆိုက်နဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်ပြီး အဲဒီအရာတွေဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပါတယ်။ NOX ထုတ်လွှတ်မှုဟာ ညစ်ညမ်းမှုတွေရဲ့ အဓိက ရင်းမြစ်ဖြစ်ပြီး သာဓကပြရရင် ဗြိတိန်နိုင်ငံတစ်ဝန်းမှာ NOX ထုတ်လွှတ်မှုရဲ့ ၂၁ ရာခိုင်နှုန်းဟာ ဘွိုင်လာတွေကနေ ဓာတ်ငွေ့လောင်ကျွမ်းမှုကြောင့်ဖြစ်"

လက်ရှိအချိန်ဟာ နိုင်ငံတိုင်းမှာရှိကြတဲ့ လူအများစုဟာ ၎င်းတို့ရဲ့ လုပ်ငန်းခွင်တာဝန်တွေကို နေအိမ်ကနေ လုပ်နေကြရတဲ့ အချိန်ကာလဖြစ်တဲ့အလျောက် မြို့ကြီးအများအပြားမှာ လေထုညစ်ညမ်းမှု ပိုဖြစ်လာနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အစီရင်ခံစာတစ်ခုမှာ ဖော်ပြခဲ့ပါတယ်။

### ဓာတ်ငွေ့လောင်ကျွမ်းမှု

ဘွိုင်လာတွေကနေ ဓာတ်ငွေ့လောင်ကျွမ်းမှုဖြစ်တဲ့အခါ NOX လို့ခေါ်တဲ့ နိုက်ထရစ်အောက်ဆိုက်နဲ့ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်ကို ထုတ်လွှတ်ပြီး အဲဒီအရာတွေဟာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပါတယ်။ NOX ထုတ်လွှတ်မှုဟာ ညစ်ညမ်းမှုတွေရဲ့အဓိက ရင်းမြစ်ဖြစ်ပြီး သာဓကပြရရင် ဗြိတိန်နိုင်ငံတစ်ဝန်းမှာ NOX ထုတ်လွှတ်မှုရဲ့ ၂၁ ရာခိုင်နှုန်းဟာ ဘွိုင်လာတွေကနေ ဓာတ်ငွေ့လောင်ကျွမ်းမှုကြောင့် ဖြစ်ရတယ်လို့ သိရပါတယ်။

အခုလက်ရှိမှာဆိုရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အလုပ်လုပ်ကိုင်ရတဲ့ပုံစံ ပြောင်းလဲသွားတာကြောင့် ဒီနှစ်ဆောင်းရာသီမှာ ဘွိုင်လာအသုံးပြုမှု ပိုများလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်။ လုပ်ငန်းခွင်တွေမှာလည်း ဝန်ထမ်းတွေအတွက် ရုံးခန်းတွေကို အပူပေးဖို့ ဆက်ပြီးလိုအပ်နေဦးမှာဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

### လေထုအရည်အသွေးကို ခြိမ်းခြောက်

နေအိမ်ကနေ အလုပ်လုပ်တဲ့ပုံစံကို ပြောင်းလဲကျင့်သုံးနေရတာမှန်ပေမယ့်လည်း မော်တော်ယာဉ်တွေကနေ NOX ထုတ်လွှတ်မှုကတော့ အရင်လိုပဲ ဖြစ်နေဦးမယ်၊ ဘာကြောင့်လဲဆိုတော့ ရုံးကိုသွားကြတဲ့သူ အရေအတွက် နည်းသွားပေမယ့် ယခင်က အများပြည်သူသုံးယာဉ်တွေဖြစ်တဲ့ ဘတ်စ်ကားတွေ၊ ရထားတွေနဲ့ လုပ်ငန်းခွင်သွားရောက်တဲ့သူတွေ အများစုက ယခုလက်ရှိမှာလည်း မော်တော်ယာဉ်တွေကို အသုံးပြုနေရတဲ့အတွက်ကြောင့်ဖြစ်တယ်လို့ ဆိုထားပါတယ်။

ဒီတော့ အိမ်ထဲမှာနေပြီး အလုပ်လုပ်ရတဲ့ ကာလအတွင်း လေထုညစ်ညမ်းစေတဲ့အရာတွေ ထုတ်လွှတ်မှု ပိုများလာတဲ့ အခြေအနေဟာ ဗြိတိန်ရဲ့ လေထုအရည်အသွေးကောင်းမွန်ရေး မျှော်မှန်းချက်ကို ခြိမ်းခြောက်လာနိုင်တယ်လို့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကြံပေးအဖွဲ့က အစီရင်ခံစာထဲမှာ ဖော်ပြထားတာကို တွေ့ရပါတယ်။

### ချေဖျက်ပစ်နိုင်တဲ့ ပမာဏ

စွမ်းအင်အသုံးပြုမှု ပိုမိုများပြားလာခြင်းကြောင့် မြို့ကြီးတွေနဲ့ မြို့ငယ်တွေမှာ NOX ထုတ်လွှတ်မှု ၁၂ ရာခိုင်နှုန်းနီးပါးလောက်အထိ တိုးလာနိုင်ပြီး အဲဒီအတိုင်းအတာဟာ ပြီးခဲ့တဲ့နှစ်နှစ်လုံးလုံး မော်တော်ယာဉ်တွေကနေ ညစ်ညမ်းမှုဖြစ်စေတဲ့အရာတွေ ထုတ်လွှတ်မှုလျှော့ချရေးကြိုးပမ်းခဲ့သမျှကို ချေဖျက်ပစ်လိုက်နိုင်လောက်တဲ့ ပမာဏရှိတယ်လို့ သိရပါတယ်။

ဘွိုင်လာတွေကနေ ဓာတ်ငွေ့လောင်ကျွမ်းခြင်းက လေထုညစ်ညမ်းမှုဖြစ်စေတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်တယ်ဆိုတာကို မမေ့မလျော့ထည့်သွင်းစဉ်းစားဖို့ လိုအပ်တယ်ဆိုတာကို အစီရင်ခံစာက ထောက်ပြထားပါတယ်။

### စွမ်းအင်အသုံးပြုမှု

နေအိမ်ကနေ အလုပ်လုပ်တဲ့ ကာလတစ်လျှောက်မှာ စွမ်းအင်အသုံးပြုမှုအတွက် ကျသင့်ငွေဟာ တစ်လကို ပျမ်းမျှအားဖြင့် ၃၂ ပေါင် ကျတယ်လို့ တချို့ကခန့်မှန်းတွက်ချက်ဖော်ပြထားပါတယ်။ ဒါပေမယ့် အဲဒီကုန်ကျစရိတ်ကို အများပြည်သူသုံးယာဉ်တွေ စီးနင်းသွားလာတဲ့ ကုန်ကျစရိတ်လျော့ကျမှုအားဖြင့် ချေလိုက်လို့ရနိုင်ပါတယ်။

ဗြိတိန်မှာ လေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး ပြုလုပ်တဲ့အချီအချဆွေးနွေးမှုတွေမှာ မော်တော်ယာဉ်တွေ သွားလာမှုကိုသာ အလေးပေးဆွေးနွေးနေကြပေမယ့် တကယ်တမ်းတော့ မြို့ကြီးတွေမှာ ဘွိုင်လာအသုံးပြုမှုဟာ လေထုညစ်ညမ်းစေတဲ့ အဓိကဇာတ်ကောင်တစ်ခု ဖြစ်နေတယ်လို့ သိရပါတယ်။

ဘွိုင်လာတွေလို ပစ္စည်းတွေကနေ ထွက်လာတဲ့ လေထုညစ်ညမ်းမှုက လူကိုတိုက်ရိုက်သေဆုံးစေနိုင်ခြင်း မရှိတဲ့အတွက် ထည့်သွင်းစဉ်းစားဖို့ မေ့လျော့နေကြတာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

### ရောဂါဖြစ်စေနိုင်

ဒါပေမယ့် နှစ်စဉ် နှလုံးရောဂါရှိသူတွေနဲ့ အဆုတ်ရောဂါရှိတဲ့သူ ၄၀၀၀၀ လောက်ကို ကျန်းမာရေးထိခိုက်စေပြီး အသက်တိုစေတဲ့ လက်သည်တရားခံဟာ ဘွိုင်လာတွေကနေထွက်လာတဲ့ ဓာတ်ငွေ့လောင်ကျွမ်းမှုတွေပါပဲ။ ဒါတောင်မှ ဒီကိန်းဂဏန်းဟာ သေဆုံးသူအရေအတွက် အတိအကျမဟုတ်သေးပါဘူး။

လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေး ထိခိုက်ရသူ အရေအတွက်ဟာ ဒီထက်များနိုင်တယ်လို့ အစိုးရအဖွဲ့အကြံပေးသူတွေက ဆိုထားပါတယ်။ လေထုညစ်ညမ်းမှုကြောင့် လူတစ်ယောက်ကို မြန်မြန်ဆန်ဆန် မသေဆုံးနိုင်စေပေမယ့် ပန်းနာရင်ကျပ်ဝေဒနာနဲ့ အမှုန်အမွှားတွေဝင်ရောက်မှုကြောင့် ဖြစ်ရတဲ့ နာစေးချောင်းဆိုးရောဂါတွေ ဖြစ်စေနိုင်ပါတယ်။

### ကန့်သတ်ပမာဏကျော်လွန်

ဗြိတိန်နိုင်ငံမှာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လေထုညစ်ညမ်းမှုအခြေအနေဟာ ကြာမြင့်တဲ့ကာလအတွင်းမှာ ဖြည်းဖြည်းချင်း ကျဆင်းလာနေပြီဖြစ်သော်လည်း မြို့ကြီးအများအပြားမှာ လေထုအတွင်း အန္တရာယ်ရှိတဲ့အမှုန်တွေ ပါဝင်မှုနဲ့ NOX ထုတ်လွှတ်မှုဟာ ဘေးကင်းတယ်လို့ သတ်မှတ်ထားတဲ့ ကန့်သတ်ပမာဏကို မကြာခဏ ကျော်လွန်ခဲ့ပါတယ်။

ဒီပြဿနာကို ကိုင်တွယ်ဖြေရှင်းရာမှာ အထောက်အကူဖြစ်စေဖို့အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားသူတွေက ဒေသကောင်စီတွေအနေနဲ့ သန့်ရှင်းတဲ့လေထုဇုန်တွေ ဖြစ်လာစေရေး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ဖို့ မျှော်လင့်လျက်ရှိပါတယ်။

### သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာ့နိုင်ငံအများအပြားမှာ အဝင်အထွက် ကန့်သတ်ပိတ်ဆို့လိုက်မှုတွေကြောင့် လေထုညစ်ညမ်းမှုဟာ အတိုင်းအတာတစ်ခုအထိ လျော့ကျခဲ့တာမှန်ပေမယ့် ပြည်သူတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာ အကာအကွယ်တွေ ပုံမှန်ထက်ပိုပြီး လိုအပ်နေတဲ့ ယခုလိုအချိန်မျိုးမှာ ယခင်ကရရှိပိုင်ဆိုင်ခဲ့ဖူးတဲ့ သန့်ရှင်းသော သဘာဝပတ်ဝန်းကျင်အနေအထား တစ်ခုကို ပြန်လည်ရောက်ရှိဖို့ ကြိုးစားရဦးမှာဖြစ်ပါတယ်။ ။

**ကိုးကား- ဘီဘီစီ**

---

နိုင်ငံတကာသတင်းတိုထွာ

## အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်သည့်အတွက် တူရကီ၌ ဗီဇာဝန်ဆောင်မှုများ ရပ်ဆိုင်း

ဝါရှင်တန် အောက်တိုဘာ ၂၄

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားနိုင်ဖွယ်ရှိကြောင်း သတင်းပေးမှုရရှိခဲ့ပြီးနောက်တွင် တူရကီ၌ ဆောင်ရွက်ပေးနေသည့် ဗီဇာဝန်ဆောင်မှုများကို ရပ်နားထားရန် ဆုံးဖြတ်လိုက်ကြောင်း အမေရိကန်က အောက်တိုဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

တူရကီရှိ အခြားနေရာများအပါအဝင် အစ္စတန်ဘူလ်ရှိ အမေရိကန်နိုင်ငံသားများနှင့် ပြည်ပနိုင်ငံသားများကို အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပြန်ပေးဆွဲမှုများပြုလုပ်ဖွယ်ရှိသည်ဟု သတင်းပေးမှုများ ရရှိခဲ့ပြီးနောက် အစ္စတန်ဘူလ်ရှိ ကောင်စစ်ဝန်ရုံးနှင့်သံရုံးများရှိ ဝန်ဆောင်မှုလုပ်ငန်းများကို ရပ်နားထားမည်ဖြစ်ကြောင်း အင်ကာရာရှိ အမေရိကန်သံရုံးက ၎င်း၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြခဲ့သည်။

ထို့ပြင် အမေရိကန်နိုင်ငံသားများ သို့မဟုတ် ပြည်ပနိုင်ငံသားများ စုဝေးတည်ရှိနေနိုင်သည့် တည်နေရာများတွင် အထူးသတိထားကြရန် အမေရိကန်ပြည်သူများအား တိုက်တွန်းထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်ပြီ

ပါရီ အောက်တိုဘာ ၂၄

ဥရောပနိုင်ငံများတွင် ကိုဗစ်-၁၉ ကပ်ရောဂါ နောက်တစ်ကျော့ထပ်မံကူးစက်ဖြစ်ပွားမှုကို ရင်ဆိုင်နေရချိန် စပိန်နိုင်ငံပြီးလျှင် ပြင်သစ်နိုင်ငံသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် တစ်သန်းကျော်သည့် ဒုတိယမြောက် ဥရောပနိုင်ငံဖြစ်လာကြောင်း သိရသည်။

အောက်တိုဘာ ၂၃ ရက်နေ့တွင် ပြင်သစ်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၄၂၀၀၀ ထပ်မံတွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံး ရောဂါကူးစက်ခံရသူ အရေအတွက်စုစုပေါင်း တစ်သန်းကျော်သို့ ရောက်ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ ပါရီမြို့နှင့် နိုင်ငံအတွင်းရှိ အခြားမြို့ကြီးများတွင် ညမထွက်ရအမိန့်ထုတ်ပြန်ခြင်းဖြင့် အစိုးရက ရောဂါကူးစက်မှုကို ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိသည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်လ်မက်ခရွန်က လာမည့်ရက်သတ္တပတ်များတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည့်ရလဒ်များကို စတင်တွေ့ရမည်ဖြစ်ကြောင်းနှင့် ပြင်သစ်နိုင်ငံအနေဖြင့် ဒုတိယအကြိမ် တစ်နိုင်ငံလုံး အဝင် အထွက် ကန့်သတ်ပိတ်ဆို့မှု ပြန်လည်လုပ်ဆောင်ရန် စောသေးကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၁၄ ရက်သာ**

**လိုတော့သည်။**



## ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ လူငယ်များ နိုင်ငံသားဆိုင်ရာ အသိပညာနှင့် ရွေးကောက်ပွဲတွင် မဲပေးခြင်းဆိုင်ရာ အသိပညာများရရှိရန် ပြည်သူ့နီတိသင်တန်းကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် သင်ကြားပို့ချ

ရန်ကုန် အောက်တိုဘာ ၂၄

မြန်မာဝိုင်အမ်စီအေနှင့် ဟားခါး ဝိုင်အမ်စီအေတို့ ပူးပေါင်းပြီး အထွေထွေရွေးကောက်ပွဲတွင် မဲပေးကြမည့် ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ လူငယ်များ နိုင်ငံသားဆိုင်ရာ အသိပညာနှင့် ရွေးကောက်ပွဲတွင် မဲပေးခြင်းဆိုင်ရာ အသိပညာများရရှိရန်အတွက် ပြည်သူ့နီတိသင်တန်းကို အောက်တိုဘာလ ဒုတိယပတ်က ငါးရက်ကြာမျှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

ယင်းသင်တန်းကို ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ သင်တန်းသား သင်တန်းသူ ၃၆ ဦး တက်ရောက်ပြီး သင်တန်းတွင် Chin Human Rights Organization မှ ဦးဆန်နဲမ်းလျန်းက “ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုင်ရာများ”၊ ချင်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ညွှန်ကြားရေးမှူး ဦးလင်းကျော်၊ ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဦးထောင်ဇဆန်းတို့က “ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် ဆန္ဒမဲပေးခြင်း ပညာပေးဆိုင်ရာများ”၊ Chin Christian University မှ ကျောင်းအုပ်ဆရာကြီး သိက္ခာတော်ရဆရာတော် ဒေါက်တာ ဟင်နရီချန်ကုန်းက “နိုင်ငံသားကောင်း ပညာပေးဆိုင်ရာများ” ကို သင်ကြားပို့ချ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

- ညီညွတ်သောဒီမိုကရက်တစ်ပါတီ (UDP) ကို ဖျက်သိမ်းပြီးဖြစ်ပါသည်။
- ယင်းပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒပြုရန်မလိုပါ။
- ဆန္ဒပြုခဲ့ပါလျှင် ပယ်မဲအဖြစ် သတ်မှတ်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။



# သေချာတဲ့ အစီအစဉ်တွေကို သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်သွားမယ်



ရွေးကောက်ပွဲအတွက် နောက်ဆုံးစည်းမျဉ်းစည်းကမ်းတွေကို ထုတ်ပြန်ပါမယ်။ ဒါကတော့ ရွေးကောက်ပွဲကော်မရှင်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ညှိပြီးတော့ ထုတ်ပြန်မှာပါ။ ဒီလိုလုပ်တဲ့နေရာမှာ နေရာတိုင်းနေရာတိုင်းမှာ တစ်ပြေးညီလုပ်မှာ မဟုတ်ပါဘူး။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါ ပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာ အထူးအစီအစဉ်ကို ကျွန်မတို့လုပ်ပါမယ်။ ကိုဗစ်ရောဂါ မရှိသလောက် မြို့နယ်တွေမှာတော့ ပုံမှန်အတိုင်းပဲ လုပ်သွားပါမယ်။ သို့သော်လည်း Mask တပ်ဖို့၊ လက်ဆေးဖို့တွေကို ကျွန်မတို့ စီစဉ်ပါမယ်။ Stay at Home မြို့နယ်တွေ၊ ကိုဗစ်ရောဂါပြန့်ပွားမှုများတဲ့ မြို့နယ်တွေမှာဆိုရင် Mask တွေအပြင် Faceshield ကို အပေါ်က နောက်တစ်ထပ်လုပ်ဖို့ စသဖြင့်ပိုပြီးတော့ သေချာတဲ့အစီအစဉ်တွေကို သတ်မှတ်ပြီးတော့ အကောင်အထည်ဖော်မှာပါ။ ဒါကြောင့် ပြည်သူ၊ ပြည်သားတွေအနေနဲ့ အထွေထွေရွေးကောက်ပွဲမှာလည်း တက်တက်ကြွကြွနဲ့ ပါဝင်ပြီးတော့ မဲပေးကြပါ။ ကိုဗစ်ရောဂါကို ကာကွယ်တဲ့နေရာမှာလည်း တက်တက်ကြွကြွနဲ့ အားလုံးပါဝင်ပြီးတော့ ဆောင်ရွက်ပေးကြပါလို့ ကျွန်မ မေတ္တာရပ်ခံလိုပါတယ်။

**(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁၆–၁၀–၂၀၂၀ ရက်နေ့တွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## COVID-19 Call Center ကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထား

နေပြည်တော် အောက်တိုဘာ ၂၄

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် COVID – 19 Call Center ကို ဆေးသုတေသန ဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။ **သတင်းစဉ်**

## ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၄

ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်) သို့ စုရ်သီမွတ်စလင် သာရေး၊ နာရေး လူမှုကူညီရေးအသင်း(ရန်ကုန်) ဒုဥက္ကဋ္ဌ ဦးကျော်ကျော်၊ အတွင်းရေးမှူး ဦးအောင်သိန်းနှင့် ပြန်ကြားရေးမှူး ဦးနေဝင်းတို့က အောက်တိုဘာ ၁၉ ရက်တွင် ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေး ပစ္စည်းများဖြစ်သည့် ရောဂါကာကွယ်ရေး ဝတ်စုံများ၊ N95 နှာခေါင်းစည်းများ၊ Nurse Cap နှင့် ဆေးရုံသုံးနှာခေါင်းစည်းများ ပေးအပ်လှူဒါန်းရာ ဗဟိုအမျိုးသမီး ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်မေသွင်က လက်ခံယူကြောင်း သိရသည်။ (ဝဲပုံ)




**အာကာစိုး**




## ၂၄-၁၀-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုးကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၅၂၂၃ | ၅၆၉၈၉၆၅ | ၂၂၉၃၁၇ |
| ၂။ | အိန္ဒိယ | ၇၈၁၄၆၈၂ | ၇၀၁၆၀၄၆ | ၁၁၇၉၉၂ |
| ၃။ | ဘရာဇီး | ၅၃၅၅၆၅၀ | ၄၇၉၇၈၇၂ | ၁၅၆၅၂၈ |
| ၄။ | ရုရှား | ၁၄၉၇၁၆၇ | ၁၁၃၀၈၁၈ | ၂၅၈၂၁ |
| ၅။ | စပိန် | ၁၁၁၀၃၇၂ | စိစစ်ဆဲ | ၃၄၇၅၂ |
| ၆။ | အာဂျင်တီးနား | ၁၀၆၉၃၆၈ | ၈၆၆၆၉၅ | ၂၈၃၃၈ |
| ၇။ | ပြင်သစ် | ၁၀၄၁၀၇၅ | ၁၀၉၄၈၆ | ၃၄၅၀၈ |
| ၈။ | ကိုလံဘီယာ | ၉၉၈၉၄၂ | ၉၀၁၆၅၂ | ၂၉၈၀၂ |
| ၉။ | ပီရူး | ၈၈၃၁၁၈ | ၈၀၀၄၈၀ | ၃၄၀၃၃ |
| ၁၀။ | မက္ကဆီကို | ၈၈၀၇၇၅ | ၆၄၁၀၇၅ | ၈၈၃၁၂ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄- ၁၀ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၃၈၅၉၈၀ | ၃၀၉၂၁၉ | ၁၃၂၀၆ |
| ဖိလစ်ပိုင် | ၃၆၇၈၁၉ | ၃၁၃၁၁၂ | ၆၉၃၄ |
| စင်ကာပူ | ၅၇၉၆၅ | ၅၇၈၃၂ | ၂၈ |
| မြန်မာ | ၄၃၇၈၈ | ၂၃၇၀၈ | ၁၀၆၆ |
| မလေးရှား | ၂၅၇၄၂ | ၁၆၅၅၅ | ၂၂၁ |
| ထိုင်း | ၃၇၃၁ | ၃၅၂၉ | ၅၉ |
| ဗီယက်နမ် | ၁၁၄၈ | ၁၀၄၉ | ၃၅ |
| ကမ္ဘောဒီးယား | ၂၈၇ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၂ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၂၃-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၆၁) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | မင်္ဂလာဒုံ | ၈၀ |
| | | အင်းစိန် | ၇၈ |
| | | ကမာရွတ် | ၇၇ |
| | | မြောက်ဥက္ကလာပ | ၆၇ |
| | | ရန်ကင်း | ၅၈ |
| | | သဃ်္ဃန်းကျွန်း | ၅၁ |
| | | တာမွေ | ၄၀ |
| | | ကြည့်မြင်တိုင် | ၃၈ |
| | | လှိုင် | ၃၆ |
| | | မင်္ဂလာတောင်ညွန့် | ၃၅ |
| | | သန်လျင် | ၃၃ |
| | | တောင်ဥက္ကလာပ | ၂၉ |
| | | မရမ်းကုန်း | ၂၇ |
| | | လှိုင်သာယာ | ၂၇ |
| | | ဗိုလ်တထောင် | ၂၇ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၂၆ |
| | | တွံတေး | ၂၅ |
| | | ဗဟန်း | ၂၃ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၂၁ |
| | | သာကေတ | ၂၀ |
| | | မှော်ဘီ | ၁၈ |
| | | ရွှေပြည်သာ | ၁၅ |
| | | လမ်းမတော် | ၁၃ |
| | | ပုဇွန်တောင် | ၁၃ |
| | | ဒေါပုံ | ၁၂ |
| | | သုံးခွ | ၁၂ |
| | | စမ်းချောင်း | ၁၀ |
| | | ဒဂုံ | ၉ |
| | | ဒလ | ၈ |
| | | ကျောက်တန်း | ၆ |
| | | အလုံ | ၆ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆ |
| | | လသာ | ၅ |
| | | ကျောက်တံတား | ၅ |
| | | ထန်းတပင် | ၄ |
| | | ကွမ်းခြံကုန်း | ၄ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၄ |
| | | လှည်းကူး | ၃ |
| | | ပန်းဘဲတန်း | ၂ |
| | | ခရမ်း | ၂ |
| | | ကော့မှူး | ၂ |
| | | ဆိပ်ကြီးခနောင်တို | ၁ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | | ၉၇၉ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | သာယာဝတီ | ၁၈၈ |
| | | ကျောက်တံခါး | ၁၆ |
| | | လက်ပံတန်း | ၁၄ |
| | | ပဲခူး | ၄ |
| | | တောင်ငူ | ၂ |
| | | ဝေါ | ၂ |
| | | ကျောက်ကြီး | ၁ |
| | | အုတ်တွင်း | ၁ |
| | | ရွှေတောင် | ၁ |
| | | သဲကုန်း | ၁ |
| | စုစုပေါင်း | | ၂၃၀ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | ချမ်းအေးသာစံ | ၂၁ |
| | | မဟာအောင်မြေ | ၂၀ |
| | | ချမ်းမြသာစည် | ၈ |
| | | အမရပူရ | ၆ |
| | | ကျောက်ပန်းတောင်း | ၆ |
| | | အောင်မြေသာဇံ | ၄ |
| | | မိတ္ထီလာ | ၄ |
| | | ပြည်ကြီးတံခွန် | ၁ |
| | | မြစ်သား | ၁ |
| | | နွားထိုးကြီး | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | ပြင်ဦးလွင် | ၁ |
| | | သပိတ်ကျင်း | ၁ |
| | စုစုပေါင်း | | ၇၅ |
| ၄။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၁၉ |
| | | ဘားအံ | ၁၃ |
| | | ကော့ကရိတ် | ၁၃ |
| | | မြဝတီ | ၂ |
| | စုစုပေါင်း | | ၄၇ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၃ |
| | | ကျိုက်လတ် | ၂ |
| | | ကျောင်းကုန်း | ၂ |
| | | ညောင်တုန်း | ၂ |
| | | ပုသိမ် | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | ဓနုဖြူ | ၁ |
| | | ဒေးဒရဲ | ၁ |
| | စုစုပေါင်း | | ၁၃ |
| ၆။ | မကွေးတိုင်းဒေသကြီး | မင်းဘူး | ၂ |
| | | တောင်တွင်းကြီး | ၂ |
| | | အောင်လံ | ၁ |
| | | မကွေး | ၁ |
| | | နတ်မောက် | ၁ |
| | စုစုပေါင်း | | ၇ |
| ၇။ | မွန်ပြည်နယ် | မော်လမြိုင် | ၂ |
| | | ကျိုက်ထို | ၂ |
| | | သံဖြူဇရပ် | ၁ |
| | စုစုပေါင်း | | ၅ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာ | ၁ |
| | စုစုပေါင်း | | ၁ |
| ၉။ | ရှမ်းပြည်နယ် | နမ့်ခမ်း | ၁ |
| | စုစုပေါင်း | | ၁ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁ |
| | စုစုပေါင်း | | ၁ |
| ၁၁။ | ကယားပြည်နယ် | လွိုင်ကော် | ၁ |
| | စုစုပေါင်း | | ၁ |
| ၁၂။ | နေပြည်တော် | ပျဉ်းမနား | ၁ |
| | စုစုပေါင်း | | ၁ |
| | (၂၃-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၃၆၁) ဦး |

မှတ်ချက်။ (၂၃-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၃၆၁) ဦးတွင် အနံ့မရရှိသူ (၁၃၅) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

❀ *ကျောဖုံးမှ*

မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ
(၂၄-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၄,၂၃၀) ဦး | (၅၉၄,၁၅၁) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၄၂၃) ဦး | (၄၃,၇၈၈) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၁,၂၅၄) ဦး | (၂၃,၇၀၈) ဦး |
| သေဆုံးလူနာ | (၂၈) ဦး | (၁,၀၆၆) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါ စစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။
- ယနေ့ သေဆုံးသူ (၂၈) ဦးအနက် ရောဂါအခံရှိသူ (၂၄) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြု လူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့သူ (၁,၈၁၁) ဦးအား ၎င်းတို့၏နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိ၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုသွားမည် ဖြစ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## ရေးမြို့နယ်အတွင်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**ရေး အောက်တိုဘာ ၂၄**

မွန်ပြည်နယ် ရေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုဗစ်-၁၉ ကာလအတွင်း စီးပွားရေးကုစားမှုအစီအစဉ်တစ်ရပ်အနေဖြင့် ရေးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုရှိ ကျေးရွာပေါင်း ၂၅ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၈၅ ခုကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ စတုတ္ထပတ်အတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Cash For Work စီမံကိန်းပါ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာ တစ်ရွာလျှင် စီမံကိန်းထောက်ပံ့ရန်ပုံငွေ ကျပ်သိန်း ၁၀၀ စီဖြင့် ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည်။ ရေးမြို့နယ်အတွင်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အောက်တိုဘာ ဒုတိယအပတ်တွင် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မိုးဝင်း (ကျေးလက်)**




## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးစက်ပစ္စည်းများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၄**

ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသော ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ RCL Myanmar Co., Ltd က ယနေ့နံနက် ၉ နာရီတွင် ဆေးရုံသုံး စက်ပစ္စည်းများ လာရောက်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ယခုကဲ့သို့ ဆေးရုံသုံးစက်ကိရိယာများ လှူဒါန်းမှုသည် ကိုဗစ် -၁၉ လူနာများသာမက အခြားရောဂါများကို ကုသမှုခံယူနေရသော လူနာများအတွက်လည်း အသုံးပြုနိုင်မည်ဖြစ်သောကြောင့် ရေရှည်အကျိုးရှိမည်ဖြစ်ကြောင်းသိရသည်။

ယနေ့လှူဒါန်းခဲ့သော စက်ပစ္စည်းများမှာ Oxygen Concentrator နှစ်စုံ၊ Suction Machine နှစ်စုံ၊ Infusion Pump နှစ်စုံနှင့် Patient Monitor 12 inches နှစ်စုံစီဖြစ်သည်။

ယနေ့ပြုလုပ်သော ဆေးရုံသုံး စက်ပစ္စည်းများလှူဒါန်းပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး Ms. Suphatra Srimai-treephithak က ဦးဆောင်၍ RCL Myanmar Company ၏ Director အဖွဲ့ဝင်ဖြစ်သော ဦးအောင်သန်းဌေး၊ RCL Myanmar Owner's Represen-tative, Mr. Chamnan Dashirun နှင့် ရုံးအဖွဲ့များ တက်ရောက်လှူဒါန်းပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ရီရီမြင့်က ဆေးရုံသုံး စက်ပစ္စည်းများအား လှူဒါန်းမှုကို လက်ခံယူသည်။

၎င်းလှူဒါန်းမှုအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသော အလှူရှင်များအား ကျေးဇူးတင်ရှိပါကြောင်း ထိုင်းသံအမတ်ကြီးနှင့် ရန်ကုန်ပြည်သူ့ဆေးရုံအုပ်ကြီးတို့က ပြောကြားကြသည်။

RCL Myanmar Co., Ltd သည် ထိုင်းနိုင်ငံ အခြေစိုက် နှစ်ပေါင်း ၄၀ အတွေ့အကြုံရှိ Regional Container Line Shipping company ၏ ရန်ကုန်ရုံးခွဲဖြစ်ပြီး ရန်ကုန်ဆိပ်ကမ်းနှင့် အရှေ့တောင်အာရှရှိ ဆိပ်ကမ်းများတွင် ကုန်သေတ္တာများကို ပုံမှန်အပတ်စဉ် သယ်ယူပို့ဆောင်ပေးနေသော သင်္ဘောကုမ္ပဏီတစ်ခု ဖြစ်ကြောင်း သိရသည်။

**မအိ**

# WFP ၏ စီစဉ်မှုဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်းလေကြောင်းခရီးစဉ် စတင်ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၂၄**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) ၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါတုံ့ပြန်မှုနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်းလေကြောင်းခရီးစဉ် (ပထမအကြိမ်) အဖြစ် ရန်ကုန်-စစ်တွေ ခရီးစဉ်ကို ယနေ့နံနက်ပိုင်းက စတင်ပြေးဆွဲသည်။

အဆိုပါ ပထမအကြိမ်ခရီးစဉ်ကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ပျံသန်းပြေးဆွဲပေးရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ ကုသရေးအတွက် အသုံးပြုမည့် ဆေးပစ္စည်းအထောက်အပံ့များနှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ဝန်ထမ်းများ တင်ဆောင်သွားကြောင်း သိရသည်။ **(ယာပုံ)**

ယင်းလေကြောင်းခရီးစဉ်ကို ဥရောပသမဂ္ဂ European Civil Protection and Humanitarian Aid Operations (ECHO) ၏ ငွေကြေးထောက်ပံ့မှုနှင့်အတူ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ပေါင်းစပ်ညှိနှိုင်းမှုတို့ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်တွင်းလေကြောင်းခရီးစဉ်များ ခေတ္တရပ်နားထားသည့် ကာလအတွင်း ရခိုင်ပြည်နယ်ရှိ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်မှုနှင့် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများကို ကူညီပံ့ပိုးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

ယနေ့ခရီးစဉ်နှင့်ပတ်သက်၍ WFP ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr. Stephen Anderson က "WFP အနေနဲ့ မြန်မာနိုင်ငံမှာ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးနေတဲ့ အဖွဲ့အစည်းတွေ အားလုံးအတွက် အခုလို လေကြောင်းခရီးစဉ်တွေကနေတစ်ဆင့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုပေးခွင့်ရတဲ့အတွက် ဂုဏ်ယူမိပါတယ်။ လိုအပ်ချက်ရှိတဲ့အပေါ်မှာ မူတည်ပြီး အခုလို ပြည်တွင်း လေကြောင်းခရီးစဉ်တွေကို တိုးချဲ့ပြေးဆွဲသွားနိုင်ဖို့ ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်မှုလုပ်ငန်းတွေနဲ့ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းတွေမှာ ရှေ့တန်းကနေ ပါဝင်ကူညီကြမယ့်သူတွေကို လိုရာခရီးရောက်အောင် သယ်ယူပို့ဆောင်ပေးနိုင်ဖို့ဖြစ်ပါတယ်" ဟု ပြောသည်။

WFP ၏ အဆိုပါ လေကြောင်းခရီးစဉ်ကို နေ့ရက်များ သတ်မှတ်ကာ ပုံမှန် ပျံသန်းပြေးဆွဲပေးခြင်းမျိုးမဟုတ်ဘဲ ခရီးစဉ်လိုအပ်ချက်များအပေါ် မူတည်၍ ပျံသန်းပြေးဆွဲပေးသွားရန် စီစဉ်ထားရှိပြီး ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးမှုအကူအညီပေးနေသည့် ဝန်ထမ်းများအတွက် ပြေးဆွဲပေးခြင်းဖြစ်ကြောင်း သိရသည်။




**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

## မြစ်သားမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ကမ္ဘောဇဘဏ် လှူဒါန်း



**မြစ်သား အောက်တိုဘာ ၂၄**

ကမ္ဘောဇဘဏ်သည် အောက်တိုဘာ ၂၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ **(ယာပုံ)**

လှူဒါန်းပွဲတွင် ကမ္ဘောဇဘဏ် (မြစ်သားမြို့ဘဏ်ခွဲ) တာဝန်ခံ ဒေါ်ဂျူလိုင်စိုးစံနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆေးရုံသုံးနှာခေါင်းစည်း ၃၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ ရောဂါကာကွယ်ရေးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ် -၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးစိန်ပိုနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် မြစ်သားမြို့ မြလှမြင့်စေတနာကျန်းမာရေးဖောင်ဒေးရှင်းသို့ အလှူငွေကျပ် သိန်း ၅၀ နှင့် ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ကမ္ဘောဇဘဏ် (ကူမဲ) ဘဏ်ခွဲတာဝန်ခံ ဒေါ်သဲစုအေးနှင့် ဝန်ထမ်းက ပေးအပ်လှူဒါန်းရာ မြလှမြင့်ဆေးရုံအုပ်ကြီး ဦးဝင်းထိန်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

**ကိုကျော်**

## ကုန်းကြမ်းမြို့နယ်အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်းကြမ်းမြို့နယ်အတွင်း ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၉၄၀ ဒသမ ၀၀၆သန်းဖြင့် မြေလမ်း လေးမိုင်၊ ကျောက်လမ်း ခြောက်မိုင်၊ ရေပြွန်တံတား ၁၀ စင်း၊ ၁၁ ကေဗွီအေ ဓာတ်အားလိုင်း လေးမိုင်နှင့် ဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်း နှစ်ခုတို့အား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်သည်။

အဆိုပါ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနက် ကုန်းကြမ်းမြို့နယ် တာရှန်-ရှန်ခိုက်ထန် - ဟိုဟွာထန် - မန်ကြိမ်း - လုံကန် - မန်ဟေ - ဟယ်ရှောက် - သွီးထန် - မုံးဟောင်လမ်း မိုင် ၃၀ အနက် ကျောက်လမ်း ကိုးမိုင် ဆောင်ရွက်ပြီး ကျန်လမ်းပိုင်း ၂၁ မိုင်မှ နှစ်မိုင် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် ယင်းလမ်းပေါ်တွင် လိုအပ်သောနေရာများ၌ ရေပြွန်တံတားငါးစင်း တည်ဆောက်ခြင်းအား သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည်။

ယခုဘဏ္ဍာနှစ်၌ ကျောက်လမ်း နှစ်မိုင်နှင့် ရေပြွန်တံတားများ တည်ဆောက်ပေးခဲ့ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်း အဆိုပါလမ်းပိုင်း၌ ကျောက်လမ်း (၁/၄) မိုင်နှင့် ရေပြွန်တံတား လေးစင်းကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ အဆိုပါလမ်းပေါ်ရှိ ကျေးရွာများနေ နယ်စပ်ဒေသပြည်သူများ အချိန်တိုအတွင်း လွယ်ကူစွာ ကူးသန်းသွားလာနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**သီဟစည်သူ**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ **မိုး/ဇလ**

## ပြည်ပ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအရပ်ရပ်၌ စာချုပ်သက်တမ်းကုန်လွန်၍ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သားများ အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေး လေယာဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်း အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ တစ်ဆင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။



အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၇၉ ဦး၊ ဖြိတိန်မှ ၂၉ ဦး၊ အင်ဒိုနီးရှားမှ ရှစ်ဦး၊ ဘယ်လ်ဂျီယံမှ ငါးဦး၊ ကနေဒါမှ သုံးဦး၊ ဩစတြေးလျမှ နှစ်ဦး၊ စင်ကာပူမှ တစ်ဦး၊ ဘရာဇီးမှ တစ်ဦး၊ Trinidad and Tobago မှ တစ်ဦး၊ အီတလီမှ ၁၀ ဦး၊ အီဂျစ်မှ နှစ်ဦး၊ ပနားမားမှ တစ်ဦး၊ အမေရိကန်ပြည်ထောင်စုမှ တစ်ဦး စုစုပေါင်း မြန်မာသဘော်သား ၁၄၃ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ/သတ်မှတ်ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှု ခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသဘော်သားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်ရောဂါ ကာကွယ်ဖို့ စနစ်တကျ လက်ဆေးစို့

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်- ၁၉ ရောဂါ သံသယရှိသူများ အနံ့ပျောက်စင်တာများတွင် ဆန္ဒအလျောက် စာရင်းပေး စစ်ဆေးမှုခံယူနိုင်

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများ အနံ့ပျောက်စင်တာများတွင် မိမိဆန္ဒ အလျောက် စာရင်းပေးစစ်ဆေးမှု ခံယူနိုင်ပြီး လာရောက်စစ်ဆေးခံသူများကို ဓာတ်ပုံရိုက်ခွင့်မပြုဘဲ ပေါက်ကြားမှုမရှိစေရန် လျှို့ဝှက်ကာကွယ်ပေးထားသည်။

"သံသယရှိတယ်ဆိုရင် အနံ့ပျောက်စင်တာတွေမှာ သက်ဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးတို့၊ ရပ်ကွက်တာဝန်ရှိသူတို့ကို ပြောပြီး သွားရောက် စစ်ဆေးခံနိုင်ပါတယ်" ဟု တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ သက်စုမွန်က ပြောသည်။

ရန်ကုန်တိုင်း ဒေသကြီးတွင် အနံ့ ပျောက်စင်တာများကို မြို့နယ်များတွင် ဖွင့်လှစ်ထားရာ အောက်တိုဘာ ၂၁ ရက်က ကျောက်တံတား မြို့နယ် ၃၅ လမ်းတွင် အနံ့ပျောက်သူများနှင့် ကိုဗစ်-၁၉ ရောဂါ သံသယရှိသူများကို ရောဂါ ရှိ/ မရှိ အခမဲ့ စစ်ဆေးပေးပြီး ဗိုလ်တထောင်မြို့နယ် အထက (၆) (စိန့်ပေါလ်) တွင် အနံ့ပျောက်စင်တာကို ဖွင့်လှစ်ပေးထားရာ မသက်ဆိုင်သူများ မဝင်နိုင်ရန် သဘာဝဘေးတားဆီး ကာကွယ်ရေး ဥပဒေအရ တားမြစ်ထားကြောင်း ဆိုင်းဘုတ်ဖြင့် ကြေညာထားသည်။

**သန့်ဇင်ဝင်း**

## နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်ဖြင့် ကျေးရွာ ကိုးရွာတွင် မီးလင်းရေး လုပ်ငန်းဆောင်ရွက်ပေးမည်

**မုံရွာ အောက်တိုဘာ ၂၄**

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ကျေးရွာခုနစ်အုပ်စုရှိ ကျေးရွာကိုးရွာတွင် လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးလင်းရေးစနစ်ကို ဟုမ္မလင်းမြို့နယ်အတွင်းရှိ နန့်သာကျေးရွာအုပ်စုရှိ နန့်သာကျေးရွာတို့တွင်လည်းကောင်း၊ ထုံမာတဲကျေးရွာအုပ်စုရှိ ထုံမာတဲကျေးရွာနှင့် လိုင်မဆန်ကျေးရွာတို့ ပူးပေါင်းပြီးလည်းကောင်း၊ နန်ချောကျေးရွာအုပ်စုရှိပင်ခုတ်ကျေးရွာတွင်လည်းကောင်း၊ နောင်ဖာမူကျေးရွာအုပ်စုရှိ နောင်ဖာမူကျေးရွာတွင်လည်းကောင်း၊ ညောင်ကုန်းကျေးရွာအုပ်စုရှိ လက်ပံသာကျေးရွာတွင်လည်းကောင်း၊ ဖောင်းပြင်မြို့နယ် မင်းယားကျေးရွာအုပ်စုရှိ မင်းယားကျေးရွာတွင်လည်းကောင်း၊ ပုလဲမြို့နယ်အတွင်းရှိ မယင်းကျေးရွာအုပ်စုရှိ မယင်းကျေးရွာနှင့် ခင်သာကျေးရွာတို့တွင်လည်းကောင်း ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးလင်းရေးစနစ်ပြီးစီးပါက မြို့သုံးမြို့ရှိ ကျေးရွာအုပ်စုခုနစ်စုမှ ကျေးရွာကိုးရွာကို စီမံကိန်းချိတ်ဆက်မည့် အိမ်ခြေ ၁၅၈၅ အိမ်ရှိ ဒေသခံပြည်သူ ၉၈၉၃ ဦးတို့သည် လျှပ်စစ်မီးအသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကလည်း နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးလင်းရေးစနစ်ဖြင့် မီးလင်းရေးကို စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာတွင်လည်းကောင်း၊ ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင်လည်းကောင်း၊ ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာနှစ်ရွာတွင် လည်းကောင်း၊ ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင်လည်းကောင်း၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ ကျေးရွာခုနစ်ရွာတွင် လည်းကောင်း၊ တန့်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာတွင်လည်းကောင်း၊ လေရှီးမြို့နယ် အတွင်းရှိ ကျေးရွာတစ်ရွာတွင်လည်းကောင်း လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

## ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေး စစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ပြင်ဦးလွင်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ညွှန်ကြားချက်အရ စဉ့်ကူးမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးနေလင်းနှင့် အဖွဲ့သည် ယမန်နေ့က စဉ့်ကူးမြို့နယ်အတွင်း ရေဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တရားမဝင် ငါးဖမ်းဆီးသည့် ဘက်ထရီရှော့တိုက်ငါးဖမ်းဆီးမှုမရှိစေရေး ငါးဖမ်းကိရိယာများအား လိုက်လံစစ်ဆေးခြင်းအား ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့နှင့်အတူ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၁၀ - ၂၀၂၀

**ရွှေ**

| | | | | | | |
|---|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၅၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၉၃ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၃၂ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၅၄ . ၁၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၈၆ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၂ . ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၄ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၄ . ၂၈ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၅၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၄ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၁၁ . ၉၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၄၁၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၁၀၀၀၀ | ၃၃၆ | ၃၃၆၀၀၀၀ |
| MTSH | ၃၆၅၀ | ၃၆၅၀ | ၇၈၀၂ | ၂၈၄၇၇၃၀၀ |
| MCB | ၈၁၀၀ | ၈၂၀၀ | ၁၄၀ | ၁၁၄၄၀၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၃၅၆ | ၇၈၃၂၀၀၀ |
| TMH | ၂၇၅၀ | ၂၈၀၀ | ၁၇၄၄ | ၄၇၃၉၁၀၀ |
| EFR | ၃၀၅၀ | ၃၁၅၀ | ၅၆ | ၁၇၀၉၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။


HTOO
ဝါကျွတ်ပြီဆိုတာနဲ့ ဦးတင့်ကို ကန်တော့ဖို့ စိတ်ကူးထားတယ်နော်..
ဘာတွေ စိတ်ကူးထားလဲဟ...
ဦးတင့်မှာ ဆီးချို ရှိမရှိ... ဆီးချိုရှိရင် ဆီးချိုသွေးအားရှင်တွေအတွက် ထုတ်ထားတဲ့ မုန့်ပုံး နဲ့ ကန်တော့မယ်.. ဆီးချို မရှိရင်တော့......
မလိုပါဘူး ပုလုံးရယ်...
ဘာပစ္စည်းမှ မပါဘဲ လက်အုပ်ချီပြီး ကန်တော့လည်း ဂါရဝထားရာ ရောက်ပါတယ်ကွာ...အဲ...တစ်ခုတော့ ရှိတယ်....
နှာခေါင်းစည်းတပ်၊ ခြောက်ပေခွာ၊ လက်ကိုစနစ်တကျဆေးကြော... ဒါမှမဟုတ် လက်အိတ်စွပ်ပြီးမှ လာကန်တော့ခွင့်ပြုမယ်..ကြားလား...
လာပြီး ကန်တော့မှာနော်.. စိတ်ချ ဦးတင့်...
နောက်တစ်နေ့မှာတော့...
ဦးတင့်..ရေ... ဦးတင့်...
ဟင်..ပုလုံး...မင်း...မင်း ဘာလာလုပ်တာလဲ...
ဦးတင့်ကို ကန်တော့ချင်လွန်းလို့ အိမ်မှာတွေ့တဲ့ လက်အိတ်ကောက်စွပ်ပြီး လာခဲ့တာ...ကန်တော့ခံဖို့ အိမ်အပြင် ထွက်ခဲ့ ဦးတင့်...


ဈေးသွားမလို့လား မေကြီး..
ဟုတ်တယ် ကွဲ့..
ဒါဆို မက်စ်တပ်သွားနော် မေကြီး..
ဟဲ့
ဈေးသွားတာ..
မက်တက် မသွားဘို့ ကလေးတွေ ဆို..
လေးဘက်တောက်ပြီး..သွားရမလား ကွဲ့..
အာ
အဲဒီ မက်တက် သွားတာကို ပြောတာမဟုတ်ဘူး..
MASK..MASK နှာခေါင်းစည်း တပ်သွားဖို့ ပြောတာ..မေကြီးရ
မေမေက စ,တာပါ ကွယ်..
ဟီး
ဟွန့်


သက်စု ၂၀၂၀
ဘယ်လို လုပ်ရပါ့၊
ဟုတ်ပြီ၊ ဘဘတို့ ဒေါ်လေးတို့ကို ကန်တော့လို့ ရမယ့် နည်းလမ်း သိပြီ၊
ဖျောက်
ဒေါ်လေးကို ကန်တော့မလို့၊ သားကန်တော့နေတဲ့ပုံ ဓာတ်ပုံရိုက်ပြီး ပို့လိုက်မယ်၊
ဒေါ်လေးလည်း သားကို ဝေ.မန်နီးနဲ့ မုန့်ဖိုး ပို့ပေးလိုက်နော်၊၊
အလိုတော်၊ တယ်ဟုတ်ပါလား ငါ့တူကြီး ခေတ်မီချက်၊
ဘာနဲ့ ကန်တော့မှာလဲ၊၊၊
ခုချိန်က လက်အုပ်ချီ ကန်တော့လို့ပဲ ရတာကို၊ နောက်မှ၊၊
အိမ်တိုင်ရာရောက် ပို့ပေးတဲ့ ဝန်ဆောင်မှု ရှိတယ်လေ၊ အဲ့ဒါနဲ့ ပို့လိုက်၊၊
ဟိုက်၊ သားထက် ခေတ်မီပါ့၊
ပြီး






ကာတွန်းကိုမိုး
သားပု
MASK

## လောကဝတ် (Etiquette)

# လိမ္မာတဲ့ကလေးလေးတွေ

မမမေ

ကလေးလေးတို့ရေ သီတင်းကျွတ်တော့မယ်နော်။ ကလေးတို့အားလုံး သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် ရင်ခုန်စိတ်လှုပ်ရှားနေကြပြီမဟုတ်လား။ ဒီနှစ်ကတော့ သီတင်းကျွတ်မီးထွန်းပွဲက တန်ခူးလတုန်းက ကျရောက်ခဲ့တဲ့ သင်္ကြန်ပွဲတော်လိုပဲ ကိုဗစ်-၁၉ ရောဂါကြီးကြောင့် ကိုယ့်အိမ်မှာပဲ ကျင်းပကြရပါဦးမယ်နော်။ ဘယ်လိုပဲဖြစ်ဖြစ် ကလေးတို့ကတော့ ကိုယ့်အိမ်မှာ ကိုယ့်မိသားစုဝင်တွေနဲ့ မြတ်စွာဘုရားကို မီးပူဇော်ရင်း၊ နေအိမ်ခြံဝင်းတွေအတွင်းမှာ ဆီမီးထွန်းညှိရင်း၊ မီးပန်းကလေးတွေဆော့ကစားရင်း၊ မီးပုံးပျံလေးတွေလွှတ်ရင်း ဖြတ်သန်းကြမယ်လို့ မမက ထင်ပါတယ်နော်။ ဒီကာလက မိဘ၊ ဆရာသမားတွေကို ကန်တော့ကြရင်း အပြစ်တွေရှိရင် ခွင့်လွှတ်ပေးဖို့ တောင်းပန်ကြတဲ့ကာလဖြစ်တာကြောင့် မမက ကလေးတို့ကို လူကြီးတွေပိုပြီး ချစ်ခင်လာအောင် အကြံဉာဏ်လေးအချို့ကို မျှဝေလိုပါတယ်နော်။

### တောင်းပန်တတ်ပါစေ

လူကြီးတွေက ကလေးတွေအပေါ်မှာ အမြဲခွင့်လွှတ်သည်းခံပေးနေကျဆိုတာ ကလေးလေးတို့ သိကြတယ်မဟုတ်လား။ ဒီကာလမှာ လူကြီးတွေကို စိတ်ရင်းနဲ့ ရိုရိုသေသေ ဦးချကန်တော့တဲ့အခါ အပြစ်တွေ ရှိရင်ခွင့်လွှတ်ပေးဖို့အတွက် တောင်းပန်တဲ့အကြောင်း ထည့်ပြီးပြောမယ်ဆိုရင် ကလေးတို့ကို လူကြီးတွေက ပိုပြီးချစ်ခင်နားလည်စေမှာပေါ့နော်။

### ကျေးဇူးတင်လိုက်ပါ

မမတို့ငယ်ငယ်က သီတင်းကျွတ်ပြီဆိုရင် သိပ်ကိုပျော်တာပဲ။ လူကြီးဘိုးဘွားတွေကို သွားကန်တော့ကြတာပေါ့။ အားလုံးက မုန့်ဖိုးတွေပေးတာ၊ လက်ဆောင်လေးတွေ ပြန်ပေးတာ လုပ်ကြတယ်။ အဲဒီလို လူကြီးတွေက လက်ဆောင်တွေ၊ မုန့်ဖိုးတွေ ပြန်ပေးတဲ့အခါ ရိုရိုသေသေနဲ့ ရယူပြီး သူတို့ရဲ့ပြန်ပြီး ကြင်နာတဲ့အရာတွေအတွက် ကျေးဇူးတင်ပါတယ်လို့ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောဖို့ မမေ့ကြနဲ့နော်။

### ပျော်အောင်နေ

ကလေးအချို့က ဒီလိုကာလမှာ ဖြောက်အိုးတွေဖောက်ကြတယ်။ အသံတွေ ဆူညံပြီး အားလုံးကို ထိတ်လန့်စေတာဟာ မကောင်းတာ ကလေးတို့ သိကြတယ် မဟုတ်လား။ ဖြောက်အိုး ဖောက်ရင်း မတော်တဆ ထိခိုက်မှုတွေလည်း ရှိတတ်တဲ့အတွက် အဲဒီလိုမကောင်းတဲ့ အရာတွေကို မလုပ်ကြဖို့လည်း မမက တိုက်တွန်းပါတယ်။ ပျော်စရာ ပွဲတော်ကာလမှာ ကိုယ်တိုင်လည်း ပျော်အောင်နေပြီး သူများကိုလည်း အနှောင့်အယှက်ကင်းအောင် နေပေးဖို့ လိုပါတယ်နော်။



### မီးအန္တရာယ်သတိပြု

မီးထွန်းပွဲတော်မို့ မီးပုံးပျံလေးတွေ လွှတ်တင်တဲ့အခါ အန္တရာယ်ကင်းတဲ့နေရာမှာသာ လွှတ်တင်သင့်ပါတယ်။ အချို့မီးပုံးပျံတွေဟာ မြေပေါ်ကို ပြုတ်ကျလာတဲ့အခါ နေအိမ်တွေပေါ်ကျပြီး မီးလောင်တာမျိုးတွေ ဖြစ်တတ်တဲ့အတွက် သတိထားသင့်ပါတယ်။ ဒါတင်မကသေးပါဘူး။ ဆီမီးထွန်းတာ၊ နေအိမ်တွေမှာ မီးထွန်းတဲ့အခါတွေမှာ မီးတွေသေသေချာချာ ငြိမ်းသွားတဲ့အခါကျမှသာ စိတ်ချလက်ချထားပစ်ခဲ့ပြီး မီးထွန်းညှိထားပြီးတော့ အခြားကို သွားလာတာမျိုးကို ရှောင်ကြဉ်သင့်တဲ့ အကြောင်းကိုလည်း မမက သတိပေးပါရစေ။

သီတင်းကျွတ်ကာလမှာအားလုံး ပျော်ပျော်ရွှင်ရွှင်၊ ကျန်းကျန်းမာမာနဲ့ ဖြတ်သန်းကြရအောင်နော်။

## သိမှတ်စရာအဖြာဖြာ (General Knowledge)

# အနောက်ကမ္ဘာက ကြောက်စရာ ပျော်စရာ ဟော်လိုဝင်းပွဲတော်

ကေ - ဂျူဝယ်လ်

မင်္ဂလာပါကလေးလေးတို့ရေ။ ဒီလက အောက်တိုဘာလဖြစ်ပါတယ်။ အောက်တိုဘာလရဲ့ နောက်ဆုံးရက် ၃၁ ရက်နေ့ကို ဟော်လိုဝင်းနေ့ဆိုပြီး ကမ္ဘာ့အနောက်ခြမ်းက ခရစ်ယာန်နိုင်ငံတွေမှာ ကျင်းပကြပါတယ်။ အမှန်တော့ ဟော်လိုဝင်းနေ့ဟာ မမတို့နိုင်ငံရဲ့ ယဉ်ကျေးမှုပွဲတော်တွေမှာတော့ မပါပါဘူးနော်။ ဒါပေမယ့် ကမ္ဘာကြီးဟာ အရှေ့အနောက်ယဉ်ကျေးမှုတွေ ကူးလူးဆက်သွယ်နေသလို အနောက်တိုင်းက ယဉ်ကျေးမှုတွေဟာ မမတို့ကမ္ဘာကြီးရဲ့ အရှေ့ခြမ်းက နိုင်ငံတွေဆီကိုလည်းရောက်ရှိလာကြတာမို့ ဟော်လိုဝင်းပွဲအကြောင်းကိုလည်း ကလေးတို့ ဗဟုသုတရရှိစေဖို့ မမက ပြောပြပေးချင်ပါတယ်။



ဟော်လိုဝင်းကို အလွယ်တကူခေါ်ကြတာကတော့ သရဲပွဲတော်တဲ့လေ။ ကြောက်စရာကြီးပေါ့နော်။ ဒါပေမယ့် သူ့ရဲ့ မူရင်းအဓိပ္ပာယ်က အဲဒီလိုတော့ မဟုတ်ပါဘူး။ Halloween ဆိုတာက မြင့်မြတ်တဲ့ သူတော်စင်တွေ၊ ဆွေမျိုးတွေနဲ့ လေးစားထိုက်တဲ့သူတွေကို အောက်မေ့တမ်းတပြီး ဆုတောင်းဝတ်ပြုခြင်း ကျင်းပတဲ့ပွဲတော်အဖြစ် စတင်ခဲ့တာပါ။ ဟော်လိုဝင်းပွဲတော်ကို လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၀၀၀ လောက်ကတည်းက ကျင်းပလာခဲ့ကြတယ်လို့ သိရပါတယ်။ ဟော်လိုဝင်းနဲ့ပတ်သက်တဲ့ ပုံပြင်တစ်ပုဒ်ရှိပါတယ်။ အဲဒီပုံပြင်ထဲမှာတော့ ဂျက်ဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ နတ်ဆိုးကို နှောင့်ယှက်မိတဲ့အတွက် နတ်ပြည်ကိုရော၊ ငရဲပြည်ကိုရော မသွားနိုင်တော့ဘဲ ပိတ်လှောင်ခံနေရသတဲ့။ အဲဒါကို နတ်ဆိုးကနေ အမှောင်ထုထဲမှာ ပိတ်လှောင်မနေစေဖို့အတွက် မီးတောက်တစ်ခုကို ပေးလိုက်တယ်။ ခပ်ဆိုးဆိုးကောင်လေး ဂျက်က မီးတောက်ကို သူကြိုက်တဲ့ မုန်လာဥတွေထဲကို ထည့်ပြီး လူတွေနဲ့ နတ်တွေကို လိုက်နှောင့်ယှက်ရာကနေ ဟော်လိုဝင်းညမှာ ရွှေဖရုံသီးတွေ၊ မုန်လာဥတွေကို ထွင်းပြီး အထဲမှာ မီးထည့်ထွန်းကာ လိုက်စတဲ့ အလေ့အထပေါ်လာတယ်လို့ အနောက်တိုင်းအယူအဆတွေ ရှိပါတယ်။

ဟော်လိုဝင်းနဲ့ပတ်သက်တဲ့ နောက်ပုံပြင်တစ်ခုကတော့ ဆားဝင်း(Samhain)လို့ခေါ်တဲ့ နတ်ဆိုးဟာ နှစ်စဉ်ဒီလိုရက်တွေမှာ ငရဲတံခါးပွင့်ပြီး ထွက်လာသတဲ့။ သူဟာ လူတွေကို ခြောက်လှန့်တတ်တာကြောင့် လူတွေက သူ့လိုပဲ မကောင်းဆိုးဝါးဝတ်ရုံတွေ ဝတ်ပြီး ဆားဝင်းကို လှည့်စားခဲ့ကြသတဲ့။ ဒါကြောင့် ဟော်လိုဝင်းပွဲတော်ကျင်းပတဲ့ အောက်တိုဘာ ၃၁ ရက် ညမှာဆိုရင် ကလေး၊ လူကြီးအားလုံး သရဲပုံစံ၊ စုန်းကဝေပုံစံ၊ သွေးစုပ်ဖုတ်ကောင်ပုံစံနဲ့ သမန်းကျားတို့၊ ဝံပုလွေတို့ပုံစံတွေ ဝတ်ဆင်ခြယ်သထားကြသတဲ့။

ဟော်လိုဝင်းညမရောက်ခင်နဲ့ နောက်နေ့ နိုဝင်ဘာ ၁ ရက်မှာတော့ သေဆုံးသွားတဲ့ ချစ်ခင်လေးစားရတဲ့ သူတွေရဲ့ အုတ်ဂူတွေကို သွားပြီး ဆုတောင်းပွဲတွေကို ကျင်းပလေ့ရှိကြပြီး အောက်တိုဘာ ၃၁ ရက် ညမှာတော့ အိမ်တွေရဲ့ အရှေ့မှာ ရွှေဖရုံသီးတွေကို အတွင်းအသားတွေထွင်းပြီး အလယ်မှာ မီးထွန်းလေ့ရှိကြတယ်။ အိမ်တိုင်းဟာ ဖယောင်းတိုင်မီးရောင်တွေနဲ့ ဆားဝင်းနတ်ဆိုးကို လှည့်စားပြီး မျက်နှာတွေမှာ အရောင်စုံခြယ်သလို့ ကြောက်စရာကောင်းသလို ပျော်စရာလည်း သိပ်ကောင်းတာပဲတဲ့။

အဲဒီညမှာကလေးတွေဟာ စုရုံးပြီးတော့ ကြောက်စရာကောင်းတဲ့ သရဲပုံစံမျိုးစုံနဲ့ တစ်အိမ်တက် တစ်အိမ်ဆင်း လျှောက်သွားကြသတဲ့။ Trick or treat ဆိုပြီး အော်ကြသတဲ့။ အိမ်ရှင်တွေကလည်း ကလေးတွေ ခြောက်လှန့်တာကို အမှန်တကယ် ကြောက်ချင်ယောင်ဆောင်ပြကြပြီး သကြားလုံးတွေ ထုတ်ပေးကြတာပေါ့။ ကလေးတွေကတော့ သကြားလုံး ဒါမှမဟုတ် လက်ဆောင်တွေ ရသွားတဲ့အခါ ပျော်ရွှင်ပြီး အဲဒီအိမ်ကို ထပ်မခြောက်လှန့်တော့ဘဲ နောက်တစ်အိမ်ကို သွားခြောက်လှန့်ကြတော့တာပေါ့။

ဟော်လိုဝင်းပွဲကို ယုံကြည်တဲ့ အိမ်တိုင်းမှာ မီးအိမ်တစ်ခု ဒါမှမဟုတ် နှစ်ခုသုံးခုကို ချိတ်ထားသတဲ့။ အဲဒါကိုတော့ Jack -O-Lantern လို့ခေါ်ပြီး ပုံပြင်ထဲက ဂျက်ရဲ့ မီးအိမ်အတုပေါ့ကွယ်။ ရွှေဖရုံသီးကို သရဲပုံဖော်ပြီး ထွန်းထားတာ။ အခုနောက်ပိုင်းတော့ အသင့်ရောင်းချတဲ့ ပလတ်စတစ်မီးပုံးတို့၊ စက္ကူမီးပုံးတို့မှာ သရဲပုံဆွဲထားကြတာပေါ့။

ဟော်လိုဝင်းကို ပျော်ရွှင်စရာပွဲတော်အဖြစ် ကမ္ဘာအရပ်ရပ်မှာ ကျင်းပလာကြတာက တစ်နှစ်ထက်တစ်နှစ် ပိုများလာတယ်။ မမတို့နိုင်ငံမှာလည်း ရန်ကုန်၊ မန္တလေးနဲ့ အခြားမြို့ကြီးတွေမှာ ပျော်စရာကောင်းတဲ့ ပွဲတစ်ခုအဖြစ် ကျင်းပလာကြတယ်။ မမတို့ နိုင်ငံရဲ့ ယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်တဲ့ သီတင်းကျွတ်မီးထွန်းပွဲတော်ကိုလည်း လပြည့်နေ့မတိုင်ခင် အဖိတ်နေ့၊ လပြည့်နေ့နဲ့ လပြည့်ကျော်တစ်ရက်နေ့တွေမှာ ကျင်းပလေ့ရှိတယ်နော်။ လာမယ့် အောက်တိုဘာ ၃၁ ရက်ဟာ တိုက်တိုက်ဆိုင်ဆိုင်ပဲ သီတင်းကျွတ်လပြည့်နေ့ဖြစ်တာမို့ မမတို့အားလုံး ဆီမီးတွေထွန်းရင်း မြတ်စွာဘုရားကို မီးပူဇော်ပြီး မိဘဆရာသမားတွေကို ကန်တော့ကြရမယ်။ ကလေးလေးတို့လည်း မီးရှူး၊ မီးပန်းလေးတွေ ပစ်ဖောက် ဆော့ကစားကြရမယ့် ယဉ်ကျေးမှုပွဲတော်နေ့ ဖြစ်တယ်ဆိုတာကိုလည်း မမက သတိပေးရင်း နှုတ်ဆက်လိုက်ပါတယ်နော်။



# အိတ်ချ်ပီဗီ ခေါ် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေး

**ဒေါက်တာစောဝင်း(ကလေးကျန်းမာရေး)**

အိတ်ချ်ပီဗီခေါ် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးကို အမျိုးသား ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက် အစီအစဉ်မှာ အောက်တိုဘာ ၂၀ ရက်က စတင်ထည့်သွင်းကြောင်း ကြေညာခဲ့ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီကာကွယ်ဆေးကို စတင်ထည့်သွင်းခြင်း အခမ်းအနားမှာ အွန်လိုင်းမှ အဖွင့်မိန့်ခွန်း ပြောကြားခဲ့ပါတယ်။

### အိတ်ချ်ပီဗီ ကာကွယ်ဆေးဆိုတာ ဘာလဲ

အိတ်ချ်ပီဗီဆိုတာ "Human Papilloma Virus" ကို ခေါ်တာဖြစ်ပါတယ်။ ဒီဗိုင်းရပ်စ်ပိုးက လိင်ဆက်ဆံခြင်းနဲ့ အရေပြားချင်း ထိတွေ့ခြင်းတို့ကနေ ကူးနိုင်ပါတယ်။ လိင်အင်္ဂါကြွက်နို့တွေကိုလည်း ဖြစ်စေပါတယ်။ ပိုပြီးအရေးကြီးတာကတော့ ဒီရောဂါပိုး ရေရှည်ကူးစက်ပြီး ခန္ဓာကိုယ်ထဲမှာနေရင် ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းလေးတွေကို ပြောင်းလဲစေပြီး ကင်ဆာရောဂါဖြစ်စေတာပါပဲ။

အထူးသဖြင့် အမျိုးသမီးတွေမှာဖြစ်ကြတဲ့ သားအိမ်ခေါင်းကင်ဆာတွေရဲ့ အဓိက တရားခံပါ။ ၂၀၁၆ ခုနှစ်က မြန်မာနိုင်ငံမှာ လုပ်ခဲ့တဲ့ သားအိမ်ခေါင်းကင်ဆာ သုတေသနမှာဆိုရင် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွားတဲ့သူတွေရဲ့ ၈၆ ရာခိုင်နှုန်းမှာ ဒီရောဂါပိုးကို တွေ့ခဲ့ပါတယ်။ ဒါကြောင့် ဒီရောဂါပိုး ကာကွယ်ဆေးထိုးထားခြင်းအားဖြင့် ဒီရောဂါ ရေရှည်ကူးစက်မှုကို မခံရရင် သားအိမ်ခေါင်းကင်ဆာ လုံးဝနီးပါး မဖြစ်နိုင်တော့ပါဘူး။ ဒါကြောင့် သားအိမ်ခေါင်းကင်ဆာ ကာကွယ်ဆေးလို့ ခေါ်တာပါ။

### မြန်မာပြည်မှာ သားအိမ်ခေါင်းကင်ဆာ အဖြစ်များသလား

အဖြစ်များပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အမျိုးသမီးများ(အသက်အရွယ်အားလုံး)မှာဖြစ်တဲ့ ကင်ဆာအားလုံးရဲ့ ၂၃ ဒသမ ၅ ရာခိုင်နှုန်းဟာ သားအိမ်ခေါင်းကင်ဆာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ကင်ဆာအားလုံးရဲ့ လေးပုံတစ်ပုံက ဒီကင်ဆာ ဖြစ်ပါတယ်။ အသက် ၁၅ နှစ်က ၄၄ နှစ်အရွယ် အမျိုးသမီးတွေအနေနဲ့ကြည့်ရင် အဖြစ်အများဆုံးကင်ဆာဖြစ်ပြီး ကင်ဆာကြောင့် သေဆုံးရခြင်းရဲ့ အဓိကအကြောင်းရင်းဖြစ်ပါတယ်။ ကမ္ဘာမှာကြည့်ရင်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အမျိုးသမီးများမှာ ဒုတိယအဖြစ်အများဆုံးကင်ဆာဖြစ်နေပါတယ်။

### ဒီဆေးက ထိရောက်မှုရှိသလား

ဒီဆေးထိုးပြီးတဲ့ မိန်းကလေးငယ်တွေကို ဆက်လက်ပြီး သုတေသနလုပ်ကြည့်တဲ့အခါမှာ ဒီဗိုင်းရပ်စ်ပိုး ကူးစက်ခံရမှုဟာ အများကြီး လျော့နည်းသွားတာ တွေ့ရပါတယ်။ ဆေးထိုးပြီး ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စသည်ဖြင့် သုတေသနလုပ်ကြည့်တဲ့အခါမှာ သိရတာပါ။ ဒီအမျိုးသမီးများမှာ ဒီကင်ဆာဖြစ်ပွားမှု အများကြီး လျော့ကျသွားမှာပါ။

### တခြားနိုင်ငံတွေရော ထိုးကြသလား

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး(WHO)က ကမ္ဘာ့နိုင်ငံတိုင်းရဲ့ ပုံမှန် ကာကွယ်ဆေးထိုး အစီအစဉ်များမှာ ထည့်သွင်းဖို့ တိုက်တွန်းထားတဲ့ ကာကွယ်ဆေး ၁၂ မျိုးထဲမှာ ဒီဆေးပါပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်မှာလည်း ဒီဆေးဟာ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ်မှာ ပါဝင်နေပြီးဖြစ်ပါတယ်။

### အရှေ့တောင်အာရှဒေသ နိုင်ငံတွေမှာရော ထိုးနေပြီလား

ကျွန်တော်တို့နိုင်ငံက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အရှေ့တောင် အာရှဒေသကြီးမှာ ပါပါတယ်။ အဲဒီမှာ ၁၁ နိုင်ငံရှိတဲ့ အနက် နိုင်ငံတွေရဲ့ ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်မှာ ကျွန်တော်တို့က ပဉ္စမမြောက်ထည့်သွင်းတဲ့နိုင်ငံ ဖြစ်ပါတယ်။ ကျန်နိုင်ငံတွေကလည်း ထည့်သွင်းဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

### ဒီကာကွယ်ဆေး ထည့်သွင်းဖို့ ဘယ်လိုစီစဉ်ခဲ့သလဲ

ဒီကာကွယ်ဆေးကို ပုံမှန် ဆေးထိုး/ဆေးတိုက်အစီအစဉ်မှာ ထည့်သွင်းဖို့ အကြံပြုချက်ကို အမျိုးသားအဆင့် ကာကွယ်ဆေးဆိုင်ရာ အကြံပေးကော်မတီက ၂၀၁၇ ခုနှစ်ကတည်းက အကြံပြုခဲ့ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီး ဌာနကလည်း သဘောတူလို့ ထည့်သွင်းနိုင်ဖို့ အဓိကထောက်ပံ့တဲ့အဖွဲ့အစည်း ဖြစ်တဲ့ Global Alliance for Vaccines and Immunizations(GAVI) ကို လျှောက်ထား စီစဉ်ခဲ့ပါတယ်။ ၂၀၂၀ အတွင်းမှာ ထည့်သွင်းခွင့်ရပါတယ်။ ဒီကာကွယ်ဆေးတွေက ဩဂုတ်လမတိုင်မီကတည်းက ကျွန်တော်တို့ဆီကို ရောက်နေပါပြီ။

### မူလက ဘယ်မှာထိုးဖို့ စီစဉ်ထားတာလဲ

မူလက ဩဂုတ်လ ကျောင်းဖွင့်ပြီးစကာလမှာ ကျောင်းမှာစထိုးဖို့ စီစဉ်ထားတာပါ။ ကျောင်းမှာဆိုတော့ ကလေးတွေ စုစည်းပြီးသားရပါတယ်။ ဒါပေမယ့် ကိုဗစ်ရောဂါအခြေအနေကြောင့် ကျောင်းတွေမဖွင့်နိုင်လို့ စက်တင်ဘာ ၂၀ ရက်ကို ရွှေ့ဆိုင်းပြီးပါပြီ။ အခုတစ်ကြိမ်တော့ ထပ်မရွှေ့ဆိုင်းတော့ဘဲ အောက်တိုဘာ ၂၀ ရက်က စတင်ပြီး ပုံမှန်အစီအစဉ်မှာ ထည့်သွင်းပါတယ်။ မူလကတော့ ကျောင်းတွေမှာထိုးပြီးရင် ကျောင်းမနေတဲ့ ကလေးတွေအတွက်လည်း ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်လုပ်ပေးနေတဲ့ ဌာနတွေက ထိုးပေးသွားဖို့ပါ။

### အခု ဘယ်အရွယ်ကလေးတွေကို ထိုးပေးမှာလဲ

အသက် ၉ နှစ်မှ ၁၀ နှစ်အထိ မိန်းကလေးတွေကို ထိုးပေးမှာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ၂၀၁၀ ပြည့်နှစ် စက်တင်ဘာလ(၁-၉-၂၀၁၀)မှ ၂၀၁၁ ခုနှစ် ဩဂုတ်လ(၃၁-၈-၂၀၁၁)အတွင်း မွေးဖွားခဲ့တဲ့ မိန်းကလေးတွေအားလုံးကို ထိုးပေးသွားမှာပါ။ ခန့်မှန်းခြေ လေးသိန်းခွဲကျော် ရှိပါတယ်။

### တစ်ကြိမ်ထိုးရုံနဲ့ ပြီးပြီလား

ဒုတိယအကြိမ် ထပ်ဆောင်းအားဖြည့်ထိုးခြင်း(Booster dose) ထိုးရမှာဖြစ်ပါတယ်။ အခုဆေးရရှိတဲ့ ကလေးတွေကိုပဲ နောက်နှစ်မှာ တစ်ကြိမ်ထိုးပေးမှာပါ။ ပထမအကြိမ်ပြီးရင် ဒုတိယအကြိမ်ကို ခြောက်လနဲ့ ၁၅ လအကြား ထိုးလို့ရပါတယ်။ ယေဘုယျအနေနဲ့တော့ တစ်နှစ်ပတ်ဝန်းကျင်မှာ ထပ်ထိုးပေးမှာပါ။ ရက်အတိအကျ ထိုးစရာမလိုပါဘူး။

### ဒီဆေးက မလိုလားအပ်တဲ့အာနိသင် ဘာတွေရှိသလဲ

ဒီဆေးက အင်မတန် လုံခြုံစိတ်ချရတဲ့ဆေး ဖြစ်ပါတယ်။ ဒါကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ကာကွယ်ဆေးဆိုင်ရာ လုံခြုံစိတ်ချရေးကော်မတီက လုံခြုံစိတ်ချရကြောင်း သတ်မှတ်ထားပြီးသားပါ။ ပြင်းထန်တဲ့ ဘေးထွက်ဆိုးကျိုး မရှိပါ။ သာမန်တုံ့ပြန်မှုတွေဖြစ်တဲ့ ထိုးတဲ့နေရာမှာနာခြင်း(၈၀ ရာခိုင်နှုန်း)၊ နီခြင်း/ရောင်ခြင်း(၂၅ ရာခိုင်နှုန်းခန့်)နဲ့ ဖျားခြင်း(၁၀ ရာခိုင်နှုန်းလောက်မှာ) ဖြစ်နိုင်ပါတယ်။ ဖျားတာနဲ့တွဲတဲ့ မူးဝေတာ၊ အော့အန်တာ ဖြစ်နိုင်ပါတယ်။

### အခု ကိုဗစ်ကာလမှာ ဘယ်လိုကာကွယ်မှုတွေနဲ့ ထိုးမှာလဲ

ဟုတ်ပါတယ်။ အခု ကိုဗစ်ကာလဖြစ်တဲ့အတွက် Stay at Home (အိမ်မှာသာ နေရန်)သတ်မှတ်ထားတဲ့ မြို့နယ်တွေမှာတော့ ထိုးနိုင်ဦးမှာ မဟုတ်ပါဘူး။ ကျန်တဲ့မြို့နယ်တွေမှာတော့ ကာကွယ်ဆေးထိုး/ဆေးတိုက်ခြင်းလုပ်ငန်းဟာ မရှိမဖြစ် ဆက်လက်လုပ်ဆောင်နေရတဲ့ ဝန်ဆောင်မှုဖြစ်ပါတယ်။ ဒါပေမယ့် ကိုဗစ်ကာကွယ်ရေး စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်ဆောင်ရမှာပါ။ ဆေးထိုးတဲ့မိန်းကလေးနဲ့ မိဘအုပ်ထိန်းသူတိုင်းကိုလည်း ကာကွယ်ဆေးထိုးပေးတဲ့ဌာနမှာ လူခွဲချိန်းပြီး ထိုးရမှာပါ။ ကာကွယ်ဆေးထိုးပေးတဲ့ ဝန်ထမ်းတွေလည်း ရောဂါကူးစက်ခြင်း မခံရအောင် လုံလောက်တဲ့ အကာအကွယ်တွေနဲ့ ထိုးပေးမှာပါ။ ဒီအတွက်လည်း WHO ကရော နိုင်ငံတော်ကပါ လုံလောက်တဲ့ ပစ္စည်းပစ္စယတွေ ထောက်ပံ့ပေးထားပြီးသား ဖြစ်ပါတယ်။ လောလောဆယ် Stay at Home ဖြစ်နေတဲ့ မြို့နယ်တွေမှာတော့ Stay at Home က လွတ်မြောက်တာနဲ့ ထိုးပေးမှာပါ။ နောင်နှစ် ဒီအချိန်မှာ ကျောင်းတွေမှာ ထိုးပေးနိုင်မှာပါ။

### ဒီဆေးက ဘယ်တုန်းက ပေါ်တာလဲ

ဒီကာကွယ်ဆေးကို ကမ္ဘာပေါ်မှာ ၂၀၀၆-၂၀၀၇ လောက်ကတည်းက သုံးစွဲခွင့်လိုင်စင်ရပြီး စထိုးခဲ့တာပါ။ ကျွန်တော်တို့နိုင်ငံမှာလည်း ပြင်ပပုဂ္ဂလိကကဏ္ဍမှာ မိမိတို့ကုန်ကျစရိတ်နဲ့ ထိုးပေးနေခဲ့တာ ၁၀ နှစ်လောက်ရှိပါပြီ။ ဒါပေမယ့် အခက်အခဲကတော့ ကုန်ကျစရိတ်ပါ။ ကုမ္ပဏီကြီးနှစ်ခုက ဆေးသုံးမျိုး ထွက်ပါတယ်။ အခု ကျွန်တော်တို့ထိုးပေးတဲ့ (အမေရိကန်အခြေစိုက်) Merck Company က ပိုးလေးမျိုး (၁၆-၁၈-၆-၁၁) ပါတဲ့ ဆေးမျိုးဆိုရင် လောလောဆယ်မှာ ငွေကျပ် ၈၀၀၀၀ ကနေ တစ်သိန်းလောက်အထိ ပေးရပါတယ်။ ဒါက ဆေးဖိုးကိုပဲ ပြောတာပါ။ ဒါကြောင့် တော်တော်တတ်နိုင်တဲ့ မိသားစုတွေက ကလေးတွေပဲ ထိုးနိုင်တာပါ။

### အခု ဆေးအတွက် ဘယ်လောက်ကုန်ကျသလဲ

ဆေးအများကြီးကို ဈေးသက်သက်သာသာနဲ့ရရှိဖို့ WHO အဖွဲ့ကြီးက ညှိနှိုင်းပေးပါတယ်။ ဒီတော့ အခုဈေးက တစ်ယောက်စာအတွက် ၄ ဒသမ ၅ ဒေါ်လာလောက် ကျပါတယ်။ GAVI က ၉၀ ရာခိုင်နှုန်း ကျခံပေးပြီးတော့ နိုင်ငံတော်ဘဏ္ဍာငွေထဲက ၁၀ ရာခိုင်နှုန်း ကျခံပေးတာ ဖြစ်ပါတယ်။ ကျန်တဲ့ ဆေးထိုးဖို့ လူအင်အား၊ သယ်ယူပို့ဆောင်ခစရိတ်၊ ပညာပေးခ စတာတွေကတော့ နိုင်ငံတော်က ကျခံရပါတယ်။

### ကာကွယ်ဆေးတွေနဲ့ပတ်သက်လို့ တိုက်တွန်းချင်တာ

ကျွန်တော့်အနေနဲ့ကတော့ အမျိုးသား ကာကွယ်ရေးဆိုင်ရာ အကြံပေးကော်မတီမှာ ၂၀၀၈ ခုနှစ်လောက်ကတည်းက စတင်ဆောင်ရွက်နေသလို ပြင်ပမှာလည်း ကလေးဆရာဝန်တစ်ယောက်အနေနဲ့ ကာကွယ်ဆေးထိုးတာတွေ လုပ်ပေးနေပါတယ်။ လောလောဆယ် ပုံမှန်ကာကွယ်ဆေးထိုး/ဆေးတိုက်စီမံချက်မှာပါတဲ့ ရောဂါ ၁၃ မျိုးအတွက် ကာကွယ်ဆေးတွေကို ပုဂ္ဂလိကကဏ္ဍမှာ မိမိကုန်ကျစရိတ်နဲ့ ထိုးမယ်ဆိုရင် အခု အိတ်ချ်ပီဗီပါ ထည့်တွက်ရင် ငွေကျပ် ၈၃၀၀၀၀ လောက်ကျမှာပါ။ ဒါကို နိုင်ငံတော်က အခမဲ့ ထိုးပေးနေတာပါ။ မိဘပြည်သူတွေအနေနဲ့ ဒီအခွင့်အရေးကို မရရအောင်ယူဖို့ လိုပါတယ်။ ကိုယ့်ကလေးတွေကို ကာကွယ်ဆေးတွေကို ယုံယုံကြည်ကြည်နဲ့ မိမိတို့ကိုယ်တိုင်ဝီရိယစိုက်ပြီး ထိုးပေးဖို့လိုပါတယ်။ မထိုးဖြစ်ရင် ငွေကျပ် ၈၅၀၀၀၀ ဖိုး သိန်းထီပေါက်ပြီး သွားမထုတ်တာနဲ့ တူနေပြီးတော့ တကယ့်ကို နှမြောစရာပါ။

### ကိုဗစ်ရောဂါကာကွယ်ဆေးနဲ့ ပတ်သက်လို့ စီမံမှု

ကိုဗစ်ကာကွယ်ဆေးနဲ့ ပတ်သက်လို့လည်း နိုင်ငံတကာက ဖြစ်ပေါ်တိုးတက်မှုတွေကို အစဉ်တစိုက် စောင့်ကြည့်လေ့လာနေပါတယ်။ ကျွန်တော်တို့ အမျိုးသားအဆင့် ကာကွယ်ဆေးဆိုင်ရာ အကြံပေးကော်မတီ အနေနဲ့ ကျွန်တော်တို့နိုင်ငံအတွက် ထိလည်းထိရောက်၊ စိတ်လည်း စိတ်ချရတဲ့ ကာကွယ်ဆေးကို အစောဆုံးရရှိအောင် အကြံပြုဖို့ အမြဲလေ့လာပြီး ဆွေးနွေးနေပါတယ်။ ကိုဗစ်ကာကွယ်ဆေး ပေါ်လာရင် ချမ်းသာတဲ့နိုင်ငံတွေ သာမက ကမ္ဘာ့နိုင်ငံအားလုံးမှာ ထိုးထားပေးသင့်တဲ့လူတွေ ရရှိဖို့ COVAX Facility ကို ထူထောင်ထားပါတယ်။ ဒီအဖွဲ့အစည်းအနေနဲ့ ထွက်ပေါ်လာတဲ့ ကာကွယ်ဆေးတွေထဲက လုံခြုံစိတ်ချရတဲ့ ကာကွယ်ဆေးကို ဝင်ငွေနည်း/ဝင်ငွေလတ်နိုင်ငံတွေမှာ ပထမဦးစားပေး သုံးရာခိုင်နှုန်းကို လာမယ့် နှစ်လယ် လောက်မှာ အခမဲ့ ဖြန့်ဝေပေးဖို့နဲ့ လာမယ့်နှစ်ကုန်မှာဆိုရင် လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်း အခမဲ့ရရှိဖို့ ဆောင်ရွက်နေပါတယ်။ ကမ္ဘာ့နိုင်ငံ တော်တော်များများက ဒီအဖွဲ့မှာ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့အပြင် ဒီထက်စောစောရနိုင်မယ့် နည်းလမ်းတွေရှိနိုင်ရင်လည်း စီမံဆောင်ရွက်သွားမှာပါ။

### နိဂုံးချုပ်တိုက်တွန်းချက်

ကိုဗစ်ကာလ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာကျင့်သုံးခြင်းအားဖြင့် မိမိကိုယ်ကိုယ်ရော၊ ပတ်ဝန်းကျင်ကိုရော၊ နိုင်ငံကိုရော ကာကွယ်ကြပါ။ ကိုယ်ဗစ်ရောဂါကိုလည်း ထိရောက်တဲ့ကာကွယ်ဆေး ရပြီဆိုတာနဲ့ ထိန်းချုပ်နိုင်မှာပါ။ ကျန်တဲ့ ကူးစက်ရောဂါတွေကို ကာကွယ်တိုက်ဖျက်ရေးအတွက်လည်း ကာကွယ်ဆေးလုပ်ငန်းတွေကို ဝိုင်းဝန်းကူညီအားပေးပါလို့ တိုက်တွန်းချင်ပါတယ်။ ။

**"လောလောဆယ် ပုံမှန် ကာကွယ်ဆေးထိုး / ဆေးတိုက်စီမံချက်မှာပါတဲ့ ရောဂါ ၁၃ မျိုးအတွက် ကာကွယ်ဆေးတွေကို ပုဂ္ဂလိကကဏ္ဍမှာ မိမိကုန်ကျစရိတ်နဲ့ ထိုးမယ်ဆိုရင် အခု အိတ်ချ်ပီဗီပါ ထည့်တွက်ရင် ငွေကျပ် ၈၃၀၀၀၀ လောက်ကျမှာပါ။ ဒါကို နိုင်ငံတော်က အခမဲ့ထိုးပေးနေတာပါ။ မိဘပြည်သူတွေအနေနဲ့ ဒီအခွင့်အရေးကို မရရအောင်ယူဖို့ လိုပါတယ်။ ကိုယ့်ကလေးတွေကို ကာကွယ်ဆေးတွေကို ယုံယုံကြည်ကြည်နဲ့ မိမိတို့ကိုယ်တိုင် ဝီရိယစိုက်ပြီး ထိုးပေးဖို့လိုပါတယ်။ မထိုးဖြစ်ရင် ငွေကျပ် ၈၅၀၀၀၀ ဖိုး သိန်းထီပေါက်ပြီး သွားမထုတ်တာနဲ့ တူနေပြီးတော့ တကယ့်ကို နှမြောစရာပါ"**

## ပင်လောင်းမြို့နယ်၌ သားအိမ်ခေါင်းကင်ဆာရောဂါ အိတ်ချ်ပီဗီ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိ

**ပင်လောင်း အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် အသက် ၉ နှစ်မှ ၁၀ နှစ်အကြား မိန်းကလေးငယ်များအား အိတ်ချ်ပီဗီ သားအိမ်ခေါင်းကင်ဆာရောဂါ ကာကွယ်ဆေးကို ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွင် ထည့်သွင်း၍ အောက်တိုဘာ ၂၀ ရက်မှ စတင်ထိုးနှံပေးလျက်ရှိသည်။

အောက်တိုဘာ ၂၃ ရက်တွင် ရင်းမီးရပ်ကွက်မှ မိန်းကလေးများအား ကာကွယ်ဆေးများကို အဆိုပါရပ်ကွက် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ၊ ဘက်စုံသားဖွားဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ ပူးပေါင်း၍ သွားရောက်ထိုးနှံပေးသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံပေးခြင်း လုပ်ငန်းများကို ပင်လောင်းမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်အတူ ဦးစီးဌာနအောက်ရှိ တီကျစ်တိုက်နယ် ကျန်းမာရေးဌာန၊ နောင်တရား၊ ပေါင်းလောင်း၊ ဆောင်းပြောင်း၊ ထီရိုင်း၊ မိုးနဲနှင့် ဗန်းမောက် ကျေးလက်ကျန်းမာရေးဌာနများတွင်လည်း ထိုးနှံပေးနေကြောင်း သိရသည်။

**ခွန်အာကာစိုး(ပင်လောင်း)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ Coronavirus Disease 2019 (COVID-19) ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၀)

*(ယမန်နေ့မှအဆက်)*

**ဒုတိယအကြိမ် Covid-19 Fund မှ ဒုတိယအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများစာရင်း**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်း အမည် | လိပ်စာ |
|---|---|---|
| ၈၀၉ | ရန်ပြေရွှေပြည် ဆားကြိတ်စက် | အမှတ်(၅၃၈)၊ ရန်ကင်းတောင်၊ စဥ့်အိုးဖိုရပ်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး |
| ၈၁၀ | အနော်ရထာ ဆန်စက် | ဒဂုံ-မန်းလမ်း၊ ဒရယ်မီရပ်ကွက်၊ ဒိုက်ဦးမြို့နယ် |
| ၈၁၁ | စွမ်းပကား ဆန်စက်လုပ်ငန်း | ကျောက်ဆိပ်ကျေးရွာ၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၈၁၂ | မင်းလရောင် ဆန်စက်လုပ်ငန်း | လောင့်ကြီးရွာ၊ ပုတီးကုန်း-ဝက်ပုပ်လမ်း၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |
| **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန်** | - ၂၆-၁၀-၂၀၂၀ ရက်မှ ၂၀-၁၁-၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း) |
| **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - ၂၃-၁၁-၂၀၂၀ ရက်မှ ၂၄-၁၁-၂၀၂၀ ရက်ထိ (ရုံးချိန်အတွင်း) |
| **တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန်** | - ၂၆-၁၁-၂၀၂၀ရက် နံနက် ၉:၀၀ နာရီ |
| **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** | - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးမြို့ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**
ဖုန်း-၀၉-၄၂၂၁၉၀၀၃၆၊ ၀၉-၇၉၂၃၂၀၀၉၅
တင်ဒါဖောင်ဝယ်ယူလိုပါက- ဖုန်း-၀၉-၇၆၃၉၁၅၄၁၂

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်း ကြော်ငြာခြင်း

ROYAL SHIN THANT CO.,LTD မှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါ ပိုးသတ်ဆေးအား ကုန်သွယ်မှုအမည်ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ROYAL SHIN THANT CO.,LTD ဖုန်း- 09-444461516

| Sr. | Old Trade Name | New Trade Name | Active Ingredients | Registration No. |
|---|---|---|---|---|
| 1. | AP-Charm | Royal Charm | 3-Indolyl-acetic acid 0.00052%+ Gibberellic acid 0.135% +24-epibrassinolide 0.00031%SL | P2020-4952 |

## ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်း (ပထမအဆင့် ဧရိယာ) အတွက် (Cut-off Date) အား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာခြင်း

၁။ မြန်မာနိုင်ငံပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ Japan International Cooperation Agency (JICA) ၏ အကူအညီဖြင့် ပဲခူးမြို့၏ အနောက်ဘက်တွင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းကို တည်ဆောက်သွားရန် စီစဉ်လျက်ရှိပါသည်။ ဟံသာဝတီလေဆိပ် တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်မှာ ပြည်တွင်းပြည်ပခရီးသွားလာမှုများ တိုးတက်လာစေရန်၊ ကုန်ပစ္စည်းပို့ဆောင်ခြင်း ပိုမိုလုပ်ကိုင်နိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါသည်။
၂။ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်း၏ ပထမအဆင့် Hanthawaddy New International Airport Development Project (Phase 1) သည် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့လယ်မှ အနောက်ဘက် ၅ ကီလိုမီတာခန့်အကွာတွင် တည်ရှိပါသည်။ အဆိုပြု လေဆိပ်စီမံကိန်း (ပထမအဆင့်) ၏ ခရီးသည်လက်ခံနိုင်မည့် ခန့်မှန်းပမာဏမှာ တစ်နှစ်လျှင် ပျမ်းမျှ ခရီးသည် ၈ သန်းနှုန်းဖြစ်ပြီး မီတာ ၃,၆၀၀ အရှည်ရှိသော ပင်မလေယာဉ်ပြေးလမ်းကြောင်းတစ်ခု၊ ၎င်းနှင့်အပြိုင် အမြဲကချဉ်းကပ်လမ်းကြောင်းတစ်ခု၊ အခြားချဉ်းကပ်လမ်းကြောင်းလေးခု (အမြန်ချဉ်းကပ်လမ်းကြောင်းနှစ်ခုနှင့် အခြားချဉ်းကပ်လမ်းကြောင်းနှစ်ခု) တို့နှင့် အခြားသော အခြေခံအဆောက်အဦများ ပါဝင်ပါသည်။
၃။ ဤကြေညာချက်သည် စီမံကိန်း(ပထမအဆင့်)၏ မြေဧရိယာကို တိကျသေချာစွာ ပိုင်းခြားသတ်မှတ်၍ ပဲခူးတိုင်းဒေသကြီးအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကြေညာခြင်း ဖြစ်ပြီး၊ အဆိုပါ စီမံကိန်း(ပထမအဆင့်) နယ်မြေဧရိယာအတွက် **၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (၂၅) ရက်နေ့ကို Cut-off Date** အဖြစ် အများပြည်သူတို့ သိရှိရန် တရားဝင် ထုတ်ပြန်ကြေညာလိုက်သည်။
၄။ **Cut-off Date** သတ်မှတ်ကြေညာရခြင်း၏ ရည်ရွယ်ချက်မှာ စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်ခံစားရသူများကို အခြားသော ရည်ရွယ်ချက်ဖြင့် စီမံကိန်းဧရိယာအတွင်းသို့ ဝင်ရောက်နေထိုင်သူများမှ ခွဲခြားသတ်မှတ်နိုင်ရန် ဖြစ်ပါသည်။ ဤရက်စွဲ စတင်သတ်မှတ်ပြီးသည့်နေ့မှစ၍ အဆိုပါစီမံကိန်း ဧရိယာအတွင်းရှိ လူပုဂ္ဂိုလ်နှင့် အိမ်ထောင်စုများ၊ အဆောက်အဦများ၊ တိုးချဲ့တည်ဆောက်မှုများနှင့် အခြားသော ရွှေ့ပြောင်း၍ မရသည့် ပိုင်ဆိုင်မှုများအပေါ် စစ်တမ်းကောက်ယူခြင်းများ ပြုလုပ်ဆောင်ရွက်၍ မှတ်တမ်းရယူသွားမည်ဖြစ်သည်။
၅။ စီမံကိန်း (ပထမအဆင့်) အတွက် ရယူဆောင်ရွက်သွားမည့် မြေဧရိယာစုစုပေါင်းမှာ ၇၂၀ ဟက်တာ (၁,၇၇၉.၁၆ ဧက) ဖြစ်ပြီး တည်နေရာအတိအကျ ကို P 1 မှ P 17 ထိ ကိုဩဒိနိတ်အမှတ်များနှင့်တကွ အောက်ပါပုံတွင် ဖော်ပြထားသည်။
၆။ ဖော်ပြပါ စီမံကိန်းဧရိယာအတွင်းသို့ **Cut-Off Date (COD) နေ့ရက်** နောက်ပိုင်း ဝင်ရောက်ကျူးကျော်အခြေချနေထိုင်သူများအနေဖြင့် မြေယာလျော်ကြေးနှင့် အခြားသော မည်သည့်ပြန်လည်နေရာချထားရေးအစီအစဉ်များတွင်မျှ အကျုံးဝင်မည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းဆောင်ရွက်မည့်ဧရိယာ (ပထမအဆင့်) ၏ တည်နေရာပြ မြေပုံ**




| Point Name | Coordinate |
|---|---|
| P1 | 17°16'17.76"N, 96°25'25.97"E |
| P2 | 17°16'17.70"N, 96°26'09.48"E |
| P3 | 17°18'45.15"N, 96°26'08.00"E |
| P4 | 17°18'45.07"N, 96°26'14.71"E |
| P5 | 17°18'50.30"N, 96°26'31.55"E |
| P6 | 17°18'59.68"N, 96°26'43.38"E |
| P7 | 17°19'01.38"N, 96°26'43.34"E |
| P8 | 17°18'52.17"N, 96°26'30.76"E |
| P9 | 17°18'47.54"N, 96°26'14.49"E |
| P10 | 17°18'47.67"N, 96°26'08.04"E |
| P11 | 17°18'47.71"N, 96°26'00.20"E |
| P12 | 17°18'51.51"N, 96°26'00.14"E |
| P13 | 17°18'51.51"N, 96°25'57.88"E |
| P14 | 17°18'56.47"N, 96°25'57.75"E |
| P15 | 17°18'56.62"N, 96°25'48.71"E |
| P16 | 17°19'39.12"N, 96°25'47.91"E |
| P17 | 17°19'38.75"N, 96°25'24.21"E |
| AR1 | 17°16'17.73"N, 96°26'05.35"E |
| AR2 | 17°16'17.71"N, 96°26'07.13"E |
| CL | 17°16'17.71"N, 96°26'06.24"E |

မှတ်ချက်။ ။ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သစ် တည်ဆောက်ရေးစီမံကိန်း (ပထမအဆင့်)အတွက် ရယူဆောင်ရွက်သွားမည့် မြေဧရိယာမှာ အမှတ် P1 မှ P 17 အထိ သတ်မှတ်ဖော်ပြထားသည့် ဧရိယာဖြစ်သည်။

လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ခင်တဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၀၃၅/၂၇၅၀၊ မှတ်တော်မူ)၊ ဦးပိုင်အမှတ် (၁၂၅/၁)၊ ဧရိယာ (၀ ဒသမ ၈၅)ဧကရှိ မြေကွက်ကို ဦးခင်မောင်မြင့်အမည်ဖြင့်လည်းကောင်း၊ ခင်တဲကျေးရွာအုပ်စု၊ ကွင်း/အမှတ်နှင့်အမည် (၂၀၃၄/၂၆၂၆၊ အုပ်ဖိုကွင်း)၊ မြေကွက်အမှတ် (၁၃၀၃/၁၇၄၅)၊ ဧရိယာ ၀ ဒသမ ၁၂ ဧကရှိ မြေကွက်ကို ဦးသိန်းတင်အမည်ဖြင့်လည်းကောင်း၊ စက်မှု/စီးပွားမြေဂရန်တို့အား ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမည်မှန်

မြင်းခြံမြို့နယ်၊ ပျော်ဘွယ်ကျေးရွာအုပ်စု၊ စံပြကျေးရွာနေ ဦးသိန်းသန်းအောင် ၉/မခန (နိုင်)၁၉၈၈၂၀ ၏သား UNITY ကိုယ်ပိုင်အထက်တန်းကျောင်း ဒုတိယတန်းမှ မောင်သိန်းစိန်၏အမည်မှန်မှာ မောင်သိန်းလင်းအောင် ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၈၉-က၊ ဦးပိုင်အမှတ်(င-၃၆)၊ ရန်ကုန်-မန္တလေးကားလမ်းအနောက်ဘက်၊ မေဇင်သိန်းလမ်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခိုင်သုတဇော် ၉/ပကခ(နိုင်) ၀၂၈၃၄၁ က သက်တမ်းတိုးလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် (၁-က)ဦးပိုင်မှတ်ပုံတင်စာအုပ်နှင့်စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်သည်။ တောဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအားပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မီး သတိပြု

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့
# အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ (ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်) ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ ရုံးသုံးပရိဘောဂပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) **တည်ဆောက်ရေးလုပ်ငန်းများ**
- (၁) ပြည်နယ်ရုံးအရာထမ်း (၂)ခန်းတွဲ(၂)ထပ် (၅၁ x ၂၅) RC တည်ဆောက်ခြင်း
- (၂) ပြည်နယ်ရုံးကားဂိုဒေါင် (၄၅ x ၁၅) သွပ်မိုးတည်ဆောက်ခြင်း
- (၃) ဘားအံခရိုင်ရုံးအမှုထမ်း(၂)ခန်းတွဲ (၂)ထပ် (၅၁ x ၂၅) RC တည်ဆောက်ခြင်း
- (၄) ဘားအံခရိုင်ခြံစည်းရိုးခတ်ခြင်း (ရှေ့မျက်နှာစာ ၁၀၀ ပေအုတ်၊ အနောက်နှင့်ဘေးပတ်လည် ၅၂၀ ပေ Chain Link)
- (၅) မြဝတီခရိုင်ခြံစည်းရိုးခတ်ခြင်း (ရှေ့မျက်နှာစာ ၈၀ ပေ အုတ်၊ အနောက်နှင့်ဘေးပတ်လည် ၄၁၈ ပေ Chain Link)

| (ခ) **စက်ပစ္စည်းကိရိယာများ** | | (ဂ) **ရုံးသုံးပရိဘောဂများ** | |
|---|---|---|---|
| (၁) ကွန်ပျူတာ | (၂)စုံ | (၁) ကွန်ပျူတာစားပွဲ | (၆)စုံ |
| (၂) Laptop | (၃)လုံး | (၂) သံဗီရို | (၄)လုံး |
| (၃) Printer | (၂)လုံး | (၃) ဖိုင်တင်စင်ကြီး | (၄)လုံး |
| (၄) Camera | (၁)လုံး | (၄) အစည်းအဝေးခန်းမအတွက်စားပွဲကျွန်းသား | (၆)လုံး |
| (၅) Portable Sound Box | (၁)လုံး | (၅) အစည်းအဝေးခန်းမအတွက် ထိုင်ခုံကျွန်းသား | (၅၀)လုံး |
| (၆) မြတ်ဖြတ်စက်(ကျောပိုး) | (၁)လုံး | (၆) VIP ထိုင်ခုံ | (၂)လုံး |
| (၇) မိတ္တူကူးစက် | (၂)လုံး | (၇) အမှုထမ်းစားပွဲ | (၁၃)လုံး |
| (၈) projector | (၁)စုံ | (၈) အမှုထမ်းထိုင်ခုံ(လက်တင်မဲ့) | (၁၃)လုံး |
| (၉) Fax | (၁)လုံး | (၉) အရာရှိစားပွဲ | (၃)လုံး |
| | | (၁၀) အရာရှိထိုင်ခုံ(လက်တင်ပါ) | (၃)လုံး |
| | | (၁၁) ဆက်တီသစ်မာ | (၂)စုံ |
| | | (၁၂) စကားပြော Stan | (၂)ခု |

၂။ **လုပ်ငန်းတည်နေရာ** - ညွှန်ကြားရေးမှူးရုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မဲဘောင်-နောင်ပလိမ်လမ်း၊ လှာကမြင်ကွက်သစ်၊ အမှတ်(၇)ရပ်ကွက်၊ (ဖောင်းမဲတောင်ကွင်း) မန်းဘခိုင်လမ်းနှင့် အမှတ်(၃) ရပ်ကွက်၊ မြို့မကျေးရွာအုပ်စုကွင်း-၁၁၊ ကြံခင်းစုကွက် ဦးပိုင်အမှတ် (၂၅) မြဝတီမြို့၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/နေရာနှင့် တင်ဒါတင်သွင်းရမည့်နေရာ** - ၂၆-၁၀-၂၀၂၀ ရက်မှ ၂၅-၁၁-၂၀၂၀ အထိ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံးပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကရင်ပြည်နယ်၊ ဘားအံမြို့

၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၁၁-၂၀၂၀ ရက်၊ ညနေ ၄ : ၃၀ နာရီ

၅။ **တင်ဒါဖွင့်မည့်နေ့ရက်** - ထပ်မံအကြောင်းကြားပါမည်

၆။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၈-၈၉၀၄၀၀၈၊ ၀၅၈-၈၉၀၄၀၁၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကရင်ပြည်နယ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ARCHI SENSE CONSTRUCTION COMPANY LIMITED သည် အစုရှယ်ယာမတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၅၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ARCHI SENSE CONSTRUCTION COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

AUNG HTET CONSTRUCTION COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၅၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**AUNG HTET CONSTRUCTION COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ASIA GOLDEN TIGER CONSTRUCTION COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀) မှ ကျပ်သိန်း(၅၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ASIA GOLDEN TIGER CONSTRUCTION COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ Zayar Aung Myae Rice And Paddy Trading Co.,Ltd သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၁၀၀၀၀)မှ ကျပ်သိန်း (၅၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**Zayar Aung Myae Rice And Paddy Trading Co.,Ltd**

---

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့နယ်၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်(၁၇) နဝဒေးကွင်း၊ ဦးပိုင်အမှတ် (B-၁၂)မှ မြေဧရိယာ ၀.၁၁၅ ဧကရှိ မြေကွက်သည် ဦးစိုးလွင်အမည်ဖြင့် ၂၀-၁၁-၂၀၀၁ မှ ၁၉-၁၁-၂၀၃၁ အထိ နှစ်(၃၀) ရရှိထားသော ဂရန်စာချုပ်မူရင်းပါ ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်မိတ္တူမှန်ရရှိရေး ပြန်လည်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ KOUNG UNITED COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀၀)မှ ကျပ်သိန်း(၃၀၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**KOUNG UNITED COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ MOE HEIN WIN CONSTRUCTION COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀၀)မှ ကျပ်သိန်း(၅၀၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**MOE HEIN WIN CONSTRUCTION COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ DOLPHIN KING FAMILY COMPANY LIMITED သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀၀)မှ ကျပ်သိန်း(၆၀၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**DOLPHIN KING FAMILY COMPANY LIMITED**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

Shine Yadanar Co.,Ltd သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၅၀၀)မှ ကျပ်သိန်း(၁၀၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**Shine Yadanar Co.,Ltd**

---

## မတည်ရင်းနှီးငွေ လျှော့ချခြင်း

ကျွန်တော်များ ASTRO INSTRUMENTS AND TECHNOLOGY CO.,Ltd သည် အစုရှယ်ယာ မတည်ရင်းနှီးငွေအား ကျပ်သိန်း(၈၀၀) မှ ကျပ်သိန်း(၆၀) သို့ လျှော့ချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ASTRO INSTRUMENTS AND TECHNOLOGY Co.,Ltd**

---

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ရွှေကူမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၂၆)၊ ဦးပိုင်အမှတ်(၄၁)၊ မြေဧရိယာ (၀.၁၁၁မ၁၃၈)ဧကရှိ ဦးစိန်ဝင်း ၅/ကဘလ(နိုင်) ၀၅၀၀၁၂ ပိုင်မြေနေရာအား ဦးစိန်ဝင်းက ဦးချိုလွင်ဦးထံမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ၎င်းမြေနေရာအား လုပ်ထုံးလုပ်နည်းနှင့်အညီ စက်မှုစီးပွားအမည်ပြောင်း မြေငှားဂရန်လျှောက်ထားမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ဦးစိန်ဝင်းထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးစိန်ဝင်း ၅/ကဘလ(နိုင်) ၀၅၀၀၁၂**
**အမှတ်(၁)ရပ်ကွက်၊ရွှေကူမြို့**

---

## အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး ဘဏ်လီမိတက်၏ (၃-၂-၂၀၂၀)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၆)တွင်ဖော်ပြထားသည့် အသိပေးချက်နှင့် စပ်လျဉ်း၍ အများသိစေရန် ရှင်းလင်းတင်ပြချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီး၊ အမှတ်(၁၆၅၇) နေ ဦးဇွန်ခွဲ၏ သမီး ဒေါ်မောရီ ၅/ကလထ(နိုင်)၀၅၆၇၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ရှင်းလင်းတင်ပြအပ်ပါသည်။

အထက်ပါမြေကွက်အမှတ်(၁၆၅၇)၊ (အလျား ၄၀'xအနံ ၆၀') အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေ မြေကွက်မှာ ကျွန်ုပ်မိတ်ဆွေ ဒေါ်မောရီသာ အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ရှိထားနေထိုင်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ကြောင်း၊ ယင်းမြေကွက်အား မည်သူတစ်ဦး တစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ပေါင်နှံထားခြင်း၊ လွှဲပြောင်းရောင်းချရန်အတွက် ကတိပဋိညာဉ်ပြုလုပ်ထားခြင်းမရှိကြောင်း၊ မည်သူ့ကိုမျှ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်းမရှိကြောင်း ညွှန်ကြားသိရှိရပါသည်။

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်လက်ရှိ ထားနေထိုင်သည့် မြေကွက်နှင့် စပ်လျဉ်း၍ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချ၊ ပေးကမ်း၊ ပေါင်နှံခြင်း ပြုလုပ်မှုများရှိလာပြီး ကျွန်ုပ်မိတ်ဆွေ၏ ပိုင်ဆိုင်မှုကို တစ်နည်းနည်းဖြင့် ထိခိုက်နစ်နာမှုများရှိလာပါက ကျွန်ုပ်မိတ်ဆွေမှ တရားဥပဒေကြောင်းအရအရေးယူဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ရှင်းလင်းတင်ပြအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်လှ(ခ)ဦးပြည်သူ**
**တရားလွှတ်တော်ရှေ့နေ "ပြည်စွမ်းအား"အထွေထွေဥပဒေ အကျိုးတော်ဆောင်မိသားစု အမှတ်-၄၁၄(တ)၊ မင်းဘူးလမ်းနှင့် စစ်တွေ လမ်းထောင့်၊ (၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၆၈၃၄၅၇၄၆၇**

---

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၆)၊ နေပြည်တော်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု ငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ တောင်ငူ-လိပ်သို-ယာဒို-လွိုင်ကော်လမ်းပေါ်ရှိ တံတားအမှတ် (၅/၇၃)နှင့် တံတားအမှတ် (၅/၇၇) တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လုပ်ငန်းခွင်အရောက်ဝယ်ယူရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့် ဆောင်ရွက်လိုပါ၍ တင်ဒါပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၆-၁၀-၂၀၂၀ ရက်

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၆-၁၁-၂၀၂၀ ရက်၊ ညနေ (၁၆:၃၀)နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁-၁၂-၂၀၂၀ ရက်၊ နံနက် (၁၀:၀၀)နာရီ

၄။ **တင်ဒါ/တင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ တင်ဒါစည်းကမ်းချက်နှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆)၊ နေပြည်တော် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် တံတားအထူးအဖွဲ့(၁၂)၊ ရွှေညောင် ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရမည့်ဖုန်းများ- ၀၉-၂၆၅၆၆၄၅၄၃၊ ၀၉-၂၅၄၅၇၀၀၇၄၅၊ ၀၉-၄၀၁၅၅၆၃၆၀)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

---

### အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်များထံသို့
## အကြောင်းကြားစာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
### ပြည်ထောင်စုတရားလွှတ်တော်ချုပ်
### ၂၀၂၀ ပြည့်နှစ် တရားမအယူခံမှုအမှတ်-၃၀၃

ဒေါ်စိန် နှင့် ဦးမင်းသစ္စာ ပါ ၃
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဦးမြင့်ဇော်(ခ) ဦးပညိသာရ)
**အယူခံတရားလို** **အယူခံတရားပြိုင်များ**

၂၀၂၀ပြည့်နှစ် မတ်လ ၂၅ ရက်စွဲပါ မွန်ပြည်နယ်တရားလွှတ်တော်၏ တရားမ ပထမအယူခံမှုအမှတ် ၈၄/၂၀၁၉ ကို အယူခံမှု။

အယူခံတရားပြိုင် ဦးမင်းသစ္စာ၊ အမှတ် ၅၃၊ (ဃ)လမ်း၊ ဒေါင်းမင်းရပ်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့ (ယခင်လိပ်စာ၊ ယခုနေရပ်လိပ်စာမသိနေ) သိစေရမည်။

ယခုအမှုတွင် မွန်ပြည်နယ်တရားလွှတ်တော်က ချပေးသည့်ဒီကရီကို အယူခံတရားလို၏ တရားလွှတ်တော်ရှေ့နေ ဦးအာကာမျိုးထက်က အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂၃ ရက်တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေကဖြစ်စေ ဤအယူခံမှုတွင် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့် အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းသိန်း)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၁၂)၊ ဦးပိုင်အမှတ်(၅၅+၅၈)၊ ၅၆ လမ်း၊ ၃၈ လမ်းနှင့် ၃၉ လမ်းကြားရှိ ဒေါ်အေးအမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးသီလှ၊ မိခင်ဒေါ်အေးတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၅၅၀/၂၀၁၄)ဖြင့် အမွေဆက်ခံခဲ့သော သားဖြစ်သူ ဦးတင်ဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၀/၂၀၂၀)နှင့် (၂၂၁/၂၀၂၀) တို့ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ရန်ချောက်ချောင် ၁၃/လကန(နိုင်)၀၀၀၁၁၉ က တောဂရန်တင်ပြ၍ တောမှမြို့ပြောင်း၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန<မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

တောင်ငူမြို့၊ အမှတ်(၁၉)ရပ်ကွက်၊ မြို့ကြီးလမ်းနေ ဦးစိုးတင့်၊ ဒေါ်စိန်စိန်တို့၏သမီး မလဲ့လဲ့ဝင်း ၇/တငန(နိုင်)၁၁၈၃၃၀ သည် မိဘများ ၏ ဆုံးမစကားအားနားမထောင်ဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများအား တာဝန်ယူဖြေရှင်းပေးလိမ့်မည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်- ဦးစိုးတင့်၊ မိခင်-ဒေါ်စိန်စိန်**

---

## ပြည်ထဲရေးဝန်ကြီးဌာန
### အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံးအနေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | ပုလောမြို့တွင် ရုံးအဆောက်အဦ RC (၂) ထပ် (၄၅ x ၂၅ x ၂၃)ပေ တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်း | Lot (1) |
| (ခ) | ကော့သောင်းမြို့တွင် ရုံးအဆောက်အဦ အကြီးစားပြင်ဆင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာလုံခြုံရေးသံပန်းတပ်ဆင်ခြင်းလုပ်ငန်း | Lot (2) |
| (ဂ) | ထားဝယ်မြို့တွင် လုံခြုံရေးအဆောက်အဦ RC (၁၅ x ၁၅ x ၁၂) ပေ တည်ဆောက်ခြင်းလုပ်ငန်း | Lot (3) |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃-၁၁-၂၀၂၀ရက်မှ ၁၆-၁၁-၂၀၂၀ရက်အထိ

၃။ **တင်ဒါပိတ်သိမ်းမည့်ရက်/အချိန်** - ၂၃-၁၁-၂၀၂၀ရက် (၁၆:၀၀)နာရီ

၄။ အသေးစိတ်သိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီးရုံး၊ ထားဝယ်မြို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၅၉-၂၁၁၄၉**

---

## ကြော်ငြာစာ
### (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
### မန္တလေးခရိုင်တရားရုံးတော်
### ၂၀၂၀ ပြည့်နှစ် တရားမအထွေထွေမှုအမှတ်-၉၅

ဒေါ်ခင်မြိုင် **လျှောက်ထားသူ**

မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာအုပ်စုတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှိုင်၏ကျန်ရစ်သည့် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ဘိုတက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၃၆) ဘိုတက်ကုန်းကွင်း၊ ဦးပိုင်အမှတ် (၁၆၂/၁-က)၊ ဧရိယာ ၀.၁၁၃မ၈၇ ဧကရှိ လယ်ယာမြေအမျိုးအစား မြေကွက်ပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်မြိုင်က အမွေဆက်ခံခြင်း ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၀ပြည့်နှစ် နိုဝင်ဘာ ၁၃ ရက် (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှိုင်၏ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သူ အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်း(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၃ ရက် (၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်မြိုင်၏ လျှောက်ထားလွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၀ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်တွင် ရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကိုကို)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

---

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ပေါ်တော်မူ (၁)လမ်း၊ အမှတ် ၂၈၊ မြေညီထပ်အခန်းနှင့် ယင်းတိုက်ခန်းဆောက်လုပ်ထားသော (၃)ထပ်တိုက် (၄)လွှာမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား အရှုပ်အရှင်းကင်းပြီး ဒေါ်ထားထားတစ်ဦးတည်းပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း ဝန်ခံလျှက်ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ တရားဝင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ဤကြေညာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေရီ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၅၉၂)**
**အမှတ် ၃၃/၄၉၊ ပထမထပ်၊ အခန်း(၃)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၄၀)မှ မြေကွက်အမှတ်(၇၂၉)၊ အကျယ်အဝန်း အလျား ပေ၄၀ x အနံ ပေ၆၀၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိသော ဦးမျိုးဆွေ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်စပ်ပိုင်ဆိုင်ခံစားခွင့်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်လင်းလင်းထက် ၁၂/သကတ(နိုင်)၁၅၅၄၂၄ ထံမှ ကျွန်ုပ်က ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**မြေကွက်ဝယ်ယူသူ - ဒေါ်နှင်းကလျာကျော်မြင့် ၉/ပမန(နိုင်)၂၃၈၃၂၄**
**ဖုန်း-၀၉-၄၂၁၁၂၂၃၉၉**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဂျီ၊ G)၊ ဦးပိုင်အမှတ်(၃၈)၊ ၆၆x၆၇ လမ်း၊ စပါယ်လမ်းနှင့် သရဖီလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခင်မောင်ဌေး ၉/မရတ(နိုင်)၀၀၈၃၈၆ က ဂရန်သက်တမ်းတိုးလျှောက်ထားခဲ့ရာ ဂရန်ပေါ်တွင် ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် လက်ခံမှကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသောမိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ရဟန်းဒါယိကာမကြီး

## ဒေါ်လှမြင့်

### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ အိမ်ရာ(၁)၊ တိုက်(A4)၊ အခန်း(002)နေ (ဦးဘိုကြီး-ဒေါ်ဖွားသန့်)တို့၏သမီး၊ (ဦးစောလင်း-ဒေါ်အေးသင်)တို့၏သမီးချွေးမ၊ (ဦးသောင်း)၏ဇနီး၊ ဦးအေးလွင်-နော်လောရာ၊ (ဦးတင့်လွင်)၊ ဦးကျော်သက်-ဒေါ်နွဲ့နွဲ့လွင်တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့) ည ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့)တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးစန်းလွင်

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၆၄ လမ်း၊ အမှတ်(၂၅)နေ ဒေါ်ခင်အေးသန့်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်တင်တင်အေး (ဒု-ညွှန်မှူး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)၊ ဒေါ်မြင့်မြင့်အေး (အကြံပေးပုဂ္ဂိုလ် Known-You Seed MYANMAR Co.,LTD)၊ ဦးခင်မောင်လွင်(ရွှေပြည့်စုံဈေး)-ဒေါ်ကြူကြူလွင်တို့၏ ချစ်လှစွာသောဖခင်၊ မမြတ်သီဂီစိုး၊ မောင်ညဏ်မင်းပိုင်ထွန်းတို့၏အဘိုးဖြစ်သူ ဦးစန်းလွင်သည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရွှေကူတိုက်၊
ဘေးမဲ့ကျောင်း၊ (ပခုက္ကူဖားအောက်)မဟာနာယကဆရာတော်
ဒီဃနိကာယအဂ္ဂဓမ္မာစရိယ၊ ဒီဃဘာဏက(ပိဋကတ်တစ်ပုံဆောင်)

## မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောဝိဒ

### သက်တော်(၇၇)နှစ်၊ သိက္ခာတော်(၅၇)ဝါ

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ ရွှေကူတိုက်၊ ဘေးမဲ့ကျောင်း(ပခုက္ကူဖားအောက်) မဟာနာယကဆရာတော် ဒီဃနိကာယအဂ္ဂဓမ္မာစရိယ၊ ဒီဃဘာဏက (ပိဋကတ်တစ်ပုံဆောင်) မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကောဝိဒ မဟာထေရ် မြတ်ကြီးသည် (၁၃၈၂ခုနှစ် သီတင်းကျွတ်လဆန်း ၃ရက်) ည ၇:၃၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၅ရက်) ညနေ ၃နာရီတွင် အန္တိမအဂ္ဂိဈာပန ပူဇာပွဲ ပြုလုပ်ပြီးဖြစ်ပါကြောင်း တပည့် ရဟန်း၊ သီလရှင်၊ ယောဂီများနှင့် ဒါ ယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ဈာပနဖြစ်မြောက်ရေးကော်မတီ

## ဒေါ်ချင်ငွတ်ဝါ(ခ)ဒေါ်ငုဝါ

### ဆန်းဆန်းပရိဘောဂ

### အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၇)လမ်း၊ အမှတ်(၂၂၀၊ မြေညီထပ်၊ ဝဲ)နေ[ဦးအဝိန်(ခ)ဦးလျူဝိန်ချိုင်]၏ဇနီး၊ (ဦးရောဘတ်လျူ)-ဒေါ်ခင်လေးနိုင်၊ ဦးမောင်မောင်-ဒေါ်ခင်သန်းစိန်တို့၏မိခင်၊ ကိုပီတာကျော်မိုး(Farmer Lighting Co.,Ltd)-မမြတ် ဝတ်ရည်ငွေး၊ ကိုသန်းထိုက်ထွန်း-မမိုးမိုးစံ(Adientsoft Co.,Ltd)၊ ဒေါက်တာမျိုးမျိုးသွယ်၊ မမြမဥ္ဇူမောင်၊ မောင်မင်းကောင်းကျော် တို့၏ ဘွားဘွားကြီးသည် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်တင်ကြည် (မြစ်ကျိုး/ပဲခူး)

### အသက်(၉၄)နှစ်

အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဦးဝင်းနိုင်(ဌာနမှူး၊ ငြိမ်း၊ အသည်းရောဂါပညာဌာန၊ ရန်ကုန်အထူးကုဆေးရုံကြီး)နှင့် ဒေါ်နီလာခင် တို့၏ချစ်လှစွာသော မိခင် ဒေါ်တင်ကြည် သည် ၂၁-၁၀-၂၀၂၀ရက် ညတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခ ဦးခင်မောင်ဝင်း-ဒေါက်တာဒေါ်ခင်လေးရီ
အသည်းအထူးကုဆရာဝန်ကြီး

## ဒေါက်တာသိန်းသိန်းရီ

### M.B,B.S(Ygn),D.F.T

### ဆေးတက္ကသိုလ်(၁)ရန်ကုန်(1966-1973)

### အသက်(၇၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ သပြုကျေးရွာနေ (ဦးကြင်မောင်-ဒေါ်အုံးကြင်)တို့၏သမီး၊ မော်လမြိုင်မြို့နေ (ဒေါက်တာအေးဖေ-ဒေါ်ကျင်ဟုန်)တို့၏သမီးချွေးမ၊ (ဦးအုန်း-ဒေါ်ညွန့်စိန်)၊ (ဦးသန်း-ဒေါ်မြခင်)၊ (ဒေါ်မြင့်ရီ)၊ (ဦးမြင့်ဆွေ)-ဒေါ်သန်းဝင်း၊ (ဦးခင်မောင်အေး-ဒေါ်သန်းအေး)၊ ဦးစိန်ဝှက်-ဒေါ်သန်းထွေးတို့၏ညီမ၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန် တောင်လမ်း၊ အမှတ်၄၄၇(လေးလွှာ)နေ ဦးတင်အေး Advocate, Head of Section (Retired)P.I.C ၏ ချစ်လှစွာသောဇနီး၊ ဒေါ်ရင်ရင်မင်း Manager (Consulting Dept)Tokyo Consulting Firm Co.,Ltd.၊ ဒေါက်တာဖြူဖြူသင်း Program Manager, Access to Health Fund,UNOPS တို့၏ ချစ်လှစွာသော မိခင်သည် ၂၂-၁၀-၂၀၂၀ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀နာရီတွင် ရွှေလမင်းဆေးရုံ ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၆နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်မြင့် (ကြေးမုံ၊ ငြိမ်း)

### အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြဖဆပလရပ်ကွက်၊ တိုက်အမှတ်(၅၉)၊ အခန်း(၃)နေ ဦးလှမြင့်-(ဒေါ်မြင့်မြင့်)တို့၏သမီး၊ ဦးခင်မောင်မြင့်၏ဇနီး၊ ဦးကြည်လွင်-ဒေါ်ချိုချိုဝင်းတို့၏အစ်မ၊ မောင်ကျော်လင်းနိုင် (သစ်တောရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် လက်ရွေးစင်)-မမျိုးပပဝင်း၊ မောင်ရဲညွန့်လှိုင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ဇော်မျိုးလွင်၊ မောင်ဘုန်းတင့်အောင်၊ မောင်ဟိန်းလတ်တို့၏ကြီးကြီး၊ မောင်ဖွဲ့ဝေယံလင်း၊ မယွန်းမြင့်မြတ်ဦး၊ မမေပန်းချီလင်းတို့၏အဘွားသည် ၂၄-၁၀-၂၀၂၀ရက် နံနက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ် လှထွန်း(ငြိမ်း)

### ဝန်ကြီး(ငြိမ်း)၊ဆောက်လုပ်ရေးဝန်ကြီးဌာန

### အသက်(၉၃)နှစ်

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး(ငြိမ်း)၊ ဗိုလ်မှူးချုပ် လှထွန်း(ငြိမ်း) သည် ၂၂-၁၀-၂၀၂၀ ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်
အရာထမ်း/အမှုထမ်းများ
ဆောက်လုပ်ရေးဝန်ကြီးဌာန

**သစ်တောမှန်လျှင်**

**အသုံးဝင်၊**

**အစဉ်ထာဝရ**

**ထိန်းသိမ်းကြ**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းနွယ်

### ပြည်တွင်းအခွန်(ငြိမ်း)

### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊နိဗ္ဗာန်လမ်း၊ အမှတ်(၁၆) နေ (ဦးထွန်းရွှေ-ဒေါ်နှင်းမြ) တို့၏သမီး၊ (ဦးစစ်ဟန်-ဒေါ်သူတော်) တို့၏သမီးချွေးမ၊ ဦးသန်းမောင်(တွဲဖက်တိုင်းဦးစီးမှူး-ငြိမ်း၊ ပြည်တွင်းအခွန်)၏ဇနီး၊ ဒေါ်သီတာ ဦး(လ/ထ ညွှန်ကြားရေးမှူး၊ MTO 1 ပြည်တွင်းအခွန်များဦးစီးဌာန)၊ ဦးမင်းမင်း-ဒေါ်နီလာ၊ ဒေါ်မာလာ (ဆန်းမြန်မာကုမ္ပဏီ)၊ ဦးဝဏ္ဏကျော်တို့၏မိခင်၊ ကိုဖြိုးမင်းထက်(ခေတ္တ-ဂျပန်)၊ မမှူးပြည့်ကျော်(Heartlond Proprety Myanmar)၊ မယွန်းရတီထက်(GRADE-10၊ အထက-၄၊ တာမွေ)၊ မစုလဲ့ပြည့်(GRADE-5၊ အထက-၂၊ စမ်းချောင်း)တို့၏ဘွားဘွားကြီးသည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁၀-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးတင်မြင့်အောင်(ငြိမ်း)

### လက်ထောက်အထွေထွေမန်နေဂျာ

### စမ်းချောင်းမြို့နယ်လျှပ်စစ်မန်နေဂျာ

### အသက်(၅၀)

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်နေ ဦးတင်အောင်-ဒေါ်တင်စိန်တို့၏သား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့နယ်နေ (ဦးစိုးမြင့်)-ဒေါ်နန်းခမ်းစံတို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၊ ဝန်ထမ်းအိမ်ရာနေဒေါ်နန်းသိမ်းယဉ်၏ခင်ပွန်း၊ ဗိုလ်အောင်စံလင်း၊ မောင်ကောင်းထက်စံတို့၏ဖခင်သည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၃၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁၀-၂၀၂၀ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ဥမ္မာမြင့် (အသက်(၆၆)နှစ်)

### စာရင်းစစ်အရာရှိ ၊ငါန်းဇွန်မြို့

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၄၃)နေ (ဦးကျော်မြင့်)(MRTV)- ဒေါ်အေးစိန်တို့၏သမီး၊ (ဦးအောင်ဘုန်းမြင့်)(အင်ဂျင်နီယာ)၊ (ဦးတင်ထွန်းမြင့်) (မြန်မာ့ရုပ်မြင်သံကြား)၊ ဒေါ်လွင်မာမြင့်(ကထိက၊ ရုက္ခဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏အစ်မ၊ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့၊ (၂)ရပ်ကွက်နေ (ကိုမှူ)(မြို့နယ်သ/မ၊ ငါန်းဇွန်)၏ချစ်လှ စွာသောဇနီး၊ ကိုအောင်သူမြင့်(နွားထိုးကြီး လဝက)၊ မသူဇာမြင့်(မြို့နယ်ပညာရေးမှူးရုံး၊ လက်ထောက်ကြီးကြပ်)၊ မအိမြတ်ဖြူ (မန္တလေးတိုင်းလူမှုဝန်ထမ်းရုံး)တို့၏ ချစ်လှစွာသောမိခင်သည် ၂၃-၁၀-၂၀၂၀ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၀ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်မြင့်အောင် အသက်(၅၁)

### မြို့နယ်လျှပ်စစ်မန်နေဂျာ

### စမ်းချောင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံး

ဒေါ်နန်းသိမ်းယဉ်၏ ချစ်လှစွာသောခင်ပွန်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ စမ်းချောင်းမြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးတင်မြင့်အောင်သည် ၂၃-၁၀-၂၀၂၀ရက် ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော် လည်းကောင်း၊ မွေးမြူထားသော ငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော် လည်းကောင်း၊ ရေထုညစ်ညမ်းပြီးဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက် နောက်ကျသော ရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခပ်ခြင်း၊ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူ ကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက် များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လှေလှော်ပေးခြင်း စသည့်နည်းလမ်းများကို ရေတွင်ပျော်ဝင်အောက်ဆီဂျင် မြင့်တက်စေရေးဆောင်ရွက်ပေးရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်း လာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများ ကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့်နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသော အချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆ ကျွေးရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/ မရှိကို ပုံမှန်စစ်ဆေး ရန်။
- မွေးမြူရေးကန်ကို လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေး အတွက် ရေကောင်းရေသန့် သိုလှောင်သည့် အရန်ကန် စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေ အနေများကို နေ့စဉ်နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေ ပြောင်းလဲခြင်း မျိုးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရှိရပါက အနီးဆုံးငါး လုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန**

## အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးတင်မောင်လတ်(ခ)ဟာဂျီဒိလ်ဒါးအဟ်မဒ်

### (စတီးဝိုင်ယာကြိုးနှင့်ချိန်းဘလောက်ရောင်းဝယ်ရေး၊ တောင်ဒဂုံစက်မှုဇုန်)

### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၆၁)နေ [ဦးခင်မောင်လတ်(ရဲဝန်ထောက် -ငြိမ်း)-C.I.D ဒေါ်သန်းမြ]တို့၏သား၊ (ဦးဆလေမန်-ဒေါ်အမာ)တို့၏သားသမက်၊ (ဦးရဲမြင့်)-ဒေါ်ခင်မာရီ(စက်မှု-၁၊ ငြိမ်း)၊ ဦးဝဏ္ဏထွန်း -ဒေါ်သီတာခင်လတ်(တရားလွှတ်တော်ရှေ့နေ)တို့၏ချစ်လှစွာသောမောင်၊ ဦးတင်မောင်ထွေး(ကုန်သည်) - ဒေါ်စန်းစန်းရီတို့၏အစ်ကို၊ ဒေါ်ခင်ခင်ထား (ဆရာမ၊ အမက-၂၄၊ သဃ်န်းကျွန်း-ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ မမေသဇင်လတ်(ခေတ္တ-ဂျပန်)၊ မောင်ကျော်ကိုကိုလတ်-မနှင်းဟေမာန်စိုးတို့၏ ချစ်လှစွာသောဖခင်၊ ဦးမိုးမြင့်-ဒေါ်အေးအေးသန်း၊ ဦးကျော်ကျော်သင်း(ကိုပိုး)-ဒေါ်အေးသန္တာလင်း၊ ဦးဝင်းမင်း(ခေတ္တ-စင်ကာပူ)-ဒေါ်ကေကေခိုင်(ခေတ္တ-စင်ကာပူ)၊ ဒေါ်ငုဝါထွေး(Aryu International Hospital)၊ ဒေါ်နှင်းဆုအောင်(တရားလွှတ်တော်ရှေ့နေ)တို့၏ဦးလေး၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၂၁-၁၀-၂၀၂၀ရက် ည ၁၀:၃၀နာရီတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၂၂-၁၀-၂၀၂၀ရက်တွင် ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါ သည်။

ကျန်ရစ်သူမိသားစု

**သစ်တောသစ်ပင် တို့ချစ်ခင်**

**နှစ်စဉ်စိုက်ပျိုး အလှတိုး**

# COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် ၁၄၂၃ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၃-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၄,၂၃၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲ အတည်ပြု လူနာသစ် (၁,၄၂၃)ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၄-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၂,၄၉၁) ခု | (၄၃၇) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၃၂၀) ခု | (၇၇) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၉၆၅) ခု | (၈၂) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၁၅) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၂၂) ခု | (၃၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၆၉) ခု | (၀) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၉) ခု | (၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၇၄) ခု | (၂၃၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈,၈၅၀) ခု | (၅၂၉) ဦး |
| စုစုပေါင်း | (၁၄,၂၃၀ ) ခု | (၁,၄၂၃) ဦး |

*စာမျက်နှာ ၁၇ ကော်လံ ၁* ❁

## အချပ်ပို

## (၈)မျက်နှာ

## ပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ပညာရေး ဝန်ကြီး ဌာနနှင့် တိုင်းရင်းသားလူမျိုး များရေးရာ ဝန်ကြီး ဌာနတို့၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့ အကျိုးပြု မှတ်တိုင်များ အချပ်ပို (၈)မျက်နှာ ပါရှိပါသည်။

## ကရင်အမျိုးသားပါတီနှင့် မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် အောက်တိုဘာ ၂၄

ကရင်အမျိုးသားပါတီနှင့် မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၂၅ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံ ရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ **သတင်းစဉ်**

## သုဝဏ္ဏဝတီမြို့၌ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးနိုင်ရေးအတွက် စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်သည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

သုဝဏ္ဏဝတီ အောက်တိုဘာ ၂၄

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် ရွှေရင်မျှော်စေတီ ဓမ္မဗိမာန်ဓမ္မာရုံတွင် အောက်တိုဘာ ၂၄ ရက်က ပြည်နယ်အစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရုံးများနှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်း၍ သစ္စာစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်၊ ကျေးရွာနေပြည်သူများထံ တစ်ဦးချင်း လက်ဝယ်အရောက် ထုတ်ပေးခဲ့သည်။ **(အောက်ပုံ)**

*စာမျက်နှာ ၁၁ ကော်လံ ၁* ❑



## အစ္စရေး-ဆူဒန် ငြိမ်းချမ်းရေး သဘောတူညီမှုရရှိပြီဟု အမေရိကန်သမ္မတ ထရမ့် ကြေညာ

စာ-၁၂

## ပြင်သစ်နိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ခံရသူ တစ်သန်းကျော်ပြီ

စာ-၁၄

## အာဆင်နယ်အိမ်ကွင်းမှာ ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို လက်စတာ ချိုးဖျက်သွားနိုင်မလား



ယနေ့ညတွင် ပရီမီယာလိဂ်ပွဲစဉ်(၆) ပွဲစဉ်သုံးပွဲ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယင်းသုံးပွဲတွင် ကြည့်ရှုသူ ပရိသတ်အကြိုက်တွေ့စေမည့် ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် လက်စတာအသင်းတို့ ထိပ်တိုက်ဆုံတွေ့နေသည့်ပွဲစဉ် ပါဝင်သည်။ ယနေ့ည ၈ နာရီခွဲတွင် ဆောက်သမ်တန်နှင့် အဲဗာတန်၊ ၁၁ နာရီတွင် ဝုဗ်နှင့် နယူးကာဆယ်၊ အောက်တိုဘာ ၂၆ ရက် နံနက် ၁ နာရီ ၄၅ မိနစ်တွင် အာဆင်နယ်နှင့် လက်စတာအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၅)တွင် မန်စီးတီးအသင်းနှင့် ဆုံတွေ့ခဲ့ပြီး ပွဲကစားချိန် ၂၃ မိနစ်တွင် ခွင့်ပြုပေးခဲ့ရသော စတာလင်၏ တစ်လုံးတည်းသောဂိုးဖြင့် ရှုံးနိမ့်ထားသည်။ အာဆင်နယ်အသင်းသည် ယခုပွဲစဉ်မတိုင်မီ ရက်ပစ်ဝီအန်နှင့် ယူရိုပါလိဂ်ပွဲစဉ်တစ်ပွဲ ယှဉ်ပြိုင်ကစားထားပြီး လူးဝစ်၊ အူဘာမီယန်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ လက်စတာအသင်းကလည်း ပရီမီယာလိဂ်ပွဲစဉ် (၅)တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဘာကလေ၏ နောက်ကျသွင်းဂိုးကြောင့် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ အာဆင်နယ်အသင်းကဲ့သို့ပင် လက်စတာအသင်းကလည်း ယခုပွဲစဉ်မတိုင်မီ ဇော်ရာအသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်တစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး မက်ဒီဆင်၊ ဘာနက်စ်၊ အီဟီယာနာချိုတို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

အဆိုပါ နှစ်သင်း၏ အမှတ်ပေးဇယားရပ်တည်မှုကို နှိုင်းယှဉ်ကြည့်လျှင် အာဆင်နယ်အသင်းရော လက်စတာအသင်းပါ ပရီမီယာလိဂ် ငါးပွဲကစားပြီးချိန်တွင် သုံးပွဲစီ အနိုင်ရရှိထားပြီး

*စာမျက်နှာ ၂၇ ကော်လံ ၁* ❖

# ပညာရေးဝန်ကြီးဌာန၏ ၂၀၁၆ - ၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## အပိုင်း(၂) နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍ

### သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍ ဆောင်ရွက်ချက်များ

နည်းပညာနှင့် သက်မွေးပညာဆိုင်ရာ ကောလိပ်၊ သိပ္ပံနှင့် အထက်တန်းကျောင်းများကို ၂၀၁၅-၁၆ ပညာသင်နှစ်မှ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ အောက်ပါအတိုင်း တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါသည်-

| ကျောင်းအမည်များ | ပညာသင်နှစ် | | | | |
|---|---|---|---|---|---|
| | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ |
| အစိုးရနည်းပညာ ကောလိပ် | ၃ | ၃ | ၃ | ၃ | ၃ |
| အစိုးရစက်မှုလက်မှုသိပ္ပံ | ၁၉ | ၁၉ | ၂၂ | ၂၂ | ၂၅ |
| အစိုးရနည်းပညာ အထက်တန်းကျောင်း | ၃၄ | ၃၄ | ၃၄ | ၃၅ | ၃၅ |
| သက်မွေးပညာသင်တန်းကျောင်းများ (ELPS/ SMVTI/ NVTI/SITE/ YWTC) | ၂ | ၄ | ၄ | ၆ | ၆ |
| နည်းပညာမြှင့်တင်ရေး သင်တန်းဌာန (ဘယ်လင်း) | - | ၁ | ၁ | ၁ | ၁ |
| စုစုပေါင်း | ၅၈ | ၆၁ | ၆၄ | ၆၇ | ၇၀ |






ဒေသလိုအပ်ချက်နှင့်အညီ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ ဘာသာရပ်များကို ပညာသင်နှစ်အလိုက် တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်-

| စဉ် | ပညာသင်နှစ် | တိုးချဲ့ ဖွင့်လှစ်သည့် ဘာသာရပ်များ |
|---|---|---|
| ၁။ | ၂၀၁၆-၁၇ | သုတနည်းပညာ |
| ၂။ | ၂၀၁၇-၁၈ | စက်မှုကုန်ထုတ်အင်ဂျင်နီယာ |
| ၃။ | ၂၀၁၉-၂၀ | မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းမှုနည်းပညာ၊ စက်မှုလယ်ယာနည်းပညာ၊ စက်မှုလုပ်ငန်းဆိုင်ရာ လျှပ်စစ်အင်ဂျင်နီယာ |

သင်ယူနိုင်သောအခွင့်အလမ်းများ ပိုမိုတိုးချဲ့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ အစိုးရစက်မှု လက်မှုသိပ္ပံ (အင်းစိန်)တွင် ၂၀၁၈-၁၉ ပညာသင်နှစ်မှစ၍လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ(မန္တလေး)တွင် ၂၀၁၉-၂၀ ပညာသင်နှစ်မှစ၍လည်းကောင်း AGTI ညနေပိုင်း ဒီပလိုမာ (၃)နှစ်သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သဖြင့် ပုံမှန်ကျောင်းသားဦးရေများမှာ တိုးတက်လာခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာသက်တမ်းကာလအတွင်း အစိုးရနည်းပညာ ကောလိပ်၊ သိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ပုံမှန်ကျောင်းသားဦးရေ စုစုပေါင်း ၈၇၀၄၆ ဦးကို သင်ကြားပေးနိုင်ခဲ့ပါသည်။

အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် သက်မွေးပညာ သင်တန်းကျောင်းများတွင် ဒေသလိုအပ်ချက်နှင့်ကိုက်ညီသော ကာလတိုနည်းပညာနှင့် သက်မွေးပညာ သင်တန်းများအား ဦးစီးဌာန၏အစီအစဉ်ဖြင့်သော်လည်းကောင်း၊ INGO၊ NGO စသော ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍သော်လည်းကောင်း ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးလျက်ရှိရာ နိုင်ငံတော်အစိုးရ ၄ နှစ်တာကာလအတွင်း ကာလတိုသင်တန်းဦးရေ ၃၉၆၂၅ ဦး တိုးမြှင့်လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါသည်။

| ကျောင်းအမည် | ကျောင်းသားဦးရေ | | | | |
|---|---|---|---|---|---|
| | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ |
| **ပုံမှန်ကျောင်းသားအရေအတွက်** | | | | | |
| အစိုးရနည်းပညာကောလိပ်၊ သိပ္ပံများ | ၁၀၉၁၉ | ၁၁၁၃၉ | ၁၃၇၇၄ | ၁၄၉၉၆ | ၁၆၅၀၆ |
| အစိုးရနည်းပညာအထက်တန်းကျောင်းများ | ၅၅၅၄ | ၆၆၀၄ | ၇၃၅၀ | ၈၂၄၆ | ၈၄၃၁ |
| ပေါင်း | ၁၆၄၇၃ | ၁၇၇၄၃ | ၂၁၁၂၄ | ၂၃၂၄၂ | ၂၄၉၃၇ |
| **ကာလတိုသင်တန်းသားအရေအတွက်** | | | | | |
| အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ | ၄၄၈၈ | ၆၁၈၀ | ၈၆၉၆ | ၁၅၂၂၉ | |
| စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်း ကျောင်း (SMVTI) | ၃၈၇ | ၃၉၀ | ၇၉၇ | ၁၅၉၂ | |
| ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း (NVTI) | - | ၄၄၁ | ၅၁၈ | ၆၂၀ | |
| အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းကျောင်း (ELPS) | ၆၂၁ | ၈၄၂ | ၁၉၀၈ | ၁၆၃၅ | |
| စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း (SITE) | - | - | - | ၄၁၇ | |
| ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်း(အောင်ဆန်း) | | ၃၀ | ၄၅ | ၁၀၅ | |
| စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် သက်မွေးပညာသင်တန်း (လှိုင်သာယာ) | - | - | - | ၁၈၀ | |
| ပေါင်း | ၅၄၉၆ | ၇၈၈၃ | ၁၁၉၆၄ | ၁၉၇၇၈ | |
| စုစုပေါင်း | ၂၁၉၆၉ | ၂၅၆၂၆ | ၃၃၀၈၈ | ၄၃၀၂၀ | ၂၄၉၃၇ |










နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးကဏ္ဍရှိ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ သင်ကြားရေး ဆရာ၊ ဆရာမ ပေါင်း ၃၅၄၄ ဦးခန့်ထားပေးနိုင်ခဲ့ပါသည်။

ကျောင်းသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းနှင့်အတူ လိုအပ်လျက်ရှိသော သင်ကြားရေး ဆရာ၊ ဆရာမများနှင့် စီမံဝန်ထမ်းများအား အသစ်တိုးမြှင့်ခန့်ထားခဲ့ရာ ၂၀၁၆ ခုနှစ်၊ ဧပြီလမှ ၂၀၁၉ ခုနှစ်၊ မတ်လအတွင်း သင်ကြားရေး ဆရာ ဆရာမ စုစုပေါင်း ၁၀၇၄ ဦးနှင့် စီမံဝန်ထမ်း စုစုပေါင်း ၁၀၈ ဦးအား အသစ်တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး Ground Breaking Ceremony for TVET Teacher Training Institute (TTTI) အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (၁၉.၅.၂၀၁၈)

### နည်းပညာ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများမှ သင်တန်းဆင်းများ မွေးထုတ်ပေးနိုင်မှုအခြေအနေ




အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများမှာ ၂၀၁၁ ခုနှစ် မှ ၂၀၁၆ ခုနှစ်အတွင်း ဒီပလိုမာရရှိသူ ၈၀၈ ဦး လေ့ကျင့်ပေးနိုင်ခဲ့ရာမှ ၂၀၁၆ ခုနှစ် မှ ၂၀၂၁ ခုနှစ်အတွင်း ကျောင်းများတိုးမြှင့်ဖွင့်လှစ်နိုင်မှုကြောင့် ဒီပလိုမာရရှိသူ ၇၅၁၅ ဦး အထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

အချပ်ပို (ခ) သို့

အချပ်ပို (က) မှ







အစိုးရနည်းပညာအထက်တန်းကျောင်းများမှ အထက်တန်းကျောင်းပြီးဆုံးသူဦးရေမှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၄၀၀၀ ကျော်ရှိခဲ့ရာမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၁၀၀၀၀ ကျော်ရှိခဲ့သဖြင့် ၆၀၀၀ ကျော် တိုးတက်လာခဲ့ပါသည်။ အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ ဒေသလိုအပ်ချက်နှင့် ကိုက်ညီသော သက်မွေးပညာသင်တန်းများ ဖွင့်လှစ်ပေးနိုင်ခဲ့မှုကြောင့် ၄ နှစ်တာကာလအတွင်း ကာလတိုသင်တန်းဆင်းအင်အား ၄၁၀၀၀ ကျော်အထိ မွေးထုတ်ပေးနိုင်ခဲ့ပါသည်။

ပဋိပက္ခနေရာများနှင့် နယ်စပ်ဒေသများမှ ပြည်သူများ၊ မသန်စွမ်းလူငယ်များ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ပြန်လည်ထူထောင်ရေးစခန်းများရှိ လူငယ်လူရွယ်များ ပညာသင်ခွင့်ရရှိစေရန်အတွက် ကာလတို သက်မွေးပညာသင်တန်းများကို ၂၀၁၇ ခုနှစ်မှစ၍ ဖွင့်လှစ်သင်ကြားပေးနိုင်ခဲ့ပါသည်။

| ခုနှစ် | သင်တန်း | သင်တန်းသားဦးရေ |
|---|---|---|
| ၂၀၁၇ | သင်တန်း (၈)မျိုး | ၂၃၈ |
| ၂၀၁၈ | သင်တန်း (၈)မျိုး | ၂၅၆ |
| ၂၀၁၉ | သင်တန်း (၁၀)မျိုး | ၄၈၉ |
| ၂၀၂၀ | သင်တန်း (၃)မျိုး | ၇၄ |
| | စုစုပေါင်း | ၁၀၅၇ |

အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများတွင် လိုအပ်လျက်ရှိသော အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၄ နှစ်တာကာလအတွင်း စာသင်ဆောင် ၈၉ လုံး၊ အလုပ်ရုံ ၁၁၁ လုံး၊ ဝန်ထမ်းအိမ်ရာ ၁၃၄ လုံး၊ ကျောင်းသားဆောင် အလုံး ၇၀၊ ရေရရှိရေးလုပ်ငန်း ၃၆ ခု၊ မီးရရှိရေးလုပ်ငန်း ၅၆ ခု၊ ခြံစည်းရိုးလုပ်ငန်း ၄၃ ခု၊ လမ်းလုပ်ငန်း ၁၃ ခု၊ အခြားလုပ်ငန်း ၇၈ ခု၊ စုစုပေါင်း အခြေခံအဆောက်အအုံ အလုံး ၆၃၀ ခန့်ကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။










သင်ကြားသင်ယူမှု ပိုမိုထိရောက်စေရန်အတွက် လိုအပ်လျက်ရှိသော သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ ပုံမှန်သင်တန်းများ၌ တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား လစဉ်တစ်ဦးလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပညာသင်ထောက်ပံ့ကြေးများအား ပေးအပ်ခြင်းတို့အတွက် အောက်ပါအတိုင်း နှစ်စဉ်ဘဏ္ဍာငွေ တိုးမြှင့်သုံးစွဲနိုင်ခဲ့ပါသည်-

(ကျပ်သန်းပေါင်း)

| စဉ် | ဘဏ္ဍာရေးနှစ် | သင်ထောက်ကူ ပစ္စည်း | ပညာသင်ထောက်ပံ့ကြေး |
|---|---|---|---|
| ၁။ | ၂၀၁၆-၂၀၁၇ | ၂၃၀၄.၃၃၅ | ၃၅၈၂.၅၃၈ |
| ၂။ | ၂၀၁၇-၂၀၁၈ | ၁၇၄၅.၅၂၂ | ၄၃၂၅.၆၁၃ |
| ၃။ | ၂၀၁၈-၂၀၁၉ | ၄၈၉၉.၇၇၄ | ၇၈၉၀.၈၃၅ |
| ၄။ | ၂၀၁၉-၂၀၂၀ | ၁၉၄၈၇.၅၄၁ | ၅၈၄၅.၃၂၄ |
| ၅။ | ၂၀၂၀-၂၀၂၁ | ၄၃၁၀၂.၅၁၄ | ၇၈၄၄.၇၀၀ |










အစိုးရနည်းပညာကောလိပ်၊ သိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးအတွက် နည်းပညာပြပွဲများ၊ အလုပ်အကိုင်ပြပွဲများကို ကျင်းပပေးခဲ့ရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ၄ ကြိမ် ဆောင်ရွက်ခဲ့ရာမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ၃၆ ကြိမ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်း၍ အခြေခံလုပ်သားအရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းကော်မတီအစည်းအဝေးများကို ၂၈ ကြိမ် ကျင်းပနိုင်ခဲ့ပြီး နှီးနှောဖလှယ်ပွဲများကို ရန်ကုန်၊ မန္တလေး၊ ပုသိမ်၊ မကွေး၊ မော်လမြိုင်၊ မုံရွာ၊ ပြည်၊ လားရှိုး၊ ဘားအံနှင့် ပဲခူးမြို့များတွင် ၁၀ ကြိမ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အဆိုပါ နှီးနှောဖလှယ်ပွဲများ၏ရလဒ်အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ သက်မွေးပညာသင်တန်းများကို ၆၂ ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး စုစုပေါင်း သင်တန်းသား ဦးရေ ၂၉၅၂ ဦးအား သင်ကြားပေးနိုင်ခဲ့ပါသည်။

## အဆင့်မြင့်ပညာကဏ္ဍ ဆောင်ရွက်ချက်များ

နိုင်ငံတော်အစိုးရ၏ ၄ နှစ်တာကာလအတွင်း အဆင့်မြင့်ပညာကဏ္ဍတွင် ကောလိပ်အသစ် ၅ ကျောင်း တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ပညာရေးကောလိပ် ၂၅ ခုကို ပညာရေးဒီဂရီကောလိပ်အဆင့်သို့ လည်းကောင်း၊ တိုင်းရင်းသားဒေသများနှင့် ကျောင်းသားဦးရေများပြားသည့် ဒေသများတွင်ရှိသည့် ဒီဂရီကောလိပ်၊ ကောလိပ် ၆ ခုဖြစ်သည့် ရေနံချောင်းဒီဂရီကောလိပ်၊ မြင်းခြံဒီဂရီကောလိပ်၊ တောင်ကုတ်ဒီဂရီကောလိပ်၊ ဟားခါးကောလိပ်၊ မိုးညှင်းဒီဂရီကောလိပ်နှင့် မန္တလာဒီဂရီကောလိပ်တို့ကို တက္ကသိုလ်အဆင့်သို့လည်းကောင်း တိုးမြှင့်ပေးနိုင်ခဲ့ပါသည်။







နိုင်ငံတကာအဆင့်မီ အဆင့်မြင့်ပညာရေးစနစ် ဖြစ်ထွန်းလာစေရန်ရည်ရွယ်၍ သီးခြားတက္ကသိုလ် ၁၆ ကျောင်း (ရန်ကုန်တက္ကသိုလ် + ၇ ကျောင်းနှင့် မန္တလေးတက္ကသိုလ် + ၇ ကျောင်း)ကို အာဆီယံဒေသတွင်း နိုင်ငံများရှိ တက္ကသိုလ်များကဲ့သို့ မဟာဌာနများပါဝင်သော တက္ကသိုလ်အဆင့်သို့ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို ၂၀၁၈ ခုနှစ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီး အဆိုပါတက္ကသိုလ်များတွင် ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများ ရေးဆွဲသင်ကြားခွင့်၊ ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့်၊ သုတေသနလုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်ခွင့်ကို ဦးတည်ဖော်ဆောင်ပေးလျက်ရှိပါသည်။

၂၀၁၅-၁၆ ပညာသင်နှစ်မှစ၍ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ ၄ နှစ်တာကာလအတွင်း အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် စုစုပေါင်း ၁၃၄ ကျောင်း ဖွင့်လှစ်ထားပါသည်။




နေပြည်တော်တွင် ဧက ၃၀၀ အကျယ်ရှိ နေပြည်တော် Comprehensive University နှင့် ဧက ၁၁၀ အကျယ်အဝန်းရှိ International Comprehensive University တို့ကို နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်ထားရှိပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ |
|---|---|---|---|---|---|---|
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၄၇ | ၄၈ | ၄၉ | ၄၉ | ၄၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၆၀ | ၆၀ | ၆၀ | ၆၀ | ၆၀ |
| ၃ | ပညာရေးဒီဂရီကောလိပ် | ၂၁ | ၂၅ | ၂၅ | ၂၅ | ၂၅ |
| | စုစုပေါင်း | ၁၂၈ | ၁၃၃ | ၁၃၄ | ၁၃၄ | ၁၃၄ |

အချပ်ပို (ဂ) သို့

အချပ်ပို(ခ)မှ




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် MICC-2 ၊ နေပြည်တော်တွင် ကျင်းပပြုလုပ်သော ၂၀၁၈ ခုနှစ် ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်(၂၄-၈-၂၀၁၈)

တက္ကသိုလ် ၁၆ ကျောင်းဖြစ်သည့် ရန်ကုန်တက္ကသိုလ် + ၇ ကျောင်းနှင့် မန္တလေးတက္ကသိုလ် + ၇ ကျောင်းတို့တွင် University Autonomy ဆောင်ရွက်နိုင်ရေးအတွက် ၂၈-၄-၂၀၂၀ ရက်တွင် ပညာရေးဝန်ကြီးဌာနသည် အမျိုးသား ပညာရေးမူဝါဒကော်မရှင်(အဖွဲ့ဝင်) ဦးမောင်မောင်အေးက ခေါင်းဆောင်၍ အဖွဲ့ဝင် ၁၂ ဦး ပါဝင်သည့် university autonomy အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ University Autonomy အကောင်အထည်ဖော်မှုလုပ်ငန်း ပိုမိုမြန်ဆန်စေရန်အတွက် Task Force Working Group များကို ဆက်လက် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

University Autonomy Agency Framework မှ Accountability သို့ ဦးတည်ဆောင်ရွက်နိုင်ရန် သင်ကြားရေး နှင့် စီမံခန့်ခွဲရေးတို့ကို ဆောင်ရွက်ကြမည့် တက္ကသိုလ် ၁၆ ကျောင်းသည် ရာထူးတိုးပြောင်း SOPs များ၊ သုတေသန ကျင့်ဝတ်နှင့် သုတေသနပုံနှိပ်ထုတ်ဝေရေးဆိုင်ရာ SOPs များ၊ နိုင်ငံတကာဆက်ဆံရေးရုံး တည်ထောင်ခြင်းနှင့် လုပ်ငန်းဆိုင်ရာ SOPs များ၊တက္ကသိုလ်သင်ကြားရေးအဖွဲ့ အစည်းအဝေးများတွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ် များနှင့် ဆရာများအဖွဲ့ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးခြင်းတိုကို့ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအထိ CEU ၏ university autonomy dimension (၈) ခုဖြင့် university autonomy ကို လက်တွေ့ကျင့်သုံးမည့်တက္ကသိုလ် ၁၆ ကျောင်းတွင် inauguarl univesity council ကိုဖွဲ့စည်းပြီး တက္ကသိုလ်အလိုက် ကိုက်ညီမှုရှိသည့် တက္ကသိုလ်ပဋိညာဉ်များကို ရေးဆွဲအတည်ပြုနိုင်ရန်၊ university autonomy အတွက် လိုအပ်သော Manual များ Guideline များကို Task Force များက Dimension အလိုက် ဆွေးနွေးခဲ့ကြပြီးဖြစ်ပါသည်။

အဆင့်မြင့်ဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များရှိ ဆရာ ဆရာမဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-







| တက္ကသိုလ်/ဒီဂရီကောလိပ် | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ | ၂၀၁၉-၂၀ |
|---|---|---|---|---|---|
| ဝိဇ္ဇာ/သိပ္ပံ | ၁၃၃၄၂ | ၁၃၄၀၀ | ၁၃၈၅၅ | ၁၃၀၇၂ | ၁၃၃၉၀ |
| နည်းပညာ/ကွန်ပျူတာ | ၆၄၈၁ | ၆၂၀၂ | ၆၇၈၁ | ၆၆၁၆ | ၆၆၉၁ |
| ပညာရေးကောလိပ် | ၁၈၇၆ | ၁၉၃၃ | ၁၈၉၇ | ၂၂၉၀ | ၁၈၀၄ |
| စုစုပေါင်း | ၂၁၆၉၉ | ၂၁၅၃၅ | ၂၂၅၃၃ | ၂၁၉၇၈ | ၂၁၈၈၅ |

## အချိန်ပိုင်း နည်းပြ၊ သရုပ်ပြများ ခန့်ထားနိုင်မှုအခြေအနေ

၂၀၁၈-၁၉ ပညာသင်နှစ်နှင့် ၂၀၁၉-၂၀ ပညာသင်နှစ်အတွင်း ကျောင်းသားဦးရေများ တိုးတက်လာခဲ့သဖြင့် သင်ကြားရေး ဆရာ ဆရာမများ အင်အားဖြည့်ဆည်းပေးနိုင်ရန် အချိန်ပိုင်းနည်းပြသရုပ်ပြများကို ခန့်ထားပေးခဲ့ပါသည်။

| စဉ် | အကြောင်းအရာ | ၂၀၁၈-၁၉ ပညာသင်နှစ် | ၂၀၁၉-၂၀ ပညာသင်နှစ် |
|---|---|---|---|
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၃၉၆ | ၅၇၂ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၃၈ | ၄၀ |
| | စုစုပေါင်း | ၄၃၄ | ၆၁၂ |

### တက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ တက်ရောက်မှုအခြေအနေ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကျောင်းသားဦးရေ နှစ်စဉ်မြင့်မား တိုးတက်လာခဲ့မှုကြောင့် ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ပညာသင်နှစ်အထိ ကျောင်းသားဦးရေ ၂.၃ သန်းကျော် တက်ရောက်ခဲ့ပြီး ၂၀၁၆-၁၇ မှ ၂၀၂၀-၂၁ ပညာသင်နှစ်အထိ ကျောင်းသား၊ ကျောင်းသူဦးရေ ၃.၆ သန်း ကျော် တက်ရောက်သင်ယူနိုင်ခဲ့ပါသည်။




ကျောင်းသား ကျောင်းသူ အရေအတွက်

| အကြောင်းအရာ | ၂၀၁၅-၁၆ | | ၂၀၁၆-၁၇ | | ၂၀၁၇-၁၈ | | ၂၀၁၈-၁၉ | | ၂၀၁၉-၂၀ | |
|---|---|---|---|---|---|---|---|---|---|---|
| | နေ့ | အဝေးသင် | နေ့ | အဝေးသင် | နေ့ | အဝေးသင် | နေ့ | အဝေးသင် | နေ့ | အဝေးသင် |
| ဝိဇ္ဇာ/သိပ္ပံ | ၂၅၄၃၉၅ | ၄၈၆၉၂၅ | ၂၆၈၄၇၇ | ၅၂၀၁၄၉ | ၂၉၈၁၇၈ | ၅၇၄၃၃၆ | ၃၂၂၀၂၂ | ၆၂၄၀၄၅ | ၃၂၈၉၆၄ | ၄၅၉၇၉၇ |
| နည်းပညာ/ကွန်ပျူတာ | ၇၈၉၆၉ | | ၆၉၆၉၉ | | ၇၄၉၇၁ | | ၄၈၉၆၁ | | ၉၂၅၀ | |
| ပညာရေးကောလိပ် | ၁၀၇၆၆ | | ၁၇၃၃၄ | | ၂၀၀၄၉ | | ၂၀၂၄၆ | | ၁၀၇၈၂ | |
| စုစုပေါင်း | ၃၄၃၄၃၉ | ၄၈၆၉၂၅ | ၃၅၅၅၁၀ | ၅၂၀၁၄၉ | ၃၉၃၃၉၈ | ၅၇၄၃၃၆ | ၃၉၁၂၂၉ | ၆၂၄၀၄၅ | ၃၄၈၉၉၆ | ၄၅၉၇၉၇ |

## နှစ်အလိုက်တက္ကသိုလ်များတွင် ဘွဲ့ပေးအပ်နိုင်မှုအခြေအနေ

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကျောင်းသားဦးရေ နှစ်စဉ်မြင့်မားတိုးတက်လာခဲ့မှုကြောင့် ၂၀၁၉ ခုနှစ်အတွက် နေ့သင်တန်းနှင့် အဝေးသင် သင်တန်းများမှ ဒီပလိုမာရရှိသူ၊ ဘွဲ့ရရှိသူ၊ မဟာဘွဲ့ရရှိသူ၊ ပါရဂူ ဘွဲ့ရရှိသူဦးရေ စုစုပေါင်း ၁၅၇၉၃၁ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ဘွဲ့ရသူဦးရေများတွင် အထူးသဖြင့် အဝေးသင်ဘွဲ့ ရရှိသူဦးရေ ပိုမိုများပြားပါသည်။




တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ပညာသင်နှစ်အထိ ဘွဲ့ရသူဦးရေမှာ ၅သိန်း ၇သောင်းကျော်ခန့်ရှိခဲ့ပြီး ကျောင်းသားဦးရေ နှစ်စဉ် မြင့်မားတိုးတက်လာခဲ့မှုကြောင့် ၂၀၁၆ မှ ၂၀၂၀ ခုနှစ် အထိ ဘွဲ့ရသူဦးရေမှာ ၆ သိန်းကျော်အထိ တိုးတက် လာခဲ့ပါသည်။

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်/ကောလိပ် | ၂၀၁၆ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | လက်မှတ် | ဒီပလိုမာ | ဘွဲ့ကြို | မဟာဘွဲ့ | ပါရဂူ | ပေါင်း |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | | ၃၄၀၇ | ၉၁၀၄၇ | ၃၉၉၉ | ၃၈၀ | ၉၈၈၃၃ |
| ၂ | နည်းပညာ/ကွန်ပျူတာ | | ၂၁၁ | ၃၆၂၆၇ | ၄၄၆ | ၁၄၆ | ၃၇၀၇၀ |
| ၃ | ပညာရေးကောလိပ် | ၉၁၇၂ | ၅၁၀၇ | | | | ၁၄၂၇၉ |
| | စုစုပေါင်း | ၉၁၇၂ | ၈၇၂၅ | ၁၂၇၃၁၄ | ၄၄၄၅ | ၅၂၆ | ၁၅၀၁၈၂ |

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်/ကောလိပ် | ၂၀၁၇ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | လက်မှတ် | ဒီပလိုမာ | ဘွဲ့ကြို | မဟာဘွဲ့ | ပါရဂူ | ပေါင်း |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | | ၃၃၉၂ | ၁၁၀၀၂၄ | ၄၃၁၀ | ၃၀၆ | ၁၁၈၀၃၂ |
| ၂ | နည်းပညာ/ကွန်ပျူတာ | | ၁ | ၂၂၂၃ | ၅၅၀ | ၈၈ | ၂၂၈၆၂ |
| ၃ | ပညာရေးကောလိပ် | ၅၅၁၇ | ၅၇၉၂ | | | | ၁၁၃၀၉ |
| | စုစုပေါင်း | ၅၅၁၇ | ၉၁၈၅ | ၁၃၂၂၄၇ | ၄၈၆၀ | ၃၉၄ | ၁၅၂၂၀၃ |

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်/ကောလိပ် | ၂၀၁၈ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | လက်မှတ် | ဒီပလိုမာ | ဘွဲ့ကြို | မဟာဘွဲ့ | ပါရဂူ | ပေါင်း |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | | ၇၅၀၆ | ၁၀၈၂၈၆ | ၂၇၂၈ | ၂၄၉ | ၁၁၈၇၆၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | | ၇၉ | ၁၁၉၆၆ | ၆၆၆ | ၉၂ | ၁၂၈၀၃ |
| ၃ | ပညာရေးကောလိပ် | ၅၅၇၆ | ၅၉၈၅ | | | | ၁၁၅၆၁ |
| | စုစုပေါင်း | ၅၅၇၆ | ၁၃၅၇၀ | ၁၂၀၂၅၂ | ၃၃၉၄ | ၃၄၁ | ၁၄၃၂၃၃ |

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်/ကောလိပ် | ၂၀၁၉ ခုနှစ် | | | | | |
|---|---|---|---|---|---|---|---|
| | | လက်မှတ် | ဒီပလိုမာ | ဘွဲ့ကြို | မဟာဘွဲ့ | ပါရဂူ | ပေါင်း |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | | ၂၃၉၆ | ၁၂၄၂၉၈ | ၅၀၅၂ | ၁၅၃ | ၁၃၁၈၉၉ |
| ၂ | နည်းပညာ/ကွန်ပျူတာ | | ၇၈ | ၁၆၂၃၂ | ၁၉၇ | ၆၃ | ၁၆၅၇၀ |
| ၃ | ပညာရေးကောလိပ် | ၂၄၃၈ | ၇၀၂၄ | | | | ၉၄၆၂ |
| | စုစုပေါင်း | ၂၄၃၈ | ၉၄၉၈ | ၁၄၀၅၃၀ | ၅၂၄၉ | ၂၁၆ | ၁၅၇၉၃၁ |

## တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ စိစစ်ရွေးချယ်ခြင်း

၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အတွက် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား ကျောင်းသူများအတွက် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ်များက တိုက်ရိုက်လက်ခံပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစိစစ်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်စိစစ်ဆောင်ရွက်ပေးခဲ့ပါသည်-

| စဉ် | အကြောင်းအရာ | ၂၀၁၅-၁၆ | | ၂၀၁၆-၁၇ | | ၂၀၁၇-၁၈ | |
|---|---|---|---|---|---|---|---|
| | | နေ့သင်တန်း | အဝေးသင် | နေ့သင်တန်း | အဝေးသင် | နေ့သင်တန်း | အဝေးသင် |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၈၄၇၃၅ | ၇၉၁၉၇ | ၇၈၅၈၁ | ၈၆၉၄၉ | ၉၁၆၈၉ | ၁၂၃၆၇၈ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၉၅၁၅ | | ၉၈၄၃ | | ၉၄၇၃ | |
| ၃ | ပညာရေးဒီဂရီကောလိပ် | ၆၈၀၆ | | ၇၀၃၃ | | ၇၅၅၀ | |
| | စုစုပေါင်း | ၁၀၁၀၅၆ | ၇၉၁၉၇ | ၉၅၄၅၇ | ၈၆၉၄၉ | ၁၀၈၇၁၂ | ၁၂၃၆၇၈ |

| စဉ် | အကြောင်းအရာ | ၂၀၁၈-၁၉ | | ၂၀၁၉-၂၀ | |
|---|---|---|---|---|---|
| | | နေ့သင်တန်း | အဝေးသင် | နေ့သင်တန်း | အဝေးသင် |
| ၁ | ဝိဇ္ဇာ/သိပ္ပံ | ၉၈၀၅၆ | ၁၃၇၈၈၆ | ၉၂၇၆၈ | ၁၄၇၁၂၇ |
| ၂ | နည်းပညာ/ကွန်ပျူတာ | ၉၁၉၇ | | ၈၉၈၃ | |
| ၃ | ပညာရေးဒီဂရီကောလိပ် | ၇၂၉၀ | | ၃၃၄၃ | |
| | စုစုပေါင်း | ၁၁၄၅၄၃ | ၁၃၇၈၈၆ | ၁၀၅၀၉၄ | ၁၄၇၁၂၇ |

အဝေးသင်ပညာရေးပြုပြင်ပြောင်းလဲခြင်းအတွက် ဗြိတိန်နိုင်ငံ (Open University, UK) ၏ အကူအညီဖြင့် မြန်မာနိုင်ငံတက္ကသိုလ်များနှင့် ပူးပေါင်း၍ TIDE project ကို ၂၀၁၇ မှ ၂၀၂၂ ခုနှစ်အထိအစီအစဉ်များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစတင်၍ NEPC plan များအရ British Council, University College of London (UK) တို့ပူးပေါင်းပြီး တက္ကသိုလ်များရှိ စီမံခန့်ခွဲမှုအရာရှိများ (Rector, Pro-rector, P, AP) အား စီမံခန့်ခွဲမှုသင်တန်း ပို့ချခြင်းအစီအစဉ် National Institute of Higher Education Development (NIHED) ကို ဆောင်ရွက်လျက်ရှိ ပါသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကြီးမှူးပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲကို ၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့အထိ နေပြည်တော် MICC II တွင် ကျင်းပရာ စာတမ်း(၁၈)စောင် ဖတ်ကြားတင်သွင်းခဲ့ပါသည်။

(၁၀) ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့်မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၉-၁၀-၂၀၁၈ ရက်နေ့မှ ၁-၁၁-၂၀၁၈ ရက်နေ့အထိ နေပြည်တော်တွင် လက်ခံကျင်းပ ပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့က ပညာရေးဝန်ကြီးဌာန၏ပံ့ပိုးမှုဖြင့် 19th Science Council of Asia Conference(SCA)ကို နေပြည်တော် Grand Amara Hotel တွင် ၃-၁၂-၂၀၁၉ ရက်နေ့မှ ၅-၁၂-၂၀၁၉ ရက်နေ့အထိ ကျင်းပရာ သုတေသနစာတမ်းပေါင်း (၁၀၈) စောင် ဖတ်ကြားတင်သွင်းခဲ့ပါသည်။

တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်သည့် သုတေသန လုပ်ငန်းများ အားကောင်းစေရေးအတွက် တက္ကသိုလ်၊ ကောလိပ်များ၏ သုတေသနရန်ပုံငွေကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ပေးခဲ့ရာ ၂၀၁၉-၂၀ ဘဏ္ဍာရေးနှစ်တွင် ၈၈၄.၉၉၇ သန်းအထိ တိုးတက်ရရှိခဲ့ပါသည်။ ဆရာ ဆရာမများက သုတေသနစာတမ်းများရေးသားပြုစုကာ ပြည်တွင်း၊ ပြည်ပသုတေသနဂျာနယ်များ၌ သုတေသနစာတမ်း ၁၆၇၁၆ စောင် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။

အချပ်ပို (ဃ)သို့

အချပ်ပို (ဂ) မှ

| စဉ် | ဘဏ္ဍာရေးနှစ် | သုံးစွဲရန်ပုံငွေ (ကျပ်သန်း) |
|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ၁၂၇.၂၂၈ |
| ၂ | ၂၀၁၆-၂၀၁၇ | ၁၃၁.၂၃၀ |
| ၃ | ၂၀၁၇-၂၀၁၈ | ၄၃၂.၄၃၉ |
| ၄ | ၂၀၁၈-၂၀၁၉ | ၅၀၈.၉၅၄ |
| ၅ | ၂၀၁၉-၂၀၂၀ | ၈၈၄.၉၉၇ |




ပညာသင်နှစ်အလိုက် သုတေသနစာတမ်းများ ရေးသားပြုစုနိုင်မှုအခြေအနေ

| အကြောင်းအရာ | ၂၀၁၅-၁၆ | | ၂၀၁၆-၁၇ | | ၂၀၁၇-၁၈ | | ၂၀၁၈-၁၉ | |
|---|---|---|---|---|---|---|---|---|
| | A&S | TUCU | A&S | TUCU | A&S | TUCU | A&S | TUCU |
| University Journal | ၇၂၈ | ၈၄ | ၉၅၀ | ၁၇၁ | ၉၅၄ | ၁၉၆ | ၁၆၈၆ | ၂၃၉ |
| Universities Research Journal | ၂၄၅ | ၂၇ | ၁၁၉ | ၁၀၀ | ၂၃၇ | ၁၂၆ | ၂၉၀ | ၃၃၆ |
| MAAS | ၁၉၂ | ၁၄၈ | ၃၆၈ | ၁၄ | ၅၇၉ | ၁၄ | ၃၈၁ | ၃၃ |
| Local Proceedings | ၂၇၃ | ၂၈၈ | ၂၈၇ | ၄၃၀ | ၂၅၇ | ၅၇၀ | ၅၁၅ | ၁၂၇ |
| International Publication | ၁၆၈ | ၃၉၂ | ၂၅၂ | ၇၄၂ | ၃၃၆ | ၁၃၅၇ | ၅၀၉ | ၁၉၉၅ |
| Total | ၁၆၀၆ | ၉၃၉ | ၁၉၇၆ | ၁၄၅၈ | ၂၃၆၃ | ၂၂၆၃ | ၃၃၈၁ | ၂၇၃၀ |







၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက်မှ ၂၈ ရက်နေ့အထိ မြန်မာတက္ကသိုလ်များသုတေသနကွန်ဖရင့် (Myanmar Universities Research Conference– MURC) စာတမ်းဖတ်ပွဲကို Online ကျင်းပခဲ့ရာ ရွေးချယ်ခံရသည့်စာတမ်းပေါင်း ၂၄၈ စောင်ကို ဖတ်ကြားတင်သွင်းခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ကြားခြင်းများအပြင် တက္ကသိုလ်စီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်၊ ပါမောက္ခချုပ်များကော်မတီက ကြီးမှူးပြီး ၂၀၁၉ ခုနှစ် တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲကို ၁၆-၁၀-၂၀၁၉ ရက်နေ့မှ ၁၇-၁၀-၂၀၁၉ ရက်နေ့ထိ နေပြည်တော် MICC II တွင် ကျင်းပရာ တက္ကသိုလ်၊ ကောလိပ်များမှ စာတမ်း ၁၈ စောင် ဖတ်ကြားတင်သွင်းခဲ့ပါသည်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ပေါ်ပေါက်လာသည့် ရန်ကုန်တက္ကသိုလ်သည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် နှစ်ပေါင်း ၁၀၀ ပြည့်မြောက်ပြီဖြစ်၍ ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲသဘင်အခမ်းအနားကို ၁ နှစ်တိတိ ကျင်းပသွားမည်ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ်ရာပြည့်ကာလတွင် ဦးစားပေးဆောင်ရွက်သော လုပ်ငန်းစဉ်မှာ ရန်ကုန်တက္ကသိုလ်အဆင့်မြှင့်တင်ရေးဖြစ်ပြီး ရန်ကုန်တက္ကသိုလ် ပြန်လည်မွမ်းမံခြင်းများကို ဆောင်ရွက်နိုင်ရန် လုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး Master Plan ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

| ပညာသင်ဆု အမျိုးအစား | ၂၀၁၆-၁၇ | | | | | ၂၀၁၇-၁၈ | | | | | ၂၀၁၈-၁၉ | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | A&S | TUCU | TET | other | total | A&S | TUCU | TET | other | total | A&S | TUCU | TET | other | total |
| ပညာသင်ထောက်ပံ့ကြေး | ၂၅၆၅ | ၅၈၅ | ၁၁၃၀၉ | ၁၇၉ | ၁၄၆၃၈ | ၄၈၈၃ | ၈၀၇ | ၁၁၅၆၁ | ၃၃၀ | ၁၇၅၈၁ | ၈၈၂ | ၇၄၁၂ | ၉၄၆၂ | ၁၃၈ | ၁၇၈၉၄ |
| ထူးချွန်ဆုရ ကျောင်းသားဦးရေ (ဝိဇ္ဇာ/သိပ္ပံချွန်ဆု) (စီးပွားရေးချွန်ဆု) | ၁၉၈ | | | | ၁၉၈ | ၂၀၃ | | | | ၂၀၃ | ၁၃၉ | | | | ၁၃၉ |
| ပညာသင်ဆုရ ကျောင်းသားဦးရေ (တက္ကသိုလ် ပညာသင်ဆု Collegiate) | ၃၈ | ၄၃ | | ၄၈ | ၁၂၉ | ၄၀ | ၄၇ | | ၄၅ | ၁၃၂ | ၄၅ | ၃၄ | | ၅၂ | ၁၃၁ |
| Total | ၂၈၀၁ | ၆၂၈ | ၁၁၃၀၉ | ၂၂၇ | ၁၄၉၆၅ | ၅၁၂၆ | ၈၅၄ | ၁၁၅၆၁ | ၃၇၅ | ၁၇၉၁၆ | ၁၀၆၆ | ၇၄၄၆ | ၉၄၆၂ | ၁၉၀ | ၁၈၁၆၄ |




၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၁၈-၁၉ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများကို ပညာသင်ဆုများ နှစ်စဉ်တိုးမြှင့်၍ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများမှ ထူးချွန်ဆုရရှိသူ ၁၄၂ ဦးသည် ၂၀၁၉-၂၀ ပညာသင်နှစ်တွင် တက္ကသိုလ်နေ့သင်တန်းတက်ရောက်ပါက ဘွဲ့ရရှိသည်အထိ ထူးချွန်ဆု ဆက်လက်ချီးမြှင့်မည် ဖြစ်ပါသည်။

## ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကျင်းပခြင်း

၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲကို ၁၀-၁၂-၂၀၁၈ ရက်နေ့မှ ၁၉-၁၂-၂၀၁၈ ရက်နေ့အထိ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပြုလုပ်ခဲ့ပါသည်။

ကျောင်းသား ကျောင်းသူများအား သိပ္ပံပညာရပ်များ၊ နည်းပညာ၊ သက်မွေးပညာများကို အသိပညာဖလှယ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာစေရေး၊ အသိပညာအတတ်ပညာများနှင့် လုပ်ငန်းခွင်လိုအပ်ချက်များ ချိတ်ဆက်နိုင်ရေးအတွက် သိပ္ပံပြပွဲ၊ နည်းပညာပြပွဲ၊ အလုပ်အကိုင်ပြပွဲများကို အောက်ပါအတိုင်း ကျင်းပပေးနိုင်ခဲ့ပါသည်-




ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှတက္ကသိုလ်များ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

| တက္ကသိုလ်/ဒီဂရီကောလိပ် | ၂၀၁၅-၁၆ | ၂၀၁၆-၁၇ | ၂၀၁၇-၁၈ | ၂၀၁၈-၁၉ |
|---|---|---|---|---|
| ဝိဇ္ဇာ/သိပ္ပံ | ၃၀ | ၃၀ | ၃၀ | |
| နည်းပညာ/ကွန်ပျူတာ | | ၄၂ | ၂၈ | ၇ |
| ပညာရေးကောလိပ် | ၁ | ၁ | ၂ | |
| စုစုပေါင်း | ၃၁ | ၇၃ | ၆၀ | ၇ |




## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ ICT ဆိုင်ရာ ဆောင်ရွက်ချက်များ

ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုများ ပိုမိုတိုးတက်လာစေရန် စီမံခန့်ခွဲရေးလုပ်ငန်းများ ပိုမိုလျင်မြန်လွယ်ကူလာစေရန်၊ ပညာရေးဝန်ကြီးဌာန၏ ဆက်သွယ်မှုကွန်ရက်များ ပိုမိုလျင်မြန်ပြီး အချိန်နှင့်တစ်ပြေးညီ လုပ်ငန်းများ ဆောင်ရွက်လာနိုင်စေရန်နှင့် တက္ကသိုလ်များ၏ ဆောင်ရွက်ထားရှိမှုများအား အလွယ်တကူသိရှိပြီး အချင်းချင်းဖလှယ်နိုင်စေရန်တို့ကို ရည်ရွယ်၍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် Website များတည်ဆောက်ပေးခဲ့ရာ ၂၀၁၆-၁၇ မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ ၁၃၃ ကျောင်းတွင် ထူထောင်ပေးနိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်များတွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များအားလုံး domain name ဖြင့် e-mail (edu.mm) အသုံးပြုနိုင်ခြင်းမရှိသေးဘဲ ၂၀၂၀ ခုနှစ်တွင် ကျောင်းအားလုံး အသုံးပြုဆောင်ရွက်လာနိုင်သည်အထိ တိုးတက်လာခဲ့ပါသည်။







အဆင့်မြင့်ပညာဦးစီးဌာနအောက်တွင် ဖွင့်လှစ်ထားရှိသည့် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်အား ကျောင်းသား ကျောင်းသူများအတွက် ဗဟုသုတလေ့လာဆည်းပူးရန် လွယ်ကူထိရောက်စေရေးအတွက် ရန်ကုန်တက္ကသိုလ်လက်အောက်သို့ ပြောင်းရွှေ့ခဲ့ပါသည်။ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်စာလေ့လာဆည်းပူးနိုင်ရေးအတွက် ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်စာဘာသာစကား ဗဟိုဌာနကိုလည်း ၅ ထပ်ဆောင်(ပင်လုံဆောင်) အသစ် ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်။

တက္ကသိုလ်များအတွက် World Ranking သည် ပညာရေးအဆင့်အတန်းနှင့် အရည်အသွေးတို့ကို နိုင်ငံတကာပညာရေးတွင် နှိုင်းယှဉ်မှုစံနှုန်းတစ်ရပ်အဖြစ် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံသတ်မှတ်သည့်စံနှုန်း ဖြစ်ပါသည်။ နိုင်ငံတကာတက္ကသိုလ်အဆင့်သတ်မှတ်ချက်များတွင် မြန်မာနိုင်ငံတက္ကသိုလ်များအတွက် အဆင့်သတ်မှတ်ချက်မှာ ၂၀၁၈ ခုနှစ်မှ စတင်၍ နှစ်စဉ်အဆင့်မြင့်တက်လာသည့်အပြင် တက္ကသိုလ်အဆင့်သတ်မှတ်ချက် Webometric Ranking Web of Universities တွင် တက္ကသိုလ်အရေအတွက်ကို ပိုမိုဖော်ပြခြင်းခံရသည်ကိုလည်း တွေ့ရှိရပါသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံမှ တက္ကသိုလ် ၃၇ ကျောင်းကို ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ဖော်ပြခဲ့ရာ မြန်မာနိုင်ငံ၏ အဆင့်(၁)ရန်ကုန်တက္ကသိုလ်၏ World Ranking ကို အဆင့် ၈၅၀၇ ဖြင့် ဖော်ပြခဲ့ပါသည်။

အချပ်ပို (င)သို့

*အချပ်ပို (ဃ) မှ*

၂၀၁၉ ခုနှစ်တွင် Webometric Ranking Web of Universities တွင် မြန်မာနိုင်ငံမှ တက္ကသိုလ် (၁၆) ကျောင်းကို ဖော်ပြခဲ့ပြီး ရန်ကုန်တက္ကသိုလ်၏ World Ranking လည်း (၂) ကျဆင်းသွားပြီး World Ranking ၈၅၀၉ ဖြင့် ဖော်ပြခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ Webometric Ranking Web of Universities အရ မြန်မာတက္ကသိုလ် (၇၄) ကျောင်းအထိ တိုးမြှင့်ဖော်ပြခြင်းခံရပြီး ရန်ကုန်တက္ကသိုလ်၏ World Ranking မှာ ၇၁၁၆ ဖြင့် ဖော်ပြပါရှိပါသည်။ အောက်ဖော်ပြပါဇယားများအရ မြန်မာတက္ကသိုလ်များ World Ranking အဆင့်နှင့် အရေအတွက် တိုးတက်လာမှုကို သိရှိနိုင်ပါသည်-







| Ranking | World Rank | University | ASEAN Rank |
|---|---|---|---|
| 1 | 7116 | University of Yangon | 321 |
| 2 | 9722 | University of Mandalay | 481 |
| 3 | 14632 | Yezin Agricultural University | 860 |
| 4 | 15956 | University of Computer Studies Yangon | 987 |
| 5 | 17625 | University of Medicine 1 Yangon | |
| 6 | 18175 | Mandalay University of Medicine | |
| 7 | 18830 | Yangon Technological University | |
| 8 | 20029 | Dagon University Myanmar | |
| 9 | 20078 | Yangon University of Economics | |
| 10 | 20699 | Myeik University | |
| 11 | 20728 | University of Dental Medicine Yangon | |
| 12 | 21287 | University of Veterinary Science Yezin | |
| 13 | 21568 | University of Information Technology Yangon | |
| 14 | 22247 | University of Medicine Magway | |
| 15 | 22345 | International Theravada Buddhist Missionary University | |
| 16 | 22471 | University of Foreign Languages Yangon | |
| 17 | 22510 | University of Computer Studies Mandalay | |
| 18 | 23221 | University of Computer Studies Myeik | |
| 19 | 23528 | Myanmar Institute of Information Technology | |
| 20 | 24116 | University of Public Health Myanmar | |
| 21 | 24189 | University of Medical Technology Yangon | |
| 22 | 25152 | West Yangon Technological University | |
| 23 | 25373 | Yadanabon University | |
| 24 | 25778 | Mandalay Technological University | |
| 25 | 25866 | University of Pharmacy Mandalay | |
| 26 | 25926 | University of Nursing Yangon | |
| 27 | 26301 | Yangon University of Education | |
| 28 | 26424 | Computer University Mandalay | |
| 29 | 26616 | University of Kalay | |
| 30 | 26649 | Monywa University of Economics | |
| 31 | 26667 | Myanmar Maritime University | |
| 32 | 26909 | University of Dental Medicine Mandalay | |
| 33 | 26984 | Yangon University of Distance Education | |
| 34 | 27014 | University of Nursing Mandalay | |
| 35 | 27116 | National Management Degree College | |
| 36 | 27122 | Technological University Thanlyin | |
| 37 | 27135 | University of Technology Yatanarpon Cyber City | |
| 38 | 27198 | Mandalay University of Distance Education | |
| 39 | 27342 | East Yangon University | |
| 40 | 27962 | Technological University Mandalay | |
| 41 | 28037 | Myanmar Aerospace Engineering University | |
| 42 | 28051 | University of Community Health Magway | |
| 43 | 28099 | University of Medical Technology Mandalay | |
| 44 | 28681 | University of Maubin | |
| 45 | 29046 | Technological University Hmawbi | |
| 46 | 29315 | Thanlyin Cooperative University | |
| 47 | 29315 | University of Computer Studies Sittway | |
| 48 | 29448 | Pyay Technological University | |
| 49 | 29506 | University of Forestry and Environmental Science, Yezin | |
| 50 | 29524 | National University of Arts and Culture Mandalay | |
| 51 | 29584 | University of Computer Studies Maubin | |
| 52 | 29903 | Technological University Pakokku | |
| 53 | 29980 | University of Pharmacy Yangon | |
| 54 | 30136 | University of Computer Studies Dawei | |
| 55 | 30174 | Bago University | |
| 56 | 30187 | Technological University Taunggyi | |
| 57 | 30234 | Computer University Myikyina | |
| 58 | 30235 | Technological University Hinthata | |
| 59 | 30238 | University of Computer Studies Taunggyi | |
| 60 | 30277 | Technological University Maubin | |
| 61 | 30281 | Technological University Magway | |
| 62 | 30289 | Computer University Pyay | |
| 63 | 30306 | Computer University Pathein | |
| 64 | 30336 | Technological University Sagaing | |
| 65 | 30340 | Hinthada University | |
| 66 | 30349 | University of Computer Studies Magway | |
| 67 | 30349 | University Of Computer Studies Monywa | |
| 68 | 30349 | University of Computer Studies Pakokku | |
| 69 | 30380 | University of Computer Studies Panglong | |
| 70 | 30439 | University of Computer Studies Banmaw | |
| 71 | 30463 | Shwebo University | |
| 72 | 30469 | University of Computer Studies Loikaw | |
| 73 | 30478 | Pyay University | |
| 74 | 30479 | Sittway University | |

Source : Webometric : Ranking Web of Univesities ၊ July 2020 Edition.

ပညာရေးကောလိပ်များနှင့် နည်းပညာကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ အဝေးသင်တက္ကသိုလ်များသို့ သင်ကြားခွင့်အစီအစဉ်များ ဆောင်ရွက်ပေးခဲ့ရာ ပညာရေးကောလိပ်များမှ Diploma in Teacher Education (D.T.Ed) ၂ နှစ်သင်တန်း အောင်မြင်၍ ဒီပလိုမာရရှိပြီးသည့် ကျောင်းသား၊ ကျောင်းသူများကို သင်ယူခဲ့သည့် ဘာသာရပ်/ဘာသာတွဲများကို အခြေခံ၍ လျှောက်ခွင့်ပြုထားပြီး ၂၀၁၈ ခုနှစ် ဒီဇင်ဘာလမှစ၍ အဝေးသင်သင်တန်း၏ ဒုတိယနှစ်သင်တန်းများကို ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

၂၀၂၀ပြည့်နှစ်၊ဒီဇင်ဘာလတွင် ပညာရေးတက္ကသိုလ်များမှ ဖွင့်လှစ်မည့် တတိယနှစ်၊ စတုတ္ထနှစ် စာပေးစာယူသင်တန်းများကို ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပြီး စတုတ္ထနှစ် အောင်မြင်ပြီးပါက BA (Education)/ BSc (Education)ဘွဲ့အပ်နှင်းမည်ဖြစ်ပါသည်။ စတုတ္ထနှစ်အောင်မြင်၍ အရည်အချင်း ပြည့်မီ သူများသည် B.Ed ပဉ္စမနှစ်ဘွဲ့သင်တန်းကို တစ်နှစ်ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပြီး ကျန်သင်တန်းသား၊ သင်တန်းသူများ တက်ရောက်လိုပါက ဝင်ခွင့်စာမေးပွဲဖြေဆိုပြီး အောင်မြင်မှသာ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများမှ ဒီပလိုမာရရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် အဝေးသင်ဘွဲ့ သင်တန်းတက်ရောက်ခွင့်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များမှ ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၉-၂၀ ပညာသင်နှစ်မှ စတင်၍ ရန်ကုန် အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့ရှိ ဘာသာရပ် ၁၅ ခုတွင် ကျောင်းသား ကျောင်းသူ ၅၀ စီဖြင့် လက်ခံသင်ကြားလျက်ရှိပါသည်။

ရန်ကုန်အဝေးသင်တက္ကသိုလ်မှ Online ဖြင့် Post Graduate Diploma in Law (PGDL) , LLB , LLB(Q) , LLM နှင့် Post Graduate Diploma in Political Philosophy (PGDPP) သင်တန်းများကို တိုးချဲ့သင်ကြားပေးလျက်ရှိပါသည်။

## Online Learning နှင့် အဝေးသင်ပညာရေး

Online Teaching and Learning စနစ် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ခြင်းအစီအစဉ် အနေဖြင့် COVID 19 ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ဆရာ၊ ဆရာမများ၏သင်ကြား၊ သင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရန် ရည်ရွယ်ပြီး ရန်ကုန်တက္ကသိုလ်၊ အင်္ဂလိပ်ဘာသာစကား အမျိုးသားဗဟိုဌာနက အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ရေးအတွက် English Language Course for Higher Education Teachers(ELCHET) သင်တန်းကို Online သင်တန်းအဖြစ် ဖွင့်လှစ်ပို့ချပေးလျက်ရှိပါသည်။

## Learning Management System သင်ကြားရေးအစီအစဉ်ဆောင်ရွက်ခြင်း

ကျောင်းသားကျောင်းသူများ သင်ကြားသင်ယူမှု ပြတ်တောက်မှုမရှိစေရန်အတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ဆရာ၊ ဆရာမများက Online မှ သင်ကြား၊ သင်ယူမှုများ ပြုလုပ်နိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်နည်းပညာဆိုင်ရာကျွမ်းကျင်မှုသင်တန်းများကိုအဆင့်မြင့်ပညာ ဦးစီးဌာန၊ ပါမောက္ခချုပ်များကော်မတီနှင့် တာဝန်ယူသင်ကြားမည့်တက္ကသိုလ်များပူးပေါင်းပြီး သတင်းအချက်အလက်နည်းပညာတက္ကသိုလ်က e- Learning Lecture Developing သင်တန်း၊ နည်းပညာတက္ကသိုလ် (ရတနာဆိုင်ဘာစီးတီး)က Online သင်ခန်းစာများ ဖန်တီးမှုနှင့် သင်ကြားသင်ယူမှုဆိုင်ရာသင်တန်း၊ ပါမောက္ခချုပ်များကော်မတီ၊ ကွန်ပျူတာနည်းပညာ အထူးပြုဘာသာရပ်အဖွဲ့က အခြေခံ e- Learning Management System ဆိုင်ရာ လက်တွေ့အသုံးချသင်တန်းတို့ကို Online မှ ဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ တက္ကသိုလ်များအနေဖြင့် ဆရာ၊ ဆရာမများ၏ Online Teaching & Learning ဆိုင်ရာ ကျွမ်းကျင်မှုများရရှိရေးအတွက် မိမိတို့တက္ကသိုလ်အလိုက် အစီအစဉ်များရေးဆွဲ၍ ဆောင်ရွက်လျက်ရှိပါသည်။

## နည်းပညာတက္ကသိုလ်များ/ကွန်ပျူတာတက္ကသိုလ်များတွင် Internship ဆောင်ရွက်ခြင်း

နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို နောက်ဆုံးနှစ် ကျောင်းသား/ ကျောင်းသူများအတွက် (၂)လကြာ Internship Training များ စီစဉ်ပေးခြင်းတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

| စဉ် | တက္ကသိုလ်အုပ်စု | Internship ဆောင်ရွက်နိုင်မှု(ဦးရေ) | | |
|---|---|---|---|---|
| | | ၂၀၁၆-၁၇ ပညာသင်နှစ် | ၂၀၁၇-၁၈ ပညာသင်နှစ် | ၂၀၁၈-၁၉ ပညာသင်နှစ် |
| ၁ | နည်းပညာတက္ကသိုလ်များ | | ၃၉၂၇ | ၁၁၀၀၁ |
| ၂ | ကွန်ပျူတာတက္ကသိုလ်များ | ၂၀၈၆ | ၂၀၃၅ | ၁၉၂၁ |
| | စုစုပေါင်း | ၂၀၈၆ | ၅၉၆၂ | ၁၂၉၂၂ |

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသည့် သင်တန်းများ

အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု သင်တန်းပေါင်း (၁၇၅)မျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်-

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် | ဒီပလိုမာ | ဘွဲ့ | ဘွဲ့လွန် ဒီပလိုမာ | မဟာဘွဲ့ | မဟာ ဒဿနဘွဲ့ | လက်မှတ် | စုစုပေါင်း | တက်ရောက်သည့်ဦးရေ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | ကျား | မ | ပေါင်း |
| ၁ | အဆင့်မြင့်ပညာဦးစီးဌာန | | | | | | ၂ | ၂ | ၉၀ | ၁၈၆ | ၂၇၆ |
| ၂ | ရန်ကုန်တက္ကသိုလ် | ၁၈ | ၀ | ၀ | ၃ | ၀ | ၂ | ၂၃ | ၁၃၀၂ | ၁၈၅၅ | ၃၁၅၇ |
| ၃ | မန္တလေးတက္ကသိုလ် | ၁၃ | ၀ | ၀ | ၁ | ၀ | ၃ | ၁၇ | ၆၄၂ | ၁၁၉၆ | ၁၈၃၈ |
| ၄ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၇ | ၀ | ၁ | ၄ | ၀ | ၂ | ၁၄ | ၅၃၉ | ၁၃၅၄ | ၁၈၉၃ |
| ၅ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၃ | ၀ | ၀ | ၂ | ၁ | ၀ | ၆ | ၆၃ | ၄၀၅ | ၄၆၈ |
| ၆ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၄၂ | ၅ | ၂ | ၀ | ၀ | ၂ | ၅၁ | ၁၀၅၈ | ၅၉၆ | ၁၆၅၄ |
| ၇ | တောင်ကြီးတက္ကသိုလ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂၈ | ၇၃ | ၁၀၁ |
| ၈ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၅၈ | ၁၇၈ | ၂၃၆ |
| ၉ | ဒဂုံတက္ကသိုလ် | ၀ | ၀ | ၂ | ၀ | ၀ | ၀ | ၂ | ၆၅ | ၃၇ | ၁၀၂ |
| ၁၀ | မကွေးတက္ကသိုလ် | ၀ | ၀ | ၀ | ၀ | ၀ | ၆ | ၆ | ၉၂ | ၂၂၈ | ၃၂၀ |
| ၁၁ | ပုသိမ်တက္ကသိုလ် | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၂ | ၇၅ | ၁၅၀ | ၂၂၅ |
| ၁၂ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁ | ၀ | ၀ | ၀ | ၀ | ၃၁ | ၃၂ | ၁၀၀၂ | ၂၆၈၃ | ၃၆၉၅ |
| ၁၃ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁ | ၀ | ၁ | ၀ | ၀ | ၆ | ၈ | ၄၆၆ | ၈၉၁ | ၁၃၅၇ |
| ၁၄ | မုံရွာစီးပွားရေးတက္ကသိုလ် | ၃ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၁၀၇ | ၁၉၂ | ၂၉၉ |
| ၁၅ | တောင်ငူတက္ကသိုလ် | ၁ | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၂၁ | ၃၇ | ၅၈ |
| ၁၆ | ပြည်တက္ကသိုလ် | ၀ | ၁ | ၀ | ၀ | ၀ | ၀ | ၁ | ၄ | ၂၃ | ၂၇ |
| ၁၇ | မိတ္ထီလာစီးပွားရေး တက္ကသိုလ် | ၀ | ၀ | ၀ | ၄ | ၀ | ၀ | ၄ | ၄၆၃ | ၇၅၈ | ၁၂၂၁ |
| ၁၈ | ဟသ်ာတတက္ကသိုလ် | ၀ | ၀ | ၀ | ၀ | ၀ | ၁ | ၁ | ၁၈ | ၂၂ | ၄၀ |
| ၁၉ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁ | ၀ | ၀ | ၀ | ၀ | ၅ | ၆ | ၁၀၈ | ၂၂၇ | ၃၃၅ |
| | စုစုပေါင်း | ၉၂ | ၆ | ၆ | ၁၄ | ၁ | ၅၆ | ၁၇၅ | ၆၀၈၅ | ၁၀၈၄၂ | ၁၆၉၂၇ |

## ပါမောက္ခချုပ်များကော်မတီဖွဲ့စည်းခြင်းနှင့် ပါမောက္ခချုပ်များကော်မတီမှ လုပ်ငန်းကော်မတီအသီးသီး၏ ဆောင်ရွက်ချက်များ

၂၀၁၅ ခုနှစ် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၇ အရ အဆင့်မြင့်ပညာရေး နှင့်စပ်လျဉ်းသည့် ကိစ္စများကို လိုအပ်သလိုညှိနှိုင်းဆောင်ရွက်ရန် လွတ်လပ်စွာရပ်တည်သောအဖွဲ့ဝင် ၁၆၂ ဦး ပါဝင်သည့် ပါမောက္ခချုပ်များကော်မတီကို အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အမိန့်ကြော်ငြာစာ အမှတ် ၁/၂၀၁၈ ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ၄၄ ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့နှင့် အဖွဲ့ဝင် ၁၅ ဦး ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈ ဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။ ပါမောက္ခချုပ်များကော်မတီတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့်အတူလုပ်ငန်းကော်မတီ ၉ ရပ်နှင့် အထူးပြုပညာရပ်ဆိုင်ရာအဖွဲ့ ၈ ဖွဲ့အားဖွဲ့စည်းထားရှိပါသည်။

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၃ ရက်နေ့က ပထမ အကြိမ် ပါမောက္ခချုပ်များကော်မတီ နှစ်ပတ်လည် ညီလာခံကို နေပြည်တော် အားကစားလေ့ကျင့်ရေး စခန်းတွင် ကျင်းပခဲ့ပါသည်။ ပါမောက္ခချုပ်များ ကော်မတီ၏ ဒုတိယအကြိမ် နှစ်ပတ်လည်ညီလာခံကို ၅-၄-၂၀၁၉ ရက်နေ့မှ ၆-၄-၂၀၁၉ ရက်နေ့အထိ ရန်ကုန် တက္ကသိုလ်၊ စိန်ရတုခန်းမတွင် ကျင်းပခဲ့ပါသည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ကော်မတီဝင် ၂၁ ဦး အထိ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉ ဖြင့် ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့ပါသည်။

ပါမောက္ခချုပ်များကော်မတီ၏ အလုပ်အမှုဆောင်အဖွဲ့အနေဖြင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ပညာရေး မြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ ပါဝင်လျက် တက္ကသိုလ်၊ ဒီဂရီကောလိပ် နှင့် ကောလိပ်များကို ပထဝီဝင်အနေအထားနှင့် ဒေသအလိုက်ဇုန်(၇) ဇုန် ခွဲခြားသတ်မှတ်ပြီး ၂၀၁၈ခုနှစ်၊ ဇွန်၊ ဇူလိုင်နှင့်ဩဂုတ်လများအတွင်း တိုင်းဒေသကြီး/ပြည်နယ်များရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများအား

*အချပ်ပို (စ) သို့*

အချပ်ပို (င) မှ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်တက္ကသိုလ်ရာပြည့်အထိမ်းအမှတ် စတင်ကြောင်းကြေညာသည့်အခမ်းအနားသို့ တက်ရောက်စဉ်။ (၂-၁၂-၂၀၁၉)




(၁၀)ကြိမ်မြောက် အရှေ့တောင်အာရှနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ပညာရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ နေပြည်တော်တွင် ကျင်းပစဉ်။

သွားရောက်တွေ့ဆုံပြီး ပါမောက္ခချုပ်များကော်မတီ၏ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲဆောင်ရွက်နေမှုများ၊ University Autonomy ဆိုင်ရာကိစ္စရပ်များ၊ တက္ကသိုလ် ပဋိညာဉ်စာတမ်းများရေးဆွဲရေး၊ မြန်မာနိုင်ငံတက္ကသိုလ်များဆိုင်ရာ သုတေသနညီလာခံကျင်းပရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ပါမောက္ခချုပ်များကော်မတီသည် အဖွဲ့ဝင်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ၂၀၁၈ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းနိုင်ငံတကာသို့ Higher Education Development အစီအစဉ်ဖြင့် သွားရောက်ခဲ့သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများက အဆင့်မြင့်ပညာကဏ္ဍ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၏ သင်ကြားရေးစွမ်းရည်၊ သုတေသနစွမ်းရည်နှင့် စီမံခန့်ခွဲရေးစွမ်းရည်များ စဉ်ဆက်မပြတ်တိုးတက်စေရန်ရည်ရွယ်၍ ၂၉-၆-၂၀၁၉ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌လည်းကောင်း၊ ဇုန်(၉) ခုခွဲ၍ ပြည်နယ်/ တိုင်းဒေသကြီးများ ၏ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များရှိ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီး၊ ဒုတိယပါမောက္ခချုပ်၊ ဒုတိယကျောင်းအုပ်ကြီးများနှင့် ပါမောက္ခ/ဌာနမှူး၊ ဆရာ၊ ဆရာမများ၊ စီမံခန့်ခွဲရေးအရာထမ်းများ၊ ဆရာ သမဂ္ဂကိုယ်စားလှယ်များ၊ ကျောင်းသားသမဂ္ဂ ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း သွားရောက်၍ အတွေ့အကြုံ ရှင်းလင်းပွဲ (Dissemination Seminar) များ ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

အမျိုးသားပညာရေးမူဝါဒကော်မရှင်က ဦးစီးလျက် ပါမောက္ခချုပ်များကော်မတီ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီက ဦးဆောင်၍ မြန်မာနိုင်ငံတက္ကသိုလ်များ သုတေသနညီလာခံ(၂၀၁၉)ကို ၂၄-၅-၂၀၁၉ ရက်နေ့မှ ၂၅-၅-၂၀၁၉ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမတွင် ကျင်းပခဲ့ရာ စာတမ်းပေါင်း ၆၀၂ စောင်လက်ခံရရှိခဲ့ပြီး ထိုစာတမ်းများကို စိစစ်ရေးအဖွဲ့ဝင် ၁၂၄ ဦးဖြင့် စိစစ်၍ ဘာသာရပ်တစ်ခုစီအတွက် စာတမ်း ၂၀ ခုစီနှင့် စုစုပေါင်း ဘာသာရပ် ၉ ခုအတွက် Oral Presentation ၁၈၁ စောင်နှင့် ပိုစတာစာတမ်း ၅၇ ခုတို့ကို စိစစ်ရွေးချယ်ခဲ့ပါသည်။ ဘာသာရပ် ၉ ခုတွင် ဘာသာရပ်တစ်ခုစီမှ အကောင်းဆုံး သုတေသနစာတမ်း ပထမဆုအတွက် ငွေသားကျပ် သုံးသိန်း၊ Trophy နှင့် ဆုလက်မှတ်ကို လည်းကောင်း၊ ဒုတိယဆု အတွက် ငွေသားကျပ် နှစ်သိန်း၊ Trophy နှင့် ဆုလက်မှတ်ကို လည်းကောင်း စုစုပေါင်း စာတမ်းရှင် ၁၈ ဦးနှင့် ပိုစတာစာတမ်း ၅၇ ခုအတွက် ဆုလက်မှတ်များကို လည်းကောင်း ပေးအပ် ချီးမြှင့်ခဲ့ပါသည်။ သုတေသနစာတမ်းဖတ်ပွဲ ဒုတိယနေ့တွင် ရန်ကုန်တက္ကသိုလ်၊ ဝိဇ္ဇာခန်းမ၌ နိုင်ငံ တည်ဆောက်၊ ကူထောက်တွဲယှဉ်၊ ဆန်းသစ် တီထွင်၊ သုတေသန တို့စွမ်းအင်” ခေါင်းစဉ်ဖြင့် သုတေသန စကားဝိုင်းတစ်ခုကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်။

## ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျောင်းသားသမဂ္ဂ၊ ဆရာအသင်း/အဖွဲ့ချုပ်များ ပူးပေါင်းဆောင်ရွက်ရန်စီစဉ်ထားရှိခြင်း

အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကျောင်းသားသမဂ္ဂ၊ ဆရာအသင်း/အဖွဲ့ချုပ်များအား ရွေးကောက်ခံဖြင့် ဖွဲ့စည်းပြီးပါက ယင်းရွေးကောက်ခံကိုယ်စားလှယ်များမှ ၂ ဦးစီတို့အား ပညာရေးအဖွဲ့၊ စီမံခန့်ခွဲရေးအဖွဲ့များတွင် ထည့်သွင်းဖွဲ့စည်း၍ အဖွဲ့အစည်းအဝေးများသို့ တက်ရောက်စေရမည်ဖြစ်ပါသည်။ ထိုသို့ အစည်းအဝေးများ ကျင်းပရာတွင် ဆွေးနွေးချက်များ၊ ငြင်းချက်များ၊ တွေ့ရှိချက်များကို ရှင်းလင်းဆောင်ရွက်ခြင်းဖြင့် မှတ်တမ်းရယူထားရှိပြီး ကျောင်း၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်း ဆောင်ရွက်တတ်စေရန်အတွက် ဟောပြောပို့ချပေးရန် ဖြစ်ပါသည်။ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကျောင်းသားသမဂ္ဂအဖွဲ့ ၁၂၂ ဖွဲ့နှင့် ဆရာ အသင်း/အဖွဲ့ချုပ်များ ၁၀၃ ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

## Covid- 19 ကပ်ရောဂါ ကာကွယ်ကုသရေးတွင် အသုံးပြုရန်အတွက် ပစ္စည်းများတီထွင်လှူဒါန်းခြင်း

ပညာရေးဝန်ကြီးဌာနသည် Covid- 19 ကာကွယ်ကုသရေးတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် အခြားနည်းပညာတက္ကသိုလ်များပူးပေါင်းဆောင်ရွက်မှုဖြင့် Remote Controlled Trolly / spray cleanerနှင့်Auto pilotsprayer Drone/Speaker- Delivery& monitoring Drone များကိုပြုလုပ်ခဲ့ကြပြီး အစားအစာနှင့် ဆေးဝါးများကို Covid လူနာများသို့ပေးပို့ရာတွင် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းခဲ့ပါသည်။ Disinfection Robot နှင့် Auto Delivery Robot များကို ကန်တော်နဒီဆေးရုံသို့လည်းကောင်း၊Disinfection Chamber for Covid-19 ၃ ခုနှင့် Remote Controlled Trolly for Covid- 19 ၃ ခု အလိုအလျောက်ဖွင့် ပိတ်လုပ်နိုင်သည့် Sensor ပါအမှိုက်ပုံးများ၊ Covid-19 ကုသရေးနှင့် ပတ်သက်သည့် Software များကို ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း အပူချိန်တိုင်းစောင့်ကြည့်စနစ်ကို ဗန်းမော်လေဆိပ်သို့လည်းကောင်း လှူဒါန်းခဲ့ပါသည်။

## ပြည်ပသို့ ပညာသင်စေလွှတ်နိုင်မှုနှင့် နိုင်ငံခြားကျောင်းသား တက်ရောက်မှု

ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆရာ၊ ဆရာမ၊ ဝန်ထမ်းများအား ပြည်ပနိုင်ငံ ၅၅ နိုင်ငံသို့ ပါရဂူ ဘွဲ့သင်တန်း ၃၂၆ ဦး၊ မဟာဘွဲ့သင်တန်း ၁၄၅ ဦး၊ ဘွဲ့ဒီပလိုမာသင်တန်း ၃၅ ဦး၊ ဘွဲ့မယူ သင်တန်း ၂၃၈၁ ဦး စေလွှတ်ခဲ့ပါသည်။ ၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၁၈-၁၉ ပညာသင်နှစ်အထိ ပြည်ပနိုင်ငံများသို့ ၁၁၃၅၉ ဦး စေလွှတ်နိုင်ခဲ့ပါသည်။ နှစ်အလိုက် ပြည်ပသို့ စေလွှတ်ခဲ့သောဦးရေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-







| အမျိုးအမည် | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|
| သင်တန်း | ၄၀၃ | ၅၁၇ | ၅၇၈ | ၇၉၂ | ၉၁ |
| ဒီပလိုမာဘွဲ့သင်တန်း | ၁၃ | ၉ | ၇ | ၆ | |
| မဟာဘွဲ့သင်တန်း | ၄၅ | ၄၂ | ၃၆ | ၂၁ | ၁ |
| ပါရဂူဘွဲ့သင်တန်း | ၇၁ | ၉၁ | ၇၈ | ၇၉ | ၇ |
| ဆွေးနွေးပွဲ | ၉၉၅ | ၈၅၁ | ၇၈၃ | ၁၀၈၃ | |
| လေ့လာရေး | ၈၁၉ | ၆၄၈ | ၄၄၀ | ၃၂၈ | |
| အစည်းအဝေးနှင့် ညီလာခံ | ၄၇၈ | ၅၄၀ | ၇၂၂ | ၇၈၅ | |
| စုစုပေါင်း | ၂၈၂၄ | ၂၆၉၈ | ၂၆၄၄ | ၃၀၉၄ | ၉၉ |




ရန်ကုန်နှင့် မန္တလေးမြို့များရှိ တက္ကသိုလ် ၆ ခုတွင် နိုင်ငံခြားကျောင်းသားများ လာရောက် ပညာသင်ယူလျက်ရှိရာ ၂၀၁၁-၁၂ မှ ၂၀၁၅-၁၆ ပညာသင်နှစ်အတွင်း ၁၃၄၂ ဦး ပညာလာရောက်သင်ယူခဲ့ပြီး ၂၀၁၆-၁၇ ပညာသင်နှစ်မှ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ ၂၀၁၇ ဦး တက်ရောက်သင်ယူခဲ့ပါသည်။

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ၂၀၁၆ - ၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

**ကျန်းမာရေးနှင့်ပတ်သက်၍ ဘာသာပြန်ဆိုခြင်းလုပ်ငန်းဆောင်ရွက်ချက်များ**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတွင် အမျိုးသားအဆင့် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးစီမံချက်၊ ကြက်ငှက်တုပ်ကွေး အသိပညာပေးမှု ပိုစတာများကို တိုင်းရင်းသားဘာသာဖြင့် ဘာသာပြန်ဆိုနိုင်ရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

နယ်စပ်ဒေသ၊ ကျေးလက်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများ ကျန်းမာရေး အဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် UNICEF တို့ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ ဘာသာပြန်ဆိုခြင်းလုပ်ငန်းတွင် တိုင်းရင်းသားဘာသာ(၅၅)မျိုးဖြင့် ဘာသာပြန်ဆိုနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကင်ဆာရောဂါတိုက်ဖျက်ရေး စီမံချက်မှ မြန်မာဘာသာဖြင့် ထုတ်ဝေထားသော ပညာပေး စာစောင်များအနက် ပိုစတာ(၃)မျိုးဖြစ်သော-

(က) စောစောတွေ့နိုင်သည့် ကင်ဆာရောဂါ(မြစ်တွယ်)လက္ခဏာများ

(ခ) ကင်ဆာရောဂါအကြောင်း သိကောင်းစရာများ

(ဂ) ကင်ဆာမဖြစ်ရန် ဆောင်ရန်၊ ရှောင်ရန်များ

တို့အား ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းဘာသာများဖြင့် ဘာသာပြန်ဆိုနိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်ချက်ရှိပါသည်။ ၎င်းအစီအစဉ်တွင် အသုံးပြုမည့် လက်ကမ်းစာစောင်များကို အဓိကဘာသာစကားများဖြင့် ဘာသာပြန်ဆိုခဲ့ပြီးဖြစ်ပါသည်။

ကျန်းမာရေး အသိပညာပေးအချက်အလက်များကို ပြည်သူလူထုတစ်ရပ်လုံး ပိုမိုသိရှိနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက မြန်မာဘာသာဖြင့် ထုတ်ဝေထားသော“ကိုရိုနာဗိုင်းရပ်စ် ရောဂါ(COVID-19) လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ မိမိကစ၍ကာကွယ်ပါ(ပိုစတာ)နှင့် 2019-nCoV လတ်တလော အသက်ရှူလမ်းကြောင်း ရောဂါကာကွယ်ဖို့ မောင်တို့မယ်တို့လိုက်နာစို့(Audio File)” များကို တိုင်းရင်းသားဘာသာ (၈၆)မျိုးဖြင့်

**“နယ်စပ်ဒေသ၊ ကျေးလက်ဒေသနှင့် မြို့ပြဆင်ခြေဖုံးဒေသများ ကျန်းမာရေး အဆင့်အတန်းများ ပိုမိုတိုးတက်မြင့်မားလာစေရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် UNICEF တို့ ပူးပေါင်း၍ ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ ဘာသာပြန်ဆိုခြင်းလုပ်ငန်းတွင် တိုင်းရင်းသားဘာသာ (၅၅)မျိုးဖြင့် ဘာသာပြန်ဆိုနိုင်ရေး ဆောင်ရွက်ခဲ့”**

ဘာသာပြန်ဆိုခြင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အကူအညီတောင်းခံလာသော IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID- 19 ကူးစက်ရောဂါကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို တိုင်းရင်းသားဘာသာ(၁၂)မျိုးဖြင့် ဘာသာပြန်ဆိုခြင်းနှင့် ရေတံခွန်တောင်သူပညာပေးအဖွဲ့၏ တောင်သူများအတွက် COVID-19 ကပ်ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအကြံပြုချက်များကို တိုင်းရင်းသားဘာသာများသို့ (အရေးနှင့်အပြော) တိုင်းရင်းသားဘာသာ(၁၂)မျိုးဖြင့် ဘာသာပြန်ဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ချိတ်ဆက်၍ ဘာသာပြန်ဆိုခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မိုးရာသီတွင် အများဆုံးတွေ့ရလေ့ရှိသည့် မှိုအဆိပ်သင့်ခြင်းအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူလူထုတစ်ရပ်လုံး သိရှိရှောင်ရှားနိုင်ရန်အတွက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်း စသော အဓိက တိုင်းရင်းသားဘာသာ(၇)မျိုးဖြင့် ဘာသာပြန်ဆိုခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပါသည်။

**ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များကို ဘာသာပြန်သည့် တိုင်းရင်းသား ဘာသာ (၅၅)မျိုး**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘာသာပြန်လူမျိုးစု | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဂျိန်းဖော | |
| ၂ | | လော်ဝေါ် | |
| ၃ | | ရဝမ် | |
| ၄ | | ဇိုင်ဝါး | |
| ၅ | | လီဆူ | |
| ၆ | | လာချိဒ် | |
| ၇ | | တန်ရှမ်းနာဂ | |
| ၈ | | တိုင်းလိုင်၊ တိုင်းနိုင်း(ရှမ်းနီ) | |
| ၉ | | တိုင်းခမ်းတီ | |
| ၁၀ | ကယားပြည်နယ် | ကယား | |
| ၁၁ | | ဂေဘား | |
| ၁၂ | | ကယန်း | |
| ၁၃ | | ကော်ယော်(မိုနူ) | |
| ၁၄ | ကရင်ပြည်နယ် | လေကွယ်ကော် | |
| ၁၅ | | စကောကရင်(ပကညော) | |
| ၁၆ | | အရှေ့ပိုးကရင် | |
| ၁၇ | ချင်းပြည်နယ် | ချင်း(ချိုး) | |
| ၁၈ | | ခူမီး | |
| ၁၉ | | မတူ | |
| ၂၀ | | ကာဏ်း | |
| ၂၁ | | လိုင်(CACC) | |
| ၂၂ | မွန်ပြည်နယ် | မွန် | |
| ၂၃ | ရခိုင်ပြည်နယ် | ဒိုင်းနက်(သက္ကမ) | |
| ၂၄ | ရှမ်းပြည်နယ် | ရှမ်း(ရှမ်းကြီး) | |
| ၂၅ | | ဓနု | |
| ၂၆ | | တောင်ရိုး | |
| ၂၇ | | ဂုံရှမ်း | |
| ၂၈ | | အာခါ | |
| ၂၉ | | ဝ | |
| ၃၀ | | လားဟူ | |
| ၃၁ | | တအာင်း(ပလောင်) | |
| ၃၂ | စစ်ကိုင်းတိုင်းဒေသကြီး | လိုင်ဇို(ချင်း) | |
| ၃၃ | | ဂျက်ဂျ်ရဲ(ပါရာ) နာဂ | |
| ၃၄ | | မကူရီနာဂ | |
| ၃၅ | | တန်ဂွန်နာဂ | |
| ၃၆ | | လိုင်းနောင်နာဂ | |
| ၃၇ | | ကွန်ညက်နာဂ | |
| ၃၈ | | ခယမ်ညူငန်နာဂ | |
| ၃၉ | | တိုင်းလျန်ရှမ်းစာပေ | |
| ၄၀ | | သျှမ်းနီစာပေ | |
| ၄၁ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | |
| ၄၂ | ပဲခူးတိုင်းဒေသကြီး | ပအိုဝ်း | |
| ၄၃ | ရန်ကုန်တိုင်းဒေသကြီး | ဒိုင်(ချင်း) | |
| ၄၄ | | ဟွာလ်ငို(ချင်း) | |
| ၄၅ | ရန်ကုန်တိုင်းဒေသကြီး | ဥ(ပ်) ပုစာပေ | |
| ၄၆ | | ခေါင်စိုစာပေ | |
| ၄၇ | | ဇူမီး(ချင်း)စာပေ | |
| ၄၈ | | အရှိုချင်း | |
| ၄၉ | | မရာဘာသာ | |
| ၅၀ | | ငွန်းစာပေ | |
| ၅၁ | | ရခိုင်စာပေ | |
| ၅၂ | | မြို | |
| ၅၃ | | ကိုးကန့် | |
| ၅၄ | ဧရာဝတီတိုင်းဒေသကြီး | ကရင် | |
| ၅၅ | | စကောကရင် | |

**(COVID-19)ရောဂါ ပညာပေးအချက်အလက်များကို ဘာသာပြန်ပေးသော တိုင်းရင်းသားဘာသာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘာသာပြန်လူမျိုးစု | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဂျိန်းဖော | |
| ၂ | | လော်ဝေါ် | |
| ၃ | | ရဝမ် | |
| ၄ | | ဇိုင်ဝါး | |
| ၅ | | တိုင်းလေ | |
| ၆ | | တိုင်းဆာ | |
| ၇ | | တိုင်းခမ်းတီ | |
| ၈ | | တိုင်းလိုင် | |
| ၉ | | လီဆူ | |
| ၁၀ | | လာချိဒ် | |
| ၁၁ | | တိုင်းလုံ | |
| ၁၂ | ကယားပြည်နယ် | ကယား | |
| ၁၃ | | ယင်းတလဲ | |
| ၁၄ | | ကယန်း | |
| ၁၅ | | ဂေဘား | |
| ၁၆ | | ကယော | |
| ၁၇ | | မနုမနော | |
| ၁၈ | ကရင်ပြည်နယ် | ပကညော | |
| ၁၉ | | ဘွဲ | |
| ၂၀ | | ဂေဘား | |
| ၂၁ | | ပအိုဝ်း | |
| ၂၂ | | ပိုးကရင် | |
| ၂၃ | | ရှမ်း | |
| ၂၄ | | စကော | |
| ၂၅ | ချင်းပြည်နယ် | တီးတိန် | |
| ၂၆ | | ဟားခါး | |
| ၂၇ | | မတူ | |
| ၂၈ | | ငွန်း | |
| ၂၉ | | ဟွာလ်ငို | |
| ၃၀ | | မရာ | |
| ၃၁ | | ဥ(ပ်)ပူး | |
| ၃၂ | | ခေါင်စို | |
| ၃၃ | မွန်ပြည်နယ် | မွန် | |
| ၃၄ | | ပအိုဝ်း | |
| ၃၅ | ရခိုင်ပြည်နယ် | ရခိုင် | |
| ၃၆ | | ခမီ | |
| ၃၇ | ရှမ်းပြည်နယ် | ရှမ်း | |
| ၃၈ | | ပအိုဝ်း | |
| ၃၉ | | လားဟူ | |
| ၄၀ | | အာခါ | |
| ၄၁ | | တောင်ရိုး | |
| ၄၂ | | ကယန်း | |
| ၄၃ | | လီဆူ | |
| ၄၄ | | ကချင် | |
| ၄၅ | | ဓနု | |
| ၄၆ | | ဝ | |
| ၄၇ | စစ်ကိုင်းတိုင်းဒေသကြီး | ဂန်သဲချင်း | |
| ၄၈ | | ဇိုတုန်စာပေ | |
| ၄၉ | | ဟားခါးချင်း | |

*အချပ်ပို (၈) သို့*

*အချပ်ပို (ဆ) မှ*

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘာသာပြန်လူမျိုးစု | မှတ်ချက် |
|---|---|---|---|
| ၅၀ | | ပေါင်းညွှမ်နာဂ | |
| ၅၁ | | ဇိုစာပေ | |
| ၅၂ | | သျှမ်းနီ | |
| ၅၃ | | ကိုညတ်နာဂ | |
| ၅၄ | | ချိုစာပေ | |
| ၅၅ | | လိုင်းနောင်နာဂ | |
| ၅၆ | | ဖလမ်းစာပေ | |
| ၅၇ | | တီးတိန်ချင်း | |
| ၅၈ | | ရှမ်းနီ | |
| ၅၉ | | ဟွာလ်ငို | |
| ၆၀ | | လူရှိုင်း | |
| ၆၁ | မကွေးတိုင်းဒေသကြီး | ဟားခါး(ချင်း) | |
| ၆၂ | | အရှိုချင်း | |
| ၆၃ | | ဇိုတုန် | |
| ၆၄ | | ဉူ(ပ်)ပူး | |
| ၆၅ | မန္တလေးတိုင်းဒေသကြီး | လီဆူ(မြန်မာ) | |
| ၆၆ | | လီဆူ(ရောမ) | |
| ၆၇ | | ရှမ်း | |
| ၆၈ | | တအာင်း | |
| ၆၉ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | |
| ၇၀ | | ဆလုံ | |
| ၇၁ | | စကောကရင် | |
| ၇၂ | ရန်ကုန်တိုင်းဒေသကြီး | အရှိုချင်း | |
| ၇၃ | | ဉူ(ပ်)ပူးချင်း | |
| ၇၄ | | ခေါ်စို | |
| ၇၅ | | ဇိုတုန် | |
| ၇၆ | | ငွန်း | |
| ၇၇ | | ဒိုင်(ယင်ဒူး) | |
| ၇၈ | | စကောကရင် | |
| ၇၉ | | အနောက်ပိုးကရင် | |
| ၈၀ | | မွန် | |
| ၈၁ | | ပအိုဝ်း | |
| ၈၂ | | ကိုးကန့် | |
| ၈၃ | | ရှမ်း | |
| ၈၄ | ဧရာဝတီတိုင်းဒေသကြီး | အနောက်ပိုးကရင် | |
| ၈၅ | | စကောကရင် | |
| ၈၆ | | အရှိုချင်း | |

**IDP စခန်းများနှင့်တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်းနေရပ်စွန့်ခွာသူများအား (COVID-19)ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘာသာပြန်လူမျိုးစု | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဂျိန်းဖော | |
| ၂ | | ရဝမ် | |
| ၃ | | လော်ဝေါ် | |
| ၄ | | လီဆူ | |
| ၅ | ကရင်ပြည်နယ် | ပိုး | |
| ၆ | | စကော | |
| ၇ | ချင်းပြည်နယ် | ခေါင်စို | |
| ၈ | ရခိုင်ပြည်နယ် | ရခိုင် | |
| ၉ | | မြို | |
| ၁၀ | | ခမီ | |
| ၁၁ | ရှမ်းပြည်နယ် | ရှမ်း | |
| ၁၂ | | တအာင်း | |

**ရေတံခွန်တောင်သူပညာပေးအဖွဲ့က ဘာသာပြန်ပေးသော တိုင်းရင်းသားဘာသာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဘာသာပြန်လူမျိုးစု | မှတ်ချက် |
|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ကချင် | |
| ၂ | ကယားပြည်နယ် | ကယား | |
| ၃ | ကရင်ပြည်နယ် | စကော | |
| ၄ | | အရှေ့ပိုး | |
| ၅ | | အနောက်ပိုး | |
| ၆ | ချင်းပြည်နယ် | တီးတိန် | |
| ၇ | မွန်ပြည်နယ် | မွန် | |
| ၈ | ရခိုင်ပြည်နယ် | ရခိုင် | |
| ၉ | ရှမ်းပြည်နယ် | ရှမ်း | |
| ၁၀ | | ပအိုဝ်း | |
| ၁၁ | | ဓနု | |
| ၁၂ | မကွေးတိုင်းဒေသကြီး | အရှိုချင်း | |

# တိုင်းဒေသကြီး/ပြည်နယ်အလိုက် အခြေခံပညာကျောင်းများတွင် နေ့စားလပေး ဆရာ/ဆရာမ Teaching Assistant (TA) နှင့် ဘာသာရပ်သင်ဆရာ/ဆရာမ Language Teacher (LT) အဖြစ် ခန့်ထားသည့် အချုပ်စာရင်း

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ၂၀၁၇-၂၀၁၈ ခန့်ပြီး | | | ၂၀၁၉-၂၀၂၀ ခန့်ပြီး | | | ၂၀၁၉-၂၀၂၀ အတွင်း (၃၀၀၀၀ိ/-)စား (တင်ပြထားဆဲ) | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | | TA | LT | စုစုပေါင်း | TA | LT | စုစုပေါင်း | TA | LT | စုစုပေါင်း | |
| ၁ | ကချင်ပြည်နယ် | ၁၆၄ | ၁၇ | ၁၈၁ | ၆၀၁ | ၃၈ | ၆၃၉ | ၄ | | ၄ | |
| ၂ | ကယားပြည်နယ် | ၅၅ | ၃ | ၅၈ | ၁၅၆ | ၂၈ | ၁၈၄ | ၁၂ | | ၁၂ | |
| ၃ | ကရင်ပြည်နယ် | ၅၁၃ | ၃၂ | ၅၄၅ | ၈၀၅ | ၁၁ | ၈၁၆ | ၁၄၁ | ၁ | ၁၄၂ | |
| ၄ | ချင်းပြည်နယ် | ၄၇၅ | ၂၄ | ၄၉၉ | ၄၆၈ | | ၄၆၈ | ၃ | | ၃ | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၉၂ | ၁၂ | ၂၀၄ | ၅၁၈ | ၄၁ | ၅၅၉ | ၁၄ | | ၁၄ | |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁၃၆ | ၁၂ | ၁၄၈ | ၁၀၄ | ၄ | ၁၀၈ | ၇ | | ၇ | |
| ၇ | ပဲခူးတိုင်းဒေသကြီး(ရှေ့)+(နောက်) | ၃၄၈ | ၂၀ | ၃၆၈ | ၂၉၂ | | ၂၉၂ | ၁၃ | | ၁၃ | |
| ၈ | မကွေးတိုင်းဒေသကြီး | ၃၁၈ | ၁၆ | ၃၃၄ | ၈၂ | | ၈၂ | ၂ | | ၂ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆၇ | ၁၇ | ၈၄ | ၅၆ | ၂ | ၅၈ | | | | |
| ၁၀ | မွန်ပြည်နယ် | ၄၂၄ | ၃၉ | ၄၆၃ | ၃၉၈ | | ၃၉၈ | ၁၆ | | ၁၆ | |
| ၁၁ | ရခိုင်ပြည်နယ် | ၁၄၅ | ၅ | ၁၅၀ | ၁၄၈၂ | | ၁၄၈၂ | ၁၇၀၁ | | ၁၇၀၁ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၆၀ | ၁၈ | ၁၇၈ | ၁၂၇ | ၄ | ၁၃၁ | ၁ | | ၁ | |
| ၁၃ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ၂၉၂ | ၃၁ | ၃၂၃ | ၃၈၀ | ၅ | ၃၈၅ | ၄၈ | | ၄၈ | |
| ၁၄ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | ၂၈၈ | ၅၀ | ၃၃၈ | ၃၆၇ | ၁၄ | ၃၈၁ | ၇၂ | | ၇၂ | |
| ၁၅ | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ၁၂ | ၂ | ၁၄ | ၁၀၉ | ၁၉ | ၁၂၈ | ၈ | ၁ | ၉ | |
| ၁၆ | ဧရာဝတီတိုင်းဒေသကြီး | ၁၁၈၈ | ၇၉ | ၁၂၆၇ | ၉၇၇ | ၈ | ၉၈၅ | ၁၄ | | ၁၄ | |
| ၁၇ | နေပြည်တော် | ၆ | ၁ | ၇ | ၁၃ | ၁ | ၁၄ | | | | |
| | **စုစုပေါင်း** | ၄၇၈၃ | ၃၇၈ | ၅၁၆၁ | ၆၉၃၅ | ၁၇၅ | ၇၁၁၀ | ၂၀၅၆ | ၂ | ၂၀၅၈ | |